www.burmeseclassic.com

# ဝကားကောင်ဘေး

၏

# ဘဝအလှ ဝကားပဒေသာ



ဦးရေဒအောင်

www.burmeseclassic.com

www.burmeseclassic.com

### လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

## ပြည်သူ့ သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

ဖိုးရာဇာ | ပ
စာအုပ် | ၁၃၉



လုံ့လ ဝီရိယ ပညာ
ခ၊ ဝပ်ညောင်းလာ
လယ်သမား၊ စာသမား ဖိုးရာဇာ . . . ။

www.burmeseclassic.com

www.burmeseclassic.com

✿ စာနယ်ဇင်း ကြိုတင်ခွင့်ပြုချက်အမှတ် ၈၉၄/၂၀၀၃ (၆)
✿ မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် ၉၅၃/၂၀၀၃ (၈)

✿

ပုံနှိပ်ခြင်း

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်၊ (၅၀၀)

✿

ပန်းချီ - ကိုဇော်ဝင်း

✿

တန်ဖိုး - ၂၀၀/

✿

ထုတ်ဝေသူ

ဦးသန်းထွန်းအောင် (ယာယီ-၇၅၈) (ဖိုးရာဇာစာပေ)
အမှတ်(၃၃)၊ အခန်း(၁၀)၊ ယုဇနလမ်း၊ ရေကျော်
၈-ရပ်ကွက်၊ ပုဇွန်တောင်။

✿

အတွင်းပုံနှိပ်သူ

ဒေါ်ခင်သန်း၊ (မြ-၀၁၉၇၂) (ဆယ်သန်း ပုံနှိပ်တိုက်)
အမှတ် -၁၆၅၊ မြေညီထပ်၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

* စကားပြောဆိုရာ၌ စကားပြော ကြွယ်ဝသူ၊
ကျွမ်းကျင်လိမ္မာသူ ဖြစ်စေဖို့–
* မြန်မာစကား၏ အထားအသို၊ ဂုဏ်အင်္ဂါရပ်များကို
အကျွမ်းဝင် သိစေဖို့ –
* ဟာသအပြောများဖြင့် ဘဝအမောများကို
ပြေပျောက်စေဖို့ ရည်ရွယ်လျက် . . .

# စကားကောင်းစား
## ၏
# ဘဝအလှ
# စကားပဒေသာ

✿

ဖိုးရာဇာစာအုပ်တိုက်
အမှတ်(၃၃)၊ အခန်း(၁၀)၊ ယုဇနလမ်း၊ ရေကျော်
၈-ရပ်ကွက်၊ ပုဇွန်တောင်။

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ

၁။ စကားတော်စားနှင့် စာရေးတော်ကြီး
ကိုယ်များလျှင်ကိုယ်ခံ
သခင်စကား မြေဝယ်မကျ နားထောင်သူ
နှစ်လသား နေပါမည်
မုန့်အိုးကင်းကပ်စားမို့ အမြန်လာပါ
တယ်ခက်သကိုး
ကြည့်နေတာပါဘုရား
နှစ်လပြည့်ပြီ

၂။ စကားတော်စားနှင့် ချိုပါသား၊ ပခန်းသား
ကြောင်ဆို နှောင်မမေ့
သုံးမွှင့်ဆိုင် စကားနိုင်လုပွဲ

၃။ စကားတော်စားနှင့် ငွေတစ်ထင်းပြဿနာ
သေသူကို ရှင်စေသောနည်း
လူပွေလူရှုပ်တို့ကြား ဝင်မပါလေနှင့်
လောကသား အများကုဋေ





မြွေမြွေချင်းမို့ ခြေမြင်သည့်
အလိုကြီးတော့ အရနည်းသည်

၄။ ဓါးနှင့်ဆား လဲလိုက်သည်

၅။ ညဏ်တစားသည့် စကားတော်စား
အမတ်မိုက်
အလိုတော်ကျအတိုင်းပါ ဘုရား
ရေအယောင် လျှော့တော်မူပါလိမ့်မည်

၆။ ရေထွေးသံတမန် စကားတော်စား
စကားတော်စား၏ ပညာခန်းများ ( ၁ )
စကားတော်စား၏ ပညာခန်းများ ( ၂ )
စကားတော်စား၏ ပညာခန်းများ ( ၃ )

၇။ အဝိုင်စနှာ် တြေလိုက်ချင်
ကျေးဥနှင့်ဒေါ်ခါ
အကြီးသမားတို့ ဉာဏ်ကစားခြင်း
ပဲလှော်ကြားမှ ဆား



www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၈။ ဦးစိတ်ကောင်း စိတ်ထောင်းကိုယ်ကြေ

၉။ တူ့သေသာအကျိုးပေးခြင်း
သူ့ခိုးလက်မှ သူ့ဝက်လုခြင်း

၁၀။ မလိမ်ရ မစနှတတ်သူ

၁၁။ ပညာရှိ အဓယောင်ဆောင်
အတတ်ပြောသူ ၊ အတတ်ဟောသူ
ကျိုး ဘုတ်မြှောက် ၊ ဘုတ် ကျိုးမြှောက်

၁၂။ စကားတောင်စားနှင့် လေက်တို့၊ ညီ

နိဂုံး
သို့မဟုတ်
စာပေအာဟာရ

♠ ♠ ♠



# စကားတောင်စား၏
# ဘဝအလှ
# စကားပဒေသာ

## အခန်း (၁)
## "စကားတောင်စားနှင့် စာရေးတော်ကြီး"

နတ်တို့ပျော်စံရာ၊ တာဝတိံသာနတ်ပြည်တမျှ စည်ကားလှသည့် ရတနာပူရ အဝနေပြည်တော်သား ဖြစ်သော်လည်း စကားတောင်စားသည် ဆင်းရဲနွမ်းပါးသူဖြစ်၏။

စကားတောင်စား၏မိခင်က မုန့်သည်ဖြစ်၏။ဆင်းရဲနွမ်းပါးသော်လည်း ရိုးသားသူများတည်း။

စကားတောင်စားတွင် နှမအငယ်တစ်ဦးရှိ၏။ သူ့အမည်က "မနန်းစိန်"တည်း။ စကားတောင်စားနှင့် နှမငယ် မနန်းစိန် တို့သည် တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စကားတောင်စား ဆယ်နှစ်အရွယ်ကဖြစ်သည်။

တစ်နေ့တွင် မိခင်သည် စကားတောင်စားနှင့် နှမငယ် မနန်းစိန်ကိုခေါ်ကာ . . .

"ကဲ . . . သမီးနှင့်သားတို့ ၊ အမေ မုန့်ရောင်း ထွက်လိုက်ဦးမယ်၊ ဒီမုန့်ကလေးကို ဝေမျှစားကြနော်"

ဟုပြောကာ မုန့်သုံးချပ်အား ပေးခဲ့လေ၏။ စကား တောင်စားသည် မိခင်ပေးခဲ့သည့် မုန့်သုံးချပ်ကိုကိုင်ကာ ငိုင်နေမိ၏။

"ဒီမုန့်သုံးချပ်ကို ငါတို့ ဘယ်လိုဝေမျှစားရမလဲ"

ဟု စဉ်းစားနေမိ၏။ နှမငယ်မနန်းစိန်ကလည်း မုန့် ကို တလှည့်၊ အစ်ကိုဖြစ်သူကို တလှည့် မျက်လုံးအဝိုင်းသား ကလေးနှင့် ကြည့်နေ၏။

အတန်ကြာမှ . . .

"အစ်ကိုကြီး ၊ ညီမလေးတို့ ဒီမုန့်သုံးချပ်ကို ဘယ်လို စားကြမလဲ" ဟုမေး၏။

"ဟုတ်ပါ့ ညီမလေးရယ်။ မုန့်က နှစ်ချပ်ဆိုရင် လည်း အကြောင်းမဟုတ်ဘူး။ ခု မုန့်က သုံးချပ်ဖြစ်နေတော့ အစ်ကိုဘယ်လို ဝေရရင်ကောင်းမလဲလို့ စဉ်းစားနေတာ"

"တစ်ယောက်တစ်ခုစီ စားရင်လည်း မုန့်က တစ်ခု





ပိုနေဦးမှာနော်"

"ဟုတ်ပါ့ ညီမလေးရယ်"

စကားတောင်စားသည် ညည်းညည်းညူညူ ပြော လိုက်၏။ မုန့် အဝေခက်သဖြင့် စိတ်ညစ်နေကြ၏။

"အစ်ကိုကြီး မဝေတတ်ဘူးလား။ ညီမလေးလည်း ဆာလှပြီ" ဟု မနန်းစိန်က ပြော၏။ စကားတောင်စား ဘာလုပ်ရမည်မသိ။ မုန့်ကိုတလှည့် ၊ ညီမငယ်ကို တလှည့် ကြည့်နေ၏။

ထို့ကြောင့်လည်း သူတို့နားသို့ စာရေးတော်ကြီး နေမျိုးကျော်ထင် ရောက်လာသည်ကို မသိလိုက်ပေ။ စာရေး တော်ကြီးက မုန့်ကိုင်ကာ ငိုင်နေကြသည့် စကားတောင်စားတို့ မောင်နှမကို ကြည့်ကာ . . .

"ဟဲ့ . . . ဒီမောင်နှမ မုန့်သုံးချပ်ကိုင်ပြီး ဘာငိုင်နေ ကြတာလဲ"

ဟု မေးလိုက်မှ မောင်နှမနှစ်ယောက် အသိဝင် လာသည်။

"ဘာမှမဖြစ်ပါဘူး ခင်ဗျာ။ အမေက မုန့်သုံးချပ် ပေးခဲ့တာကို ဘယ်လိုဝေမျှစားရမှန်း မသိလို့ စဉ်းစားနေတာ ပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားတောင်စားပြောလိုက်သည့်စကားကို ကြားလျှင် စာရေးတော်ကြီး ပြုံးလိုက်ပြီး . . .

"သြော် . . . ဒီမောင်နှမနှစ်ယောက် မုန့်သုံးချပ်ကို အဝေမတည့်မှာစိုးလို့ စိုးရိမ်နေကြသကိုး။ ဒါဆိုလည်း စဉ်းစားမနေနဲ့။ ဦးကြီး ညီမျှအောင်ခွဲပေးပါ့မယ်"

ဟုပြောပြီး စကားတောင်စားလက်တွင်းမှ မုန့်သုံးချပ်ကို ယူကာ စကားတောင်စားကို မုန့်တစ်ချပ် ၊နှမငယ်မနန်းစိန်ကို မုန့်တစ်ချပ်ပေး၏။ ကျန်မုန့်တစ်ချပ်ကို အလယ်ဗဟိုကျကျခွဲ၍၊ တစ်ယောက်ကို တစ်ခြမ်းပေးလိုက်၏။

စကားတောင်စားသည် စာရေးတော်ကြီး နေမျိုးကျော်ထင် မုန့်ခွဲဝေပေးမှုကို ကြည့်ရင်း ကြည်နူးဝမ်းမြောက်ခံစားရ၏။ သူ့စိတ်ထဲတွင်လည်း . . .

"အင်း . . . ငါသာ စာရေးတော်ကြီးအိမ်မှာ နေရရင်၊ အစစအရာရာ အလိမ္မာတွေ တိုးနိုင်သလို၊ ပညာလည်းရမှာပဲ"

ဟု တွေးမိ၏။

ထို့ကြောင့် စကားတောင်စားသည် မိခင်မုန့်ရောင်းမှပြန်လာလျှင် မိခင်ရင်ခွင်ရိပ်ညိုတွင် ခိုဝင်ပြီး . . .

"အမေရယ် . . . စာရေးတော်ကြီးဟာ ပညာရှိကြီးပဲ။ သူနဲ့ အတူနေရရင် သားအတွက် အကျိုးရှိမှာ အမှန်ပဲ။





သားကို အပ်ပေးပါလား အမေရယ်"

ဟု ပူဆာ၏။

"သားက စာရေးတော်ကြီးအိမ်မှာ နေပြီး၊ ပညာသင်ချင်လို့လား။ သူတစ်ပါးအိမ်မှာနေရင်၊ သူတစ်ပါး အလိုက်လည်း သိရမှာနော်"

"စိတ်ချပါ အမေ။ သား ကြိုးစားမှာပါ"

"ကောင်းပြီလေ။ ဒါဆို အမေ အပ်ပေးပါ့မယ်"

ဟု ပြောပြီး၊ ညနေ နေညိုသန်းချိန်တွင် စကားတောင်စားလက်ကိုဆွဲကာ စာရေးတော်ကြီး အိမ်သို့ သွား၏။ စာရေးတော်ကြီး အိမ်သို့ရောက်လျှင် . . .

"စာရေးတော်ကြီးရဲ့အိမ်မှာ ဒီက သားကလေးက နေချင်တယ် ဆိုလို့ စာရေးတော်ကြီးထံ လာအပ်တာပါ"

ဟု ရိုကျိုးစွာ ပြော၏။

စာရေးတော်ကြီးက ပြုံးလျက် . . .

"သြော် . . . သူငယ်က ဦးကြီးအိမ်မှာ နေချင်သလား။ ဘာကြောင့်နေချင်သလဲကွဲ့"

"ကျွန်တော် ဦးကြီးဆီမှာ နေချင်တာ အလိမ္မာနဲ့ပညာတိုးချင်လို့ပါ"

"အိမ်း . . . ဒါဆို ကောင်းသပကွယ်။ သူငယ်က



www.burmeseclassic.com

ဘယ်လောက်ကြာကြာ နေမယ်လို့ စိတ်ကူးသလဲ"

"နှစ်လလောက်ပဲ နေမယ်လို့ ဆုံးဖြတ်ထားပါတယ်"

"အိမ်း . . . ဒီလိုဆိုလည်း ကောင်းသကွဲ့"

ဟု ပြောကာ စကားတောင်စား၏မိခင်ကို ကြည့်ကာ

"ကဲ . . . ခင်ဗျားလည်း စိတ်အေးတော့။ ခင်ဗျား သားကို ကျုပ်ခေါ်ထားပြီး လိမ္မာရေးခြား စကားကြွယ်သူ ဖြစ်အောင် ကျုပ် သွန်သင်ဆုံးမပေးပါ့မယ်"

ဟု ပြော၏။

"ကျေးဇူးပါပဲ စာရေးတော်ကြီးရယ်"

"ကဲ . . . ဒါဆိုလည်း စိတ်ချလက်ချသာ ပြန်ပေတော့"

ထိုအခါ မုန့်သည်မသည် သား၏ အနာဂတ်ကို ကြိုတင်မျှော်တွေးရင်း ပီတိနှင့် အိမ်သို့ပြန်ခဲ့လေသတည်း။

♠ ♠ ♠



"ကိုယ်မှားလျှင် ကိုယ်ခံ"

တစ်နေ့သ၌ စာရေးတော်ကြီးသည် စကားတောင်စားကို ခေါ်၍ . . .

"စကားတောင်စား၊ ဒီကနေ့ ငါ လွှတ်တော်ကို သွားရင် လိုက်ခဲ့" ဟု ဆို၏။

"ဟုတ်ကဲ့"

ဟု ရိုကျိုးစွာ ဆို၏။

စာရေးတော်ကြီး လွှတ်တော်သို့ သွားခါနီး . . .

"စကားတောင်စား၊ ဒီကွမ်းအစ်နဲ့ ဆေးလိပ်ထုပ်ပုဝါကို ယူပြီး ငါနဲ့လိုက်ခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောရာ . . .

"ဟုတ်ကဲ့"

ဟု ပြောပြီး လိုက်ခဲ့၏။ စာရေးတော်ကြီးက မြင်းကို မှန်မှန်စီးကာ ရှေ့မှသွားပြီး၊ စကားတောင်စားက နောက်မှ လိုက်ရ၏။မြင်းက ဖြည်းဖြည်းမှန်မှန် သွားသော်လည်း စကားတောင်စား လိုက်၍မမီချေ။ နောက်မှ ပြတ်၍ ကျန်ခဲ့၏။

စာရေးတော်ကြီး လွှတ်ရုံးသို့ရောက်သော်လည်း စကားတောင်စား မရောက်သေး။

"အို . . . ဒီသူငယ် ဘယ်မှာကျန်ခဲ့ပါလိမ့်"

ဟု တွေးရင်း လှေကားရင်းမှ စောင့်နေ၏။ မကြာမီ စကားတောင်စား ရောက်လာ၏။ စာရေးတော်မင်းက ဝေ့ကနဲ ကြည့်ရင်း . . .

"ဟဲ့ . . . မောင်မင်း စကားတောင်စား၊ မင်း နောက်ကျလှချည်လား။ သခင်သွားလေရာ ထပ်ချပ်မကွာ ပါရ မယ်ဆိုတာ မသိဘူးလား"

ဟု မေးလျှင် ရိုကျိုးစွာဖြင့် . . .

"ကျွန်တော် မသိလို့ နောက်ကျခဲ့ပါတယ် စာရေး တော်ကြီးမင်း။ နောက်တစ်ခါ ထပ်ချပ်မကွာ ပါရစေရပါမယ်"

ဟု ပြော၏။





"အိမ်း . . . မင်း စကားကို မင်း မြဲမြဲမှတ်ထား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

♠ ♠ ♠

သို့နှင့် နောက်တစ်နေ့တွင် စကားတောင်စားသည် စာရေးတော်ကြီးမင်းနှင့်အတူ ကွမ်းအစ်ကို ဆေးလိပ်ထုပ်ပုဝါ နှင့် ထုတ်လျက် မုခ်ုံးတွင်တင်ကာ မြင်းစီးကို ဆွဲ၍လိုက်ရ၏။

မြင်းက ပြေးလျှင် အပြေးလိုက်ရ၏။

ယင်းသို့ အပြေးလိုက်ရသည့်အခါ ဆေးလိပ်ထုပ် များက ပြေ၍ကျကုန်၏။ ပြန်ကောက်ရန်ပြင်စဉ် မြင်းက ပြေး သဖြင့် ခုက္ခကြုံ၏။

"ပြေကျနေတဲ့ ဆေးလိပ်တွေကို တစ်လိပ်ချင်း လိုက် ကောက်နေရင် ငါ ဘယ်လိုမှ စာရေးတော်ကြီးမင်းကို မီမှာ မဟုတ်ဘူး။ မမီလို့ ကျန်ခဲ့ရင် အဆူခံရဦးမယ်။ ငါ့ကို သတိ ပေးထားတော့ နောက်ကျခံလို့ မဖြစ်ဘူး"

ဟု စဉ်းစားမိလျှင် ပြေကျသွားသော ဆေးလိပ်တို့ကို မကောက်တော့ဘဲ မြင်းကိုသာ အမှီလိုက်ခဲ့၏။ မြင်းကို အမီ လိုက်ရသဖြင့် ဆေးလိပ်တို့သာမဟုတ်၊ ကျုံးထိပ်သို့ ရောက် လျှင် ကွမ်းအစ်ပါ ကျသွားလေ၏။

"အို . . . ဒါလည်း ကောက်လို့မဖြစ်ဘူး။ "သခင်နဲ့



www.burmeseclassic.com

ထပ်ချပ်မကွာ ပါရမယ်" ဆိုတဲ့စကားကို ငါ အစိကနားထောင်ရမယ်"

စကားတောင်စားသည် မြင်းနောက်သို့သာလိုက်၏။ ထို့ကြောင့် စာရေးတော်ကြီးမင်း လွှတ်တော်သို့ရောက်လျှင် စကားတောင်စားလည်း ရောက်၏။

စာရေးတော်ကြီးမင်းသည် လွှတ်တော်သို့ ရောက်လျှင် ခံတွင်းချဉ်လာပြီး ကွမ်းစားလိုစိတ် ပြင်းထန်ခဲ့၏။

"ဟဲ့ . . . စကားတောင်စား၊ ငါ ကွမ်းစားလိုလှတယ်။ ကွမ်းအစ် ယူလာစမ်း"

ဟုဆို၏။

စကားတောင်စားက ရိုကျိုးစွာဖြင့် . . .

"အရှင် စာရေးတော်ကြီးမင်း၊ အရှင်က "သခင်နှင့် ထပ်ချပ်မကွာ ပါရမည်"ဟု မိန့်မှာခဲ့သည့်အတိုင်း လိုက်နာခဲ့ရသဖြင့် လမ်းတွင် ကွမ်းအစ်ကျခဲ့သည်ကို သိပါလျက် မကောက်နိုင်ခဲ့ပါ။ ထို့အတူပင် ဆေးလိပ်များ ကျကျန်ခဲ့သည်ကိုလည်း မကောက်နိုင်ခဲ့ပါ"

ဟု လျှောက်ထား၏။ စကားတောင်စား၏ စကားကို ကြားလျှင် အလွန်တရာ ဒေါသဖြစ်သွားရ၏။ ထို့ကြောင့် ဒေါသတကြီး ကြည့်လိုက်ပြီး . . .





"ဟယ် . . . ညံ့လိုက်တဲ့ တပည့်။ တပည့်ကောင်းတို့မည်သည် ကိုယ့်သခင်၏ပစ္စည်းနှင့် ပတ်သက်၍ သတိထားရ၏။ တန်ဖိုးထားရ၏။ ကိုယ့်သခင်၏ပစ္စည်းမှန်လျှင် မစင်တုံးပင်ဖြစ်စေ၊ မပျောက်ရှရအောင် စွမ်းဆောင်နိုင်ရမည်"

ဟု ဆိုလျှင် စကားတောင်စားက . . .

"မှန်လှပါ စာရေးတော်မင်းကြီး၊ ကျွန်တော်မျိုး မသိသောကြောင့် မှားခဲ့မိပါသည်။

ဟု တောင်းပန်သဖြင့် ခွင့်လွှတ်ရ၏။ အပြန်တွင် စကားတောင်စားသည် မြင်းနောက်မှပင် လိုက်မြဲလိုက်ရ၏။

♠ ♠ ♠



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

### "သခင်စကား မြွေဝယ်မကျ နားထောင်သူ"

တစ်နေ့သ၌ စကားတောင်စားသည် စာရေးတော်ကြီးမင်းနှင့် နန်းတော်သို့ လိုက်ခဲ့၏။ လိုက်သည့်အခါတွင်လည်း အခါတိုင်းက ကဲ့သို့ မြင်းမြီးကို ဆွဲကာ မြင်းနောက်မှ လိုက်ရ၏။ "သခင်ပစ္စည်း မှန်လျှင် မစင်တုံးပင် မပျောက်စေရ" ဆိုသည့်စကားကို အမြဲနာကြား သတိရနေ၏။

"ဒီတစ်ခါတော့ ငါ မှားလို့ မဖြစ်ဘူး"

ဟု တွေးမိ၏။

သို့ဖြင့် လမ်းခရီးတစ်ဝက်သို့ ရောက်လျှင် မြင်းသည် မစင်စွန့်ရန် အမြီးကိုကြွသည်ကို မြင်လျှင် . . .





"ဟာ . . . ငါ့သခင်ရဲ့မြင်း မစင်စွန့်တော့မယ်။ ငါ ဖိတ်စင်ခံလို့ မဖြစ်ဘူး"

ဟု တွေးပြီး ကွမ်းအစ်ဖုံးကို ဆွဲယူကာ မြင်းချေးကို ခံယူ၏။

မြင်း ချေးပါတိုင်း ခံယူပြီး ကွမ်းအစ်တွင်းသို့ ထည့်လာ၏။

သို့နှင့် စာရေးတော်ကြီးမင်း လွှတ်ရုံးတော်သို့ ရောက်၏။

မင်းပရိသတ်တို့လည်း ဆုံနေပြီ။

စာရေးတော်ကြီးမင်းသည် ကွမ်းကြိုက်သဖြင့် ကွမ်းစားလို၍ ကွမ်းအစ်ကို တောင်းပြီး ပရိသတ်ရှေ့တွင် ဖွင့်၏။

"အို"

စာရေးတော်ကြီးမင်း အံ့ဩရ၏။

ပရိသတ်တို့လည်း ကွမ်းအစ်တွင်း၌ မြင်းမစင်တုံးများ မြင်လျှင် ဝိုင်း၍ ရယ်မောကြ၏။

"အို . . . စာရေးတော်မင်းကြီး၊ ကွမ်းအစ်တွင်းမှာ မြင်းချေးတွေ ရောက်တာ ထူးခြားတာပဲ"

ဟု ဆို၏။ စာရေးတော်ကြီးမင်းသည် ဘာမျှမပြော။ "လူကြီးရှက်တော့ ရယ်" ဆိုသည့်စကားနှယ် ရှက်ရယ်, ရယ်

ဖြိုးကျော စာပေ

www.burmeseclassic.com



ရင်း စကားတောင်စားကို ခေါ်၏။

"ကျွန်တော် ရောက်ပါပြီ အရှင်"

ဟု ရိုကျိုးစွာ ဆို၏။

"ကဲ . . . ပြောစမ်းပါဦး။ ကွမ်းအစ်ထဲမှာ မြင်းချေးတွေ ထည့်ထားတာ ဘာသဘောလဲ"

ဟု မေး၏။

"မှန်လှပါအရှင်။ ကွမ်းအစ်တွင်း မြင်းချေး ရောက်ရခြင်းသည် သခင့်စကားကို မြေဝယ်မကျ နားထောင်ခြင်း မည်ပါ၏။ သခင်မှ "ကိုယ့်သခင်၏ ပစ္စည်းကို မစင်တုံးပင် ဖြစ်စေ၊ မပျောက်ပျက်အောင် ထိန်းရမည်" ဆိုသောစကား အတိုင်း သခင်ပိုင်ဖြစ်သည့် မြင်းမှ မြင်းချေးများ မပျောက် အောင် ထိန်းသိမ်းခဲ့ခြင်း ဖြစ်ပါသည် အရှင်"

စာရေးတော်ကြီးမင်းသည် စကားတောင်စား၏ စကားကို ကြားလျှင် စိတ်ဆိုးရ အခက်ဖြစ်သွား၏။

"တယ်"

ဟု ညည်းပြီး ထလိုက်၏။ ထို့နောက် . . .

"ဟဲ့ . . . စကားတောင်စား၊ သင် ယနေ့မှစ၍ ငါ့နောက် လိုက်ရန် မလိုတော့။ အိမ်မှာသာ နေတော့"

ဟု ဆို၏။





ကောင်းပါပြီ အရှင်"

ထို့နောက် ရက်ရှည်လများ အိမ်မှာနေရလေ၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

၄

## "နှစ်လသာ နေပါမည်"

တစ်နေ့သ၌ စာရေးတော်ကြီးမင်းသည် စကားတောင်စားကို ခေါ်၏။

"မောင်မင်း၊ မောင်မင်းက စကားကိုကာပ်သပ်ပြောသူဖြစ်၏၊ ယခု မောင်မင်းကို ငါ စကားတစ်ခု ပြောမည်"

ဟု ပြော၏။

"ပြောပါ အရှင်"

"မင်းအမေ ကျွန်ုပ်ထံသို့ မောင်မင်းအား လာရောက်အပ်နှံစဉ်က မောင်မင်းကိုယ်တိုင် စကားတစ်ခု ပြောခဲ့သည်ကို မှတ်မိသလော"





"ကျွန်ုပ် မမေ့တတ်ပါ"

"အိမ်း . . . ဒါဆို မောင်မင်း ကျွန်ုပ်ထံတွင် နှစ်လသာ နေမည်ဟု ပြောခဲ့သည်ကိုကော မှတ်မိမှာပေါ့"

"မှတ်မိပါသည် အရှင်"

"ဒါဆို မောင်မင်းကို ကျွန်ုပ် ပြောမည်။ မောင်မင်း ကျွန်ုပ်ထံ၌ နှစ်လနေမည်ဟု ပြောသည်။ ယခု မောင်မင်း နေသည်မှာ "နှစ်လ" မကတော့။ နှစ်,နှစ်ခန့် ရှိပေပြီ။ ကျွန်ုပ် မောင်မင်းကို လက်ခွဲခြင်းမပြုတော့။ မောင်မင်းအိမ်သို့ မောင်မင်း ပြန်နိုင်ပြီ"

ဟု ဆိုလျှင် စကားတောင်စားက . . .

"အရှင်၊ အရှင့်ကို ကျွန်ုပ် စကားတစ်ခု ပြောချင်ပါသည်။ ခွင့်ပြုပါ"

ဟု ဆို၏။

"ဘာပြောချင်သလဲ။ ပြော"

"အရှင်အား ကျွန်ုပ်၏နှုတ်မှ နှစ်လသာ နေမည်ဟု ပြောခဲ့သည်မှာ မှန်ကန်ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ စကားတည်စေရန်၊ အဆောင်အမြဲ ကောင်းကင်မှ လ,ကို ကြည့်ပါသည်။ လ,တစ်လသာ မြင်ရပြီး၊ တစ်ခါဖူးမျှ ကျွန်ုပ်မျက်စေ့နှင့် နှစ်လ မမြင်သေးပါ။နှစ်လမြင်လျှင် ကျွန်ုပ် သွားမည်ဟု ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ကတိပေးပါသည်"

ဟု ပြောလိုက်လေလျှင် စိတ်ဆိုးနေသော စာရေးတော်ကြီးမင်းသည် စိတ်ဆိုးသည်ကို သတိမရပဲ၊ အလွန်သဘောကျဟန်ဖြင့် တဟားဟား ရယ်လိုက်လေတော့သတည်း။ ။

♠ ♠ ♠



## "မုန့်အိုးကင်းကပ်စားဖို့ အမြန်လာပါ"

တစ်နေ့သ၌ စာရေးတော်ကြီးမင်းကတော်သည် အိမ်တော်သားများအား . . .

"ဒီကနေ့ ငါတို့များ မုန့်လုပ်စားရအောင်"

ဟု ပြော၏။

"ဘာလုပ်စားချင်ပါသလဲ သခင်မကြီး"

"ငါကတော့ မုန့်အိုးကင်းကပ် လုပ်စားချင်တယ်"

"ဒါဖြင့် ကျွန်တော်မျိုးမတို့ စီစဉ်လိုက်ပါ့မယ်"

ထို့နောက် စာရေးတော်ကြီးမင်းကတော်နှင့် အိမ်တော်သားများ မုန့်အိုးကင်းကပ် လုပ်စားကြ၏။ စာရေး



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးမင်းကတော်က မုန့်အိုးကင်းကပ်မုန့်စားရင်း ခင်ပွန်းဖြစ်သူကို သတိရ၏။ ခင်ပွန်းဖြစ်သူကိုလည်း စားစေချင်၏။

ထို့ကြောင့် စာရေးတော်ကြီးမင်းကတော်သည် စကားတောင်စားကို ခေါ်၏။

"ဟဲ့ . . . စကားတောင်စား၊ နန်းထဲကိုသွားနေတဲ့နင့် သခင်ကြီးကို မုန့်အိုးကင်းကပ်စားဖို့ သွားခေါ်ချေ"

ဟု စေခိုင်း၏။

"ဟုတ်ကဲ့၊ ကျွန်တော်မျိုး အခုပဲ သွားခေါ်လိုက်ပါ့မယ်"

ဟု ပြောပြီး အိမ်မှ အပြေးထွက်ခဲ့၏။

လွှတ်တော်သို့ရောက်လျှင် လေ့ကားဦးမှစ၍ . . .

"စာရေးတော်ကြီးမင်း၊ စာရေးတော်ကြီးကတော်က မုန့်အိုးကင်းကပ်မုန့်စားရင် အမြန်ပြန်လာဖို့ အခေါ်လွှတ်လိုက်ပါတယ်"

ဟု ကျယ်လောင်စွာ ခေါ်၏။

တရုဖင်နားသို့ရောက်လျှင် အသံမြှင့်၍ . . .

"စာရေးတော်ကြီးမင်း၊ စာရေးတော်ကြီးကတော်က မုန့်အိုးကင်းကပ်စားရန် အမြန်ပြန်လာဖို့ အခေါ်လွှတ်လိုက်ပါတယ်"





ဟု အော်လျှင် မင်းပရိသတ်များက တအံ့တဩ ကြည့်ကြ၏။ စကားတောင်စားက တစ်ခါနှင့်တစ်ခါ ပို၍ပို၍ ကျယ်လောင်စွာ အော်၏။ မင်းပရိသတ်များ ပြုံးကြ၏။ အချို့က စာရေးတော်ကြီး မင်းကို ကြည့်ကာ . . .

"စာရေးတော်ကြီးမင်းတို့အိမ်က မုန့်အိုးကင်းကပ်စားဖို့ အခေါ်လွှတ်နေပါလား"

ဟု ဆိုကာ ရယ်ကြ၏။

စာရေးတော်ကြီးမင်းသည် ရှက်ကိုးရှက်ကန်းနှင့် ထ၏။

ထို့နောက် စကားတောင်စားအား တော်ရာသို့ ခေါ်သွားပြီး ထိပ်ကို ပုတ်၏။

"ဟဲ့ . . . စကားတောင်စား၊ ငါ့ကို မင်းပရိသတ် လူပုံအလယ်မှာ အရှက်ရအောင် မုန့်အိုးကင်းကပ်စားဖို့ ခေါ်တာလား"

ဟု မေး၏။

"မဟုတ်ပါဘူး အရှင်။ စာရေးတော်ကြီးကတော် ခိုင်းလို့ ခေါ်ရတာပါ"

"အိမ်း . . . ဒါဆိုလည်း နောက်ကို မှတ်ထား။ မင်းပရိသတ်အလယ်မှာ ဒီလို ကျယ်ကျယ်လောင်လောင် အော်



www.burmeseclassic.com

www.burmeseclassic.com



မပြောရဘူး။ လူမသိအောင် မျက်ရိပ်၊ မျက်ခြေ၊ မျက်စနဲ့ ခေါ်ရမယ်။ ကြားလား"

"ကောင်းပါပြီ အရှင်။ နောင်အခါ အရေးကိစ္စ ကြုံလျှင် ဒီလို မခေါ်တော့ပါဘူး။ အရှင်မှာတဲ့အတိုင်း မျက်ရိပ်၊ မျက်ခြေ၊ မျက်စနဲ့ ခေါ်ပါမယ်"

ဟု ဖြေ၏။

♠ ♠ ♠



## "တယ်ခက်သကိုး"

တစ်ခါက စာရေးတော်ကြီးမင်း၏အိမ်နှင့် မနီးမဝေးတွင် မီးလောင်မှုတစ်ခု ဖြစ်၏။ ထို့ကြောင့် စာရေးတော်ကြီးမင်း၏အိမ်မှာ ရှိနေသော စာရေးတော်ကြီးကတော်နှင့်အိမ်သားများသည် အိမ်ထောင်မှုပစ္စည်းများ၊ ပရိဘောဂများကို သယ်ထုတ်ကြရ၏။

စာရေးကတော်ကြီးက . . .

"ဟဲ့ . . . ပေါ့ပေါ့ပါးပါးတွေကို အဓိက ထားသယ်ကြ"

ဟု ဆို၏။ စာရေးကတော်ကြီးစကားမှာ အဖိုးတန်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများသာ သယ်ယူရန် ဆိုသောစကား ဖြစ်သည်ကို အများသိသဖြင့် အဖိုးတန်ပစ္စည်း ပေါ့ပေါ့ပါးပါးများကို သယ်ကြ၏။

စကားတောင်စားကမူ စာရေးတော်ကတော် ပြောသည့်စကားများကို ကြားလျှင် အိမ်အောက်တွင်ရှိသော ဖွဲတောင်းများဆီသို့ ပြေးသွား၏။ ဖွဲတောင်းများကို ချီမ သယ်ထုတ်၏။

ထိုမြင်ကွင်းကို စာရေးတော်ကြီးကတော် မြင်လျှင်

"ဟဲ့ . . . စကားတောင်စား ဘာကြောင့် ဖွဲတောင်းတွေကို သယ်ထုတ်နေသလဲ"

ဟု မေး၏။

"အရှင်မကြီးက ပေါ့ပေါ့ပါးပါးကို သယ်ဆို၍ သယ်ပါသည်"

ဟု ဖြေလျှင်၊ မျက်စောင်းတစ်ချက် ကဲလိုက်ပြီး . .

"ကဲ . . . မင်း မသယ်နဲ့တော့။ စာရေးတော်ကြီးကိုသာ အမြန်သွားခေါ်ချေ"

ဟု ပြောလိုက်၏။

"ဟုတ်ကဲ့၊ ကောင်းပါပြီ"

♠ ♠ ♠





စကားတောင်စား နန်းတော်သို့ လာ၏။ နန်းတော်ဦးသို့ ရောက်လျှင် လှေကားတော်ဦးတွင် ထိုင်ပြီး မျက်စပစ်၍ နေ၏။

အချိန်တို့ တရွေ့ရွေ့ ကုန်သွားသော်လည်း စကားတောင်စား မျက်စပစ်နေဆဲ။

သို့နှင့် အချိန်ကုန်သွားလျှင် စာရေးတော်ကြီး အပြင်သို့ ထွက်လာသော် စကားတောင်စား လှေကားတော်ဦးတွင် ထိုင်ကာ မျက်စပစ်နေသည်ကို တွေ့၏။

"ဟဲ့ . . . ဘာကြောင့် မျက်စချည်း ပစ်နေသနည်း။ စကားတောင်စား"

ဟု စာရေးတော်ကြီးမင်းက မေး၏။

စကားတောင်စားက စာရေးတော်ကြီးမင်းနားသို့ ကပ်ကာ . . .

"မီးလောင်နေလို့ပါ အရှင်" ဟု ဖြေ၏။

စာရေးတော်ကြီးမင်း စိတ်ပူသွား၏။

"ဟဲ့ . . . မီးက ဘယ်အချိန်လောင်တာလဲ"

မေးရင်း အပြင်ကို ထွက်ကြည့်၏။ မီးခိုးကိုပင် မမြင်ရ။

"မီးခိုးတောင် မမြင်ရပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မိးက နေ့ခင်းက လောင်တာပါ"

"ဟ . . . ဒါဆို အခုမှ ဘာကြောင့် လာပြောတာလဲ။ မင်းရောက်နေတာကော ဘယ်လောက်ကြာပြီလဲ"

"ကျွန်တော် ရောက်တာကြာပါပြီ အရှင်။ အရှင်က မျက်စပစ်၍ခေါ်ရမည်ဟု ပြောထားသဖြင့် ရောက်ကတည်းက မျက်စပစ် ခေါ်ခဲ့ပါသည်"

"ဘာ . . . မင်း တယ်ခက်သကိုး"

ဟု စာရေးတော်ကြီးမင်း ညည်းညူရင်း အိမ်သို့ ပြန်လေ၏။

အိမ်သို့ ပြန်ရောက်လျှင် မီးက တစ်အိမ်တည်းနှင့် ငြိမ်းသွားသဖြင့်၊ ပစ္စည်းပစ္စယများပင် ပြန်သယ်၍ ထားပြီးကြောင်း သိရ၏။

စာရေးတော်ကြီးမင်း ပြန်လာသည်ကို တွေ့ရလျှင် စာရေးတော်ကြီးမင်းကတော်က ငိုပြီး . . .

"ရှင်က အတော် အားကိုးရသကိုး။ နေ့ခင်း မီးလောင်လို့ ခေါ်ခိုင်းတာ၊ ခုမှ ပြန်ရောက်လာတယ်။ မီးသာ မငြိမ်းသွားရင် အခုဆို ပြာပုံပဲ တွေ့ရမှာ"

ဟု ပြစ်တင်သံနှင့် ဆို၏။

ထိုအခါ စာရေးတော်ကြီးမင်းက . . .





"အဲဒါ . . . ဒီကောင့်ကြောင့်ပေါ့။ မီးလောင်တာ လာမခေါ်ဘဲ မျက်စချည်း ပစ်နေတယ်။ ဒီတော့ ငါ ဘယ်မြင်မလဲ။ ဒါကြောင့် နောက်ကျတာပေါ့" ဟု ပြော၏။

ထိုအခါ စာရေးတော်ကြီးမင်းက . . .

"စကားတောင်စား၊ မင်းဟာ အိမ်မှာလည်း အသုံးမကျသလို၊ စကားလည်း ကပ်လွန်းလှတယ်။ သင့်ကို အိမ်မှာ မထား ဘိုတော့ဘူး" ဟု ဆို၏။

စကားတောင်စားက . . .

"စိတ်ချပါ အရှင်။ ကောင်းကင်မှာ လ,နှစ်လ မြင်တာနဲ့ ကျွန်တော် ဆင်းသွားမယ်ဆိုတာ ယုံပါ"

ဟု ပြောလိုက်လေသတည်း။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "ကြည့်နေတာပါ ဘုရား"

တစ်နေ့သ၌ စာရေးတော်ကြီးကတော်သည် ဈေးဝယ်ရန် ကိစ္စရှိသဖြင့် ကလေးကို သိပ်၏။ ကလေးကို ပုခက်တွင် ထည့်သိပ်ပြီး စကားတောင်စားကို ခေါ်၏။

"အမိန့်ရှိပါ အရှင်မ"

"အိမ်အတွက် ဈေးဝယ်စရာရှိလို့ ငါ ဈေးသွားဦးမယ်။ နင် ကလေးကို အသေအချာ ကြည့်ထား။ ကြားလား"

ဟု ဆို၏။

"ဟုတ်ကဲ့၊ စိတ်ချပါ။ ကျွန်တော် ကြည့်ထားပါ့မယ်"

ထို့နောက် စာရေးတော်ကြီးကတော် ဈေးသို့





ထွက်သွား၏။

အတန်ကြာလျှင် . . .

"ဝါး . . . ဝါး . . . "

ဟု အော်ငိုရင်း ကလေးနိုးလာ၏။

"ကလေးတောင် နိုးပြီပဲ။ ငါ့ကို ကြည့်ခိုင်းတာ။ ကြည့်နေမှ"

ကလေးက ငိုရင်း လူးလွန့်လိုက်၏။ ခုနှိုးကနဲ ကြမ်းပြင်ပေါ်သို့ ကျ၏။ ကလေးသည် ပို၍ ကျယ်လောင်စွာ ငို၏။

စကားတောင်စားသည် ချီခြင်း၊ ချော့ခြင်း မပြုပါ။ လက်ပိုက်၍ ကလေးကို စူးစူးစိုက်စိုက် ကြည့်၏။

ကလေးသည် ငိုရင်း လေးဘက်ထောက်သွား၏။ စကားတောင်စား ကြည့်နေဆဲ။ ကလေးသည် လှေကားထိပ်သို့ ရောက်ပြီး၊ လှေကားအတိုင်း ဒလိမ့်ကောက်ကွေး ကျသွား၏။

စကားတောင်စား ကြည့်နေဆဲ။

ကလေးသည် တံခါးဘောင်နှင့် ဦးခေါင်းရိုက်ကာ ခေါင်းကွဲသွား၏။ ခေါင်းမှာလည်း သွေးသံရဲရဲနှင့်။ နာကျင်လွန်းသဖြင့် ပို၍ ကျယ်လောင်စွာ ငို၏။



www.burmeseclassic.com

www.burmeseclassic.com



စကားတောင်စားက လိမ့်ကျပုံနှင့်တကွ အခြေအနေ အရပ်ရပ်ကို သေသေချာချာ ကြည့်နေဆဲ။

မျက်တောင်ခတ်ဖို့ပင် သတိမရ။

ထိုစဉ် စာရေးကတော်ကြီး ဈေးမှ ပြန်ရောက်လာ၏။

ကလေး သွေးသံရဲရဲနှင့် ရှုံ့ရှုံ့ရဲရဲ ငိုနေပုံကို မြင်ရလျှင်

"ဟယ် . . . စကားတောင်စားရယ်၊ နင့်ကို သေသေချာချာ ကြည့်ထားပါလို့ မှာထားပါရက်နဲ့၊ ခုလို ဖြစ်ရတယ်။ နင် ဘယ်ပေါ့လျော့ပါလား"

ဟု မြည်တွန်စကား ဆို၏။

ထိုအခါ စကားတောင်စားက . . .

"ကျွန်တော် မပေါ့လျော့ပါ သခင်မကြီး။ သခင်မကြီး မှာသည့်အတိုင်း မျက်တောင်ပင် မခတ်ဘဲ ကျွန်တော် ကြည့်နေပါတယ်။ ကျွန်တော်ကြည့်နေကြောင်းကို ရွှေကြက်ယက် ဘုရားကို တိုင်တည်ပြီး ပြောဝံ့ပါတယ်။ ကျွန်တော် ကြည့်နေကြောင်း သက်သေဖြစ်ရန် ဖြစ်ပျက်ပုံ အလုံးစုံကို ပြောပြပါမည်"

ဟု ဆိုပြီး ပထမ ငိုပြီး ပုခက်ပေါ်မှ ကျပုံ၊ လေးဘက်တွားသွားပုံ၊ လှေကားမှ ကျပုံ၊ တံခါးဆောင်နှင့် ဦးခေါင်းရိုက်မိပြီး ခေါင်းကွဲပုံ စသည်တို့ကို အသေးစိတ် ပြောပြပါသည်။





"စကားတောင်စားရယ်၊ နင့်ကို ကြည့်ခိုင်းတာက ကလေး ဘေးမဖြစ်အောင် ကြည့်ခိုင်းတာပါ။ ကြည့်ယုံ ကြည့်ခိုင်းတာ မဟုတ်ဘူးဟဲ့"

ဟု ဒေါ်သတကြီး ဆိုလိုက်လေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "နှစ်လ ပြည့်ပြီ"

ဘာမှလည်း အားမကိုးရသလို၊ စကားလည်း ကပ်လွန်းလှသည့် စကားတောင်စားကို အိမ်တွင် ထားလိုစိတ် မရှိတော့သော်လည်း ဘယ်သို့နှင်ရမည် မသိ။

စာရေးတော်ကြီးမင်းသည် နေ့စဉ်နှင့်အမျှ စကား တောင်စားကို နှင်ရမည့်နည်းကိုသာ စဉ်းစားနေ၏။

"အင်း . . . ငါက နှစ်လကို သာမန်တွေးလိုက်တာ အမှားပဲ။ ခုတော့ စကားတောင်စား လ,နှစ်လ မြင်အောင် ဘယ်လို လုပ်ရမလဲ"

စာရေးတော်ကြီးမင်းသည် နည်းလမ်းကိုသာ





ရှာနေ၏။

ထိုစဉ် . . . တစ်ညှ။

"မောင်ကြီးရေ . . . မောင်ကြီး"

စာရေးတော်ကြီးကတော်သည် ငြိမ်သက်စွာ တွေးတောစဉ်းစားနေသည့် စာရေးတော်ကြီးမင်း ထံပါးသို့ တကြော်ကြော် အော်ခေါ်ရင်း ရောက်လာသည်။ စာရေး တော်ကြီးမင်းက မျက်မှောင်ကြုံ၍ လှည့်ကြည့်လိုက်သည်။

"ဘာလဲ ရှင်မ"

ရှင့်ကို ထူးဆန်းတာ ပြချင်လို့ပါ"

"ဘာများလဲ၊ ရှင်မရဲ့"

"အိုတော် . . . ဘာတွေညာတွေ မမေးဘဲ၊ လိုက်ခဲ့ စမ်းပါ။ ရှင်လည်း ကျေနပ်သွားမှာပါ"

ဟု ပြောသည်။ ထို့ကြောင့် စာရေးတော်ကြီးမင်း သည် ဘာမျှမပြောတော့။ စာရေးတော်ကြီးကတော် ခေါ်သည့် နောက်သို့ လိုက်လာခဲ့၏။ အိမ်ရှေ့ ရေကပြင်ရှိ စလုံနားသို့ ရောက်လျှင် . . .

"မောင်ကြီး၊ စလုံထဲမှာ ဘာကြီးလဲ"

ဟု ပြော၍ ပြလိုက်လျှင် စာရေးတော်ကြီးမင်း မျက်နှာ ပြုံးရွှင်သွားသည်။ ချက်ခြင်းပင် . . .



www.burmeseclassic.com

www.burmeseclassic.com



"စကားတောင်စားကို ခေါ်ချေ" ဟု ဆို၏။

စာရေးတော်ကြီးကတော်က အိမ်တော်သားများအား

"ဟဲ့ . . . စကားတောင်စားကို အမြန်ဆုံး ခေါ်စမ်း"

ဟု ဆို၏။

မကြာမီ စကားတောင်စား ရောက်လာ၏။

"ဘာအကြောင်းများ ရှိလို့ပါလိမ့် အရှင်နဲ့ အရှင်မ"

"မင်းကို ပြစရာရှိလို့ပဲ စကားတောင်စား"

"ဘာများပါလိမ့်"

"ဟိုမှာ ကြည့်စမ်းပါဦး"

ဟု ပြောကာ ဇလုံထဲသို့ လက်ညှိုးထိုးပြလိုက်၏။ စကားတောင်စား ကြည့်လိုက်ရင်း အံ့သြသွားသည်။

"အို . . . လ,တစ်လပါလား" ဟု ရေရွတ်၏။

စာရေးတော်ကြီးမင်းက . . .

"ကောင်းကင်ကို ကြည့်လိုက်ပါဦး" ဟု ဆို၏။

စကားတောင်စားက . . .

"အို . . . ကောင်းကင်မှာလည်း လ,တစ်လပါလား"

ဟု ဆို၏။

"ရေထဲမှာ တွေ့တဲ့လနဲ့ဆို ဘယ်နှစ်လလဲ"

"နှစ်လဖြစ်ကြောင်း မျက်ဝါးထင်ထင် မြင်ပါတယ်





အရှင်"

"ဒါဆို ငါတို့ ဘာပြောစရာလိုသေးလဲ"

"မလိုပါဘူး အရှင်။ လ,နှစ်လ မြင်ရင် အမိအိမ်ကို ပြန်မယ်လို့ ကျွန်တော် ကတိခံထားတဲ့အတွက် ကျွန်တော် အခုပဲ စာရေးတော်ကြီးမင်းအိမ်က ဆင်းဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ဟု ပြောရင်း အိမ်ပေါ်မှ တရွေ့ရွေ့ ဆင်းသွားလေတော့သတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## "စကားတောင်စားနှင့် ချိုပါသား၊ ပခန်းသား"

စကားတောင်စားသည် စာရေးတော်ကြီးမင်း၏ အိမ်မှ ထွက်ခဲ့ပြီးနောက် အိမ်သို့ပြန်ခဲ့သည်။

မိခင်သည် ဝမ်းမြောက်ဝမ်းသာ ကြိုဆို၏။ စကားတောင်စားသည် အိမ်သို့ရောက်သည်နှင့် တပြိုင်နက် . . .

"အမေ ကျုပ်တော့ စာရေးတော်ကြီးအိမ်က ပြန်လာပြီ"

ဟု ပြော၏။

"အို . . . သားရယ်၊ ပြန်လာတော့လည်း တို့





သားအမိတွေ အတူနေရတာပေါ့"

ဟု ပြော၏။ စကားတောင်စားက . . .

"ကျုပ် အိမ်မှာ မနေချင်ဘူး အမေ"

ဟု ပြော၏။ မိခင်က တအံ့တသြနှင့် . . .

"သားက အိမ်မှာ မနေလို့ ဘယ်မှာနေချင်လဲ"

"သားကို ဘုန်းကြီးကျောင်း ထားပေးပါ"

ဟု ပူဆာ၏။ သားအလိုကို အစဉ်လိုက်သော မိခင်သည် စကားတောင်စားကို လက်ဆွဲကာ ကျောင်းသို့သွား၏။ ဘုန်းတော်ကြီးထံသို့ အပ်နှံ၏။

စကားတောင်စားအား ဘုန်းကြီးကျောင်း၌ အပ်နှံချိန်တွင် ထိုကျောင်း၌ "ပခန်းသား လက်တိုနှင့် ချိုပါသား ညို" တို့ ရှိနေကြသည်။

တစ်နေ့သ၌ မြောက်ကျောင်းက ဘုန်းကြီးတစ်ပါးနှင့် ရွာထဲ၌ ဆွမ်းခံသွားရင်း ဆုံသောအခါ စကားတောင်စားက

"ငါတို့ဘုန်းကြီး လမ်းသွားမြန်တယ်"

ဟု ခပ်ကြွားကြွား ပြော၏။

ထိုအခါ ချိုပါသားက . . .

"အို . . . မြောက်ကျောင်းက ဘုန်းတော်ကြီးလည်း မြန်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောၡ၏။

ယင်းသို့ ပြောသည်ကို ဘုန်းကြီးနှစ်ပါး ကြားလျှင် ဘုန်း တော်ကြီးတို့သည် ခပ်သွက်သွက် လျှောက်သွားကြ၏။ တစ်ပါးနှင့်တစ်ပါး အကျောမခံဘဲ ခပ်သွက်သွက် လျှောက်သွားကြ၏။

ထိုသို့ ဘုန်းကြီးနှစ်ပါး ခပ်သွက်သွက် လျှောက်သွားကြသည်ကို စကားတောင်စားနှင့် ချိုပါသားတို့ ကြည့်ကာ ပြုံးယုံမက စကားတောင်စားက ပြေးကာ လက်ခုပ်၊လက်ဝါးတီးလျက် . . .

"တို့ဘုန်းကြီးက မြန်တယ်ဟေ့။ ရှေ့ကျတယ်ဟေ့"

ဟု ဆို၏။

မြောက်ကျောင်းမှ ဘုန်းကြီးကြားလျှင် မခံမရပ်နိုင်အောင် ဖြစ်ပြီး၊ ရှေ့ကျောသွားသည့် ဘုန်းတော်ကြီးနောက်သို့ အပြေးတစ်ပိုင်း လိုက်လေရာ ရွာကျောင်းမှ ဘုန်းကြီးကို ကျော်သွားပြန်၏။

သည်အခါ ချိုပါသားနှင့် ပခန်းသားက . . .

"ဟေ့ . . . မြောက်ကျောင်းဘုန်းကြီး ကျော်ပြီဟေ့"

ဟု လက်ခုပ်တီးကာ ချီးပကြ၏။ စကားတောင်စား၊ ချိုပါသား၊ ပခန်းသားတို့ကြောင့် တစ်ပါးနှင့် တစ်ပါး အနိုင်လု





ပြေးခဲ့သည့် ဘုန်းကြီးနှစ်ပါးလည်း မောနေပြီ ဖြစ်၏။ ရွာနားသို့လည်း ရောက်ခဲ့ချေပြီ။

ဘုန်းကြီးနှစ်ပါးလည်း ထိုအခါမှ အွသိဝင်လာ၏။

ထိုအခါမှ ဘုန်းကြီးနှစ်ပါးက . . .

"ဟဲ့ . . . ဒကာတို့၊ တော်ပြီ။ နင်တို့ မြှောက်ပိုင်း ပြေးခဲ့ရလို့ ငါတို့လည်း မောလှပြီ"

ဟု ပြောလိုက်လေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "ကြောင်ဆို နောင်မဓေ"

တစ်နေ့သ၌ ဘုန်းတော်ကြီး ကျိန်းစက်ခါနီး အချိန်တွင် ချိုပါသား ညီမှုသည် ကြောင်တစ်ကောင် ဖမ်း၍ပိုက်ကာ အခန်းတွင်းသို့ ဝင်လာ၏။

"ဟဲ့ . . . ညီ၊ ဘာလုပ်မလို့လဲ"

ဟု မေး၏။ ဘုန်းတော်ကြီး အမေးဆုံးလျှင် ချိုပါသား ညီကြ . . .

"တပည့်တော် အရှင်ဘုရားနှင့် အငြင်းအခုံတစ်ခု လုပ်ချင်လို့ပါ ဘုရား"

ဟု လျှောက်၏။





"နင်က ငြင်းမလား။ ငါက ငြင်းရမလား"

"အရှင်ဘုရား ငြင်းရမှာပါ ဘုရား"

"ကောင်းပြီ။ နင် မေးချင်ရာမေး"

ထိုအခါ ချိုပါသား ညီကြ ကျောင်းရှေ့မှသစ်ပင်ကို လက်ညှိုးထိုးကာ . . .

"ကျောင်းရှေ့က **သစ်ပင်ဟာ** ဘာပင်ပါလဲ ဘုရား"

ဟု မေး၏။

"မန်ကျည်းပင်ပေါ့ ဒကာရဲ့"

ဟု ဖြေလျှင် ချိုပါသား ညီကြ ပြုံး၏။

"မဟုတ်ပါဘူး ဘုရား။ ညောင်ပင်ပါ"

ဟု ဖြေ၏။

"ဟဲ့ . . . ညီ၊ မန်ကျည်းပင်မှန်း သိရက်နဲ့ ဘာလို့ ညောင်ပင်လို့ ပြောလဲ"

"ညောင်ပါ ဘုရား"

"မန်ကျည်းကွဲ့"

"ညောင်ပါ ဘုရား။ ညောင် . . . ညောင် . . . ညောင်"

ဟု အထပ်ထပ် ပြော၏။

အတော်ကြာသည့်အခါ ချိုပါသား ညီသည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကို ဖျာလိပ်ခေါင်းတွင် ထည့်ကာ တညောင်ညောင်နှင့် အော်မြည်အောင် လုပ်၏။ ကြောင်က "ညောင်"မြည်တိုင်း "မန်ကျည်း၊ မန်ကျည်း" ဟု ငြင်းရသဖြင့် တစ်ညလုံး မကျိန်းစက်ရ၊ ညတိုင်းမှာမှု သိုးနေအောင် အိပ်လေ၏။

ဘုန်းတော်ကြီးကမူ မိုးလင်းမှ ကြောင်ကို ဖျာလိပ်ခေါင်းသို့ ထည့်ကာ မြည်ကြောင်း သိရလေတော့သည်။

♠ ♠ ♠



## "သုံးပွင့်ဆိုင် စကားနိုင်လုပွဲ"

တစ်ည . . . ။

ဘုန်းတော်ကြီးမှ စကားတောင်စား၊ ပခန်းသား လေက်တို၊ ချိုပါသား ညိုတို့ကို ခေါ်၏။ ထို့နောက် ဘုန်းတော်ကြီးက . . .

"ဒီည မောင်မင်းတို့ ငါ့ရှေ့မှာ စကားအနိုင်လု ပြောရမယ်"

ဟု ပြော၏။

အားလုံး သဘောတူ၏။

ပထမဆုံး ပြောသူက ပခန်းသား လေက်တို ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ တပည့်တော် အလွန်ကောင်းသော ခွေးတစ်ကောင်ကို တွေ့ခဲ့ဖူးပါတယ် ဘုရား။ ထိုခွေးက အလွန် အပြေးကောင်းပါသည်။ ပြီးတော့ အလွန်တစ်ရာလည်း ထူးဆန်းပါသည်။ ထူးလည်းထူးဆန်းပါသည်။ ဤသို့ အပြေးကောင်းပြီး ထူးဆန်းသည့်ခွေးကို မည်သူမျှ တွေ့ဖူးမည် မဟုတ်ပါ။ ထိုခွေးက ထူးဆန်းအောင် ပြေးခဲ့ပါသည်။ ထိုခွေးက ထူးဆန်းသောခွေး ဖြစ်ပါသည်"

"အဘယ်ကြောင့်ဆိုသော် တစ်ခါက ယုန်လိုက်ရန် အတွက် ထိုခွေးအား တောသို့ ခေါ်သွားပါသည်။ တောသို့ ရောက်လျှင် ယုန် သုံးကောင်ကို မြင်ပါသည်။ ယုန်လိုက်သည်ကို မမြင်ရပါပဲလျက်၊ ယုန်သုံးကောင်ကို ကိုက်ချီလာသည်ကို တွေ့ရပါသည် ဘုရား"

ဟု လျှောက်ထား၏။

ပခန်းသား ငလက်တိုစကားဆုံးလျှင် ဘုန်းတော်ကြီးက . . .

"ဟဲ့ . . . ငလက်တို၊ နင့်ခွေးက ခွေးကောင်းပေပဲ"

ဟု ပြော၏။

ဒုတိယပြောသူမှာ ချိုပါသား ညို ဖြစ်၏။

"အရှင်ဘုရား၊ တပည့်တော်က အလွန်ကောင်းသော





နွားကို မြင်ဖူးခဲ့ပါသည်။ ထိုနွားအား လှည်းဆင်၍၊ မိန်းမကြီး တစ်ယောက်ကို တင်ကာ အင်းဝမှ မန္တလေးတောင်ခြေသို့ သွားရင်း၊ မန္တလေးတောင်ခြေသို့ ရောက်လို့ ကြည့်လိုက်တော့၊ မိန်းမကြီးကို မမြင်ရတာကြောင့် လှည်းကို ပြန်မောင်းခဲ့ရာ၊ မိန်းမကြီး မြေကြီး ပေါ်သို့ မကျခင် လှည်းပြန်ရောက်ခဲ့ပါတယ် ဘုရား"

ကမျာကယာ လှည်းပေါ်မှ ဆင်း၍ မိန်းမကြီးကို မြေသို့ မကျအောင် မ,ယူပြီး၊ လှည်းပေါ်သို့ ပြန်တင်ရပါသည် ဘုရား"

ဟု လျှောက်တင်လေ၏။

ထိုအခါ ဘုန်းတော်ကြီးက . . .

"မင်းနွားလည်း နွားကောင်းပေပဲ"

ဟု ချီးမွမ်းလေသတည်း။

တတိယလျှောက်ထားသူမှာ စကားတောင်စား ဖြစ်၏။

"အရှင်ဘုရား၊ တပည့်တော်သည် ထမ်းပိုးကောင်းကို မြင်ဖူးပါသည် ဘုရား။ တပည့်တော် မြင်ဖူးသည့် ထမ်းပိုးမှာ တစ်ဘက်တစ်ချက် ကော့ကော့ထမ်းသောအခါ ကျိုတ်ကျိုတ် မြည်ပါသည်။ ထမ်းစတွင် ထမ်းပိုးနှင့်ပုခုံးသည် လက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှု ကွာပါသည်။ တော်တော်ကလေး ထမ်းမိသောအခါ ပုခုံးနှင့် ထမ်းပိုးသည် တစ်ထွာလောက် ကွာပါသည်။ ခရီး တစ်ထောက် လိုက်သွားမိသောအခါ ထမ်းသောသူသည် တောင်းထဲမှ ထိုင်၍ လိုက်ရပါသည်"

ဟု လျှောက်ထား၏။

ဘုန်းတော်ကြီးက ပြုံးတော်မူပြီး . . .

"ယခု မင်းတို့ ယခုပြောသောစကားများတွင် စကားတောင်စား၏ ထမ်းပိုးကသာ ကောင်းပေသည်"

ဟု ချီးမွမ်းလေသတည်း။

♠ ♠ ♠



## အခန်း (၃)

## "စကားတောင်စားနှင့် ငွေတစ်တင်း ပြဿနာ"

တစ်နေ့သ၌ ပခန်းသား လေက်တိုနှင့် ချိုပါသား ညိုတို့ တိုးတိတ်စွာ တိုင်ပင်ကြ၏။ သူတို့ တိုင်ပင်သည့် အကြောင်းသည် အခြားမဟုတ်။

ငွေတစ်တင်း အပိုင်ရရန် အရေးဖြစ်၏။

ဖြစ်စဉ်မှာ . . .

အဝမြို့တွင်း၌ ထင်ရှားကျော်စောသည့် သူဌေး ဦးပြောင် ကွယ်လွန်အနိစ္စ ရောက်သွားရာ၊ ဖခင်၏ အမွေအနှစ် မှန်သမျှအား သားဖြစ်သူ မောင်ကောင်းခန့် ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လေက်တို့နှင့် ညီညသည် မောင်ကောင်းခန့်ထံသို့ သွားကာ ဦးပြောင် မသေမီက ငွေတစ်တင်း ချေးယူထားကြောင်း၊ ပြန်ရလိုကြောင်း ပြောဆိုရန် တိုင်ပင်ကြ၏။

လေက်တို့နှင့်ညီညသည် မောင်ကောင်းခန့်ထံသို့ သွားသည့် နေရာတွင်လည်း ရိုးရိုးမသွားကြ။ လေက်တိုက သျှောင်တစ်လုံးအဆုံးစံ၍ ဘုန်းကြီးလုပ်၏။ ချိုပါသား ညီညက ကပ္ပိယလုပ်၏။

ထို့နောက် သူတို့သည် စာထုပ်နှင့်သင်္ကန်းထုပ် ထမ်းကာ အဝမြို့သို့ ထွက်ခဲ့ကြ၏။

သူဌေးသား မောင်ကောင်းခန့်၏အိမ်သို့ ရောက်လျှင် ဘုန်းကြီးတု လေက်တိုနှင့် ကပ္ပိယ ညီညသည် ရဲရဲစွာ အိမ်ပေါ်သို့ တက်သွား၏။ မောင်ကောင်းခန့်သည် ဘုန်းကြီးကို မြင်လျှင် ရိုသေစွာ ရှိခိုးပြီး၊ ကောင်းမွန်စွာ တည်ခင်း၍ . . .

"ဘာအကြောင်း၊ ဘာကိစ္စများရှိလို့ ကြွလာပါသလဲ ဘုရား"

ဟု လျှောက်ထားလေ၏။

ထိုအခါ ဘုန်းကြီး လေက်တိုက . . .

"ဒကာ မောင်ကောင်းခန့်၊ ငါကိုယ်တော် ယခု ကြွချီလာသည်မှာ အကြောင်းမဲ့ မဟုတ်ပါ။ ဒကာ၏ဖခင်ဖြစ်သူ





သွားလေသူ ဒကာ ဦးပြောင်ထံ လွှန်ခဲ့သောသုံးနှစ်ခန့်က ငွေတစ်တင်း အပ်နှံခဲ့ပါသည်။ အသုံးလိုသဖြင့် ထိုငွေအား ရယူရန်၊ တောင်းယူရန် ကြံရွယ်စဉ် ဒကာ ဦးပြောင် သေဆုံးကြောင်း ကြားသိရပါသည်"

ဘုန်းကြီးတု လေက်တိုက မပြောရင်း ရပ်ကာ အကဲခတ်၏။ သူဌေးသား မောင်ကောင်းခန့်က ငြိမ်သက်စွာ နားထောင်နေ၏။ ဘုန်းကြီးတု လေက်တိုက စကားဆက်၏။

"ထိုအချိန်က ချက်ခြင်းလာရန် စဉ်းစားမိသော်လည်း ဒါယကာကလေး ပရိဒေဝမီး တောက်လောင်နေသည်က တကြောင်း၊ ရှာပနကိစ္စ ရှုပ်ထွေးနေသည်က တကြောင်း၊ စသည့်အကြောင်းများ အပြင်၊ ကျွန်ုပ်တို့ ရဟန်းများသည် လူ့ဒါန်းကျွေးမွေးနေသည့်အခါ မပင့်ဖိတ်ဘဲ မလာကောင်းသည့် အကြောင်းများကြောင့်၊ ယခုမှ လာ၍ တောင်းရခြင်း ဖြစ်ပါသည်"

ဟု ပြောပြီး ဆက်၍ . . .

"ဒကာသည် တမလွန်ဘဝသို့ ပြောင်းရွှေ့သွားသည့် မွေးသဖခင်၏ ကောင်းမွေဆိုးမွေခံအတိုင်း ကျွန်ုပ် ယုံ၍ အပ်နှံခဲ့သည့် ငွေတစ်တင်းအား သေသူမှာထားခဲ့လျှင်လည်း ပေးပါရန် မေတ္တာရပ်ခံပါသည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။

သို့တစေ မောင်ကောင်းခန့်က . . .

"အရှင်ဘုရား၊ အရှင်ဘုရား အမိန့်ရှိသော စကားသည် ရဟန်းပင်ဖြစ်သော်လည်း ကျွန်ုပ် မယုံနိုင်ပါ။ မယုံကြည်သည့် အကြောင်းများတွင် တပည့်တော်ဖခင်၏ မှာကြားချက် မရှိခြင်းကြောင့်လည်း ဖြစ်သကဲ့သို့၊ ပြောသံလည်း မကြားဖူးခဲ့ပါ။ ယင်းကဲ့သို့ပင် အရှင်ဘုရားအား တပည့်တော် တစ်ခါဖူးမျှလည်း မမြင်ဖူးခဲ့သလို၊ စကားများကလည်း ယုတ္တိမရှိသဖြင့် တပည့်တော် မပေးနိုင်ပါ"

ဟု တုန့်ပြန်၏။

သူဌေး မောင်ကောင်းခန့်၏ တုန့်ပြန်စကားကြားရလျှင် ဘုန်းကြီးတု လေက်တို ပြင်းထန်စွာ စိတ်ဆိုးဟန်ပြ၏။

"ဒကာလေး မောင်ကောင်းခန့်၊ သင်က မိဘ၏ ကောင်းမွေကို ခံခဲ့သည်။ မိဘ်တာဝန်ရှိသော ပစ္စည်းကိုကား ပေးလိုအည့် ဆန္ဒမရှိ"

ဟု ပြောပြီး . . .

"ဒကာ မောင်ကောင်းခန့်၊ ဒကာ၏ဖခင် သူဌေး ဦးပြောင်က ငါ၏ဒကာ ဖြစ်သဖြင့်၊ ငါ့ကျောင်းသို့ အခါခါ





လာ၏။ ဆရာ ဒကာဖြစ်၏။ ထို့ကြောင့် အနာမသ ဝတ္ထုပစ္စည်းကို လက်ဝယ်ထားတောင်းသည် မဟုတ်သဖြင့် ငွေတစ်တင်းကိုတော့ ဒီဒကာကိုယ်တိုင် ထုတ်၍ပေးလိုက်ခြင်းဖြစ်သည်" ဟု ပြော၏။

သည်အခါ ချိုပါသား ညော်က ရဟန်းတု လေက်တိုဘက်သို့ လှည့်ကာ ရိုကျိုးစွာဖြင့် . . .

"ကိုယ်တော်လည်း ဒေါသရှေ့မထားဘဲ စဉ်းစားပြောတော်မူပါ"

ဟု သတိပေး၏။ ထို့နောက် . . .

"သူဌေးလေး မောင်ကောင်းခန့်၊ ရဟန်းတို့မည်သည် မုသားပြောကောင်းသည် မဟုတ်ပါ။ သူတစ်ပါး ပစ္စည်းကိုလည်း ပို၍ မယူကောင်းပါ။ သူဌေး ဦးပြောင် ကျောင်းကိုလာစဉ်က ငွေတစ်တင်းတည်း ပေးလိုက်သူမှာ ကျွန်ုပ်ကိုယ်တိုင် ဖြစ်ပါသည်။ ငွေတစ်တောင်းပြည့်သည် မဟုတ်ပါ။ အပြည့်မဟုတ်ဘဲ အပြည့်ဟု တောင်းလျှင် ကိုယ်တော် အပြစ်ဖြစ်ပါသည်။ တပည့်တော် သူဌေး ဦးပြောင်ကို အပ်စဉ်က တပည့်တော် မျက်မြင် ကျမ်းသစ္စာဆိုဝံ့သည်မှာ တစ်တင်း မပြည့်ပါ။ အကွပ်အောက်တွင်သာ အပ်နှံကြောင်း သိမြင်ပါသည် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်တင်လေ၏။

သည်အခါ သူဌေးသား မောင်ကောင်းခန့်က "ကိုယ်တော်က တစ်တင်း" ဟုဆိုသည်။ ကိုယ်တော့်ကပ္ပိယက "တစ်တင်းအောက် အကွပ်၌သာ ရှိသည်" ဟု ဆိုသည်။ ထို့ကြောင့် သူဌေးသား မောင်ကောင်းခန့်က . . .

"အရှင်နှင့် ကပ္ပိယတို့စကားကို ထောက်ထား၍ ဘုရားတော်၏ဖခင်ဖြစ်သူ သံသရာဝန် မကင်းရလေအောင်၊ ကပ္ပိယ ပြောသည့်အတိုင်း အကွပ်အောက်ရှိ ငွေကို ပေးပါမည်" ဟု ဆို၏။

ထို့နောက် မောင်ကောင်းခန့်က တင်းတောင်းယူကာ အကွပ်အောက်မှ ချိန်၍ ပေးလိုက်လေ၏။ လေကိတိုနှင့် ညီညို သည် ငွေကိုရသဖြင့် ဝမ်းမြောက်ဝမ်းသာနှင့် အိမ်မှဆင်းကာ ပြန်ခဲ့လေသည်။

ဤအကြောင်းကို အစွဲပြု၍ မသမာသူနှစ်ဦးကို တွေ့လျှင် လေကိတိုနှင့် ညီညိုတို့ကဲ့သို့ တစ်ကျိတ်တည်း၊ တစ်ဉာဏ်တည်း ဟု ပုံပြု ပြောပြလေသတည်း။

♠ ♠ ♠

လေကိတိုနှင့် ညီညိုသည် ငွေများကိုရလျှင် ခွဲဝေကြ၏။ ယင်းသို့ ခွဲဝေရာတွင် တစ်ဦးနှင့်တစ်ဦး မကျေနပ်မှု





ဖြစ်ရလေ၏။

လေကိတိုက . . .

"ဟဲ့ . . . ညီညို၊ တကယ်ဆိုရင် ဒီငွေတွေရဖို့ ငါဟာ သျှောင်တစ်လုံးလည်း ဆုံးရတယ်။ သင်္ကန်းလည်း ဝတ်ရတယ်။ စကားများစွာလည်း ပြောရတယ်။ ဒါကြောင့် ဒီငွေကို သုံးပုံ,ပုံလျှင် သင်က တစ်ပုံသာ ရသင့်သည်"

ဟု ဆို၏။ ညီညိုက ရယ်လေ၏။

"လေကိတိုရယ်၊ မင်း အသေအချာ စဉ်းစားပါဦး။ မင်းပြောတာကို သူဌေးသားက ယုံသတဲ့လား။ သူ မယုံကြည်လို့ ငါကိုယ်တိုင် ကြံစည်ပြောဆိုရသည် မဟုတ်လား။ ဒါကြောင့် ဒီငွေကို ရခဲ့တယ်ဆိုတာ ငါ့အသိပဲ။ ဒါကြောင့် မင်းသာ သုံးပုံ,ပုံရင် တစ်ပုံ ရသင့်တာ"

ဟု ပြောပြီး ညီညိုက ငွေအိတ်ကို ထမ်း၍ ပြေး၏။ လေကိတိုက . . .

"ညီညို . . . ညီညို"

ဟု အော်ကာ လိုက်၏။ တောတန်းသို့ ရောက်လျှင် အခင်းကြီး သွားလိုသည့်ဟန်ဖြင့် ကောက်ရိုးပုံတွင်း ဝင်၍ ပုန်း၏။

နောက်မှလိုက်လာသည့် ပဉ္စင်းသား လေကိတိုသည်



www.burmeseclassic.com

www.burmeseclassic.com



သောတန်းကို ဖြတ်ပြီး အရှေ့ဘက်သို့ ကြည့်ရာ တောက်ရိုးပုံနှင့် လယ်ကွင်းကိုသာ မြင်၏။

"ညီညိုလည်း လယ်ကွင်းကိုဖြတ်ဟန်မရှိ၊ တောက်ရိုးပုံတွင်း ဝင်ပုန်းနေသည်သာ ဖြစ်မည်"

ဟု တွေးမိသည်နှင့် အိမ်တစ်အိမ်သို့ ဝင်၏။ ကျွဲခလောက်ကို ရှာ၏။

ထို့နောက် တောက်ရိုးပုံနားသို့ ကျွဲခလောက်လှုပ်ကာ ချဉ်းကပ်၏။ ထိုအခါ တောက်ရိုးပုံတွင်း၌ ပုန်းနေသော ညီညိုသည် ကျွဲနင်းမည်ကို စိုးသဖြင့် . . .

"ဟဲ့ ကျွဲ"

ဟု ဟန့်တား မောင်းနှင်၏။

ပခန်းသား လေက်တိုက ပြုံး၍ . . .

"ညီညို၊ ထွက်ခဲ့"

ဟု ခေါ်၏။

ထို့ကြောင့် ချိုပါသား ညီညို ထွက်ခဲ့ရ၏။

ထို့နောက် လေက်တိုနှင့် ညီညို ငွေထုပ်ထမ်းကာ ထွက်ခဲ့ကြပြန်၏။ ။

♠ ♠ ♠



"လူသေကို ၅င်စေသောနည်း"

ရွာတစ်ရွာသို့ ရောက်ခဲ့လေပြီ။

ရွာတစ်ရွာသို့ ရောက်လျှင် ပခန်းသား လေက်တိုသည် ဝမ်းတွင်း၌ မအီမသာဖြစ်သဖြင့် အခင်းကြီးသွားရန် ပြင်ဆင်၏။

"ငါ အခင်းကြီး သွားမလို့၊ မင်း ဒီကစောင့်"

ဟု ဆို၏။

"မင်း စိတ်ချလက်ချ သွားပါ"

ဟု ဆိုပြီး အိမ်တစ်အိမ်အဝတွင် ထိုင်နေ၏။ ပခန်းသား လေက်တို မျက်စေ့ရှေ့မှ ပျောက်သွားလျှင် ချိုပါသား



www.burmeseclassic.com

www.burmeseclassic.com



ညီသည် အကြံတစ်ခုပေါ်လာ၏။ ထိုအကြံကို အကောင်အထည်ဖော်ရန် အိမ်ရှင်နှင့် တွေ့၏။

"ဘာကိစ္စရှိလဲ မောင်ရင်"

ဟု ဆို၏။

"အဒေါ်ကို အကူအညီတစ်ခု တောင်းမလို့ပါ"

"ဘာများလဲကွဲ့"

"ကျွန်တော် အဒေါ်အိမ်တွင် လူသေဟန်ဆောင်၍ နေမည်၊ အဒေါ်က သေသူ၏ ဆွေမျိုးညီအစ်ကိုအဖြစ် ပြု၍ ငိုယို၍နေပါ။ ဤသို့ ကူညီသည့်အတွက် အဒေါ်ကို အသပြာများစွာ ပေးပါမည်"

ဟု ဆို၏။ အိမ်ရှင်သည် အသပြာငွေ များများရမည် ဆိုသဖြင့် ညီ၏ အကူအညီတောင်းသည်ကို သဘောတူ လိုက်၏။

ညီအား အခန်းတွင်းမှ အိပ်စေကာ အဝတ်နှင့် အုပ်ကာ မြေရှင်း၌ ထိုင်၍ ငို၏။

"အမလေး . . . ငါ့တူကြီးရဲ့၊ အဖြစ်ဆိုးလှချည်လားကွဲ့"

အိမ်ရှင်မိန်းမကြီး ငိုယိုနေစဉ် ဝန်းသား လေက်တို ပြန်ရောက်လာ၏။ ညီကိုလည်း မတွေ့ရ။





"ဒီလောက်အချိန်ကလေးနဲ့ ဒီကောင် မပြေးနိုင်သေးဘူး။ ဒီကောင် တစ်ခုခု ကြံစည်ပုန်းအောင်းနေတာပဲ ဖြစ်မယ်"

ဟု စဉ်းစား၏။

အိမ်တွင်းမှ အဖွားကြီးငိုသံကို နားထောင်ရင်း သကာ မင်္ဂလား ဖြစ်ရ၏။

ထို့ကြောင့် လေက်တိုသည် အိမ်ပေါ်သို့တက်ကာ အခြေအနေကို အကဲခတ်၏။ အဝတ်အုပ်ကာ သေဟန်ဆောင် နေသည်မှာ ညီဖြစ်ကြောင်း သိလျှင် ပြုံးလိုက်ပြီး . . .

"အဒေါ်ကြီးခင်ဗျာ"

ဟု ခေါ်၏။

"ဘာလဲ မောင်ရင်"

"အဒေါ်ကြီး တူကို သိပ်ချစ်ပုံရ၏။ အဒေါ်ကြီး တူ အသက်ပြန်ရှင်သည်ကို မလိုချင်ဘူးလား"

ဟု မေး၏။ အဒေါ်ကြီးက . . .

"ကွယ် . . . ဘယ့်နှယ် ပြောပါလိမ့်။ ရှင်ချင်တာပေါ့"

ဟု ပြော၏။ ပခန်းသား လေက်တိုက . . .

"ကောင်းပါပြီ၊ အဒေါ်ကြီး တူ အသက်ချမ်းသာရအောင် ကူညီပါမည်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြော၏။

"ဝမ်းသာလိုက်တာကွယ်"

ပခန်းသား လေက်တိုက အပ်တစ်ချောင်းကို ယူကာ ညှို့နားတွင် ထိုင်ပြီး ခြေဖဝါးကို အပ်နှင့်ထိုးဖေါက်၏။ ထိုအခါညှို့သည် မခံသာတော့၊ ရုတ်ကနဲ ထလိုက်၏။

"တော်ပါတော့ သူငယ်ချင်းရယ်၊ ငါ မင်းကိုကျီစားတာပါ" ဟု ဆိုပြီး ပြုံးလေ၏။

♠ ♠ ♠

"လူမွေလူ့ရှုပ်တို့ကြား ဝင်မပါလေနှင့်"

ပခန်းသားလေက်တိုနှင့် ချိုပါသားညှို့တို့ ခရီးဆက်ခဲ့ကြသည်။ နှစ်ဦးစလုံးသည် ခွေးစာစ်တင်းကို မည်သို့ အနိုင်ယူရမည်ကို ကိုယ့်နည်းနှင့်ကိုယ် စဉ်းစားလာ၏။ အကယ်၍ ပေးရလျှင်လည်း မိမိက နှစ်ပုံယူ၍ တစ်ဦးကို တစ်ပုံသာ ပေးလို၏။

သူတို့သည် ညဏ်နီညဏ်နက် ဆင်လာကြ၏။

သို့နှင့် ရွာတစ်ရွာနားသို့ ရောက်ခဲ့၏။

ထိုအခါ ညှို့က . . .

"ကဲ . . . လေက်တို၊ မင်း ဒီမှာ ငွေထုပ်နဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ခဏ စောင့်ဦး”

ဟု ဆို၏။

“မင်း ဘာလုပ်မလို့လဲ”

“ကိစ္စတစ်ခု ရှိလို့ပါ”

ထို့နောက် ရွာထဲသို့ ဝင်ခဲ့၏။ ချိုပါသား ညို ရွာတွင်းသို့ ဝင်ခဲ့သည်မှာ အကြံနှင့် ဖြစ်၏။ ထိုရွာတွင်း၌ ဖခင်ဖြစ်သူ ရောက်၊ မရောက်ကို စုံစမ်းရန်ဖြစ်၏။ ရွာသို့ဝင်၍ စုံစမ်းသောအခါ ညို ဝမ်းသာရ၏။

အဘယ့်ကြောင့်ဆိုသော် ရွာထဲတွင် ဖခင်ဖြစ်သူ ရောက်နေသောကြောင့် ဖြစ်သည်။ ထိုအခါ ညိုသည် ဖခင်ကို အမြန်တွေ့၏။

“ငါ့သား၊ ရေးကြီးသုတ်ပြာနဲ့ ဘာအကြောင်း ထူးလာလဲ”

ဟု မေး၏။

“အို . . . အရေးကြီး၊ အကြောင်းထူးတာကတော့ မပြောနဲ့။ ခုဆို ကျွန်တော်တို့ ပွဲပေါက်တိုးနေပြီ”

“ဟုတ်လား၊ ဘာများပါလိမ့်။ ပြောပါဦး”

“ဒီလို အဘရဲ့၊ ကျွန်တော်နဲ့ ပန်းသား လေက်တိုတို့ အလုပ်တစ်ခု လုပ်လာတာ ငွေတစ်တင်းရခဲ့တယ်”





“ဟ . . . ဒါဆို အညီအမျှ ခွဲဝေယူလိုက်ပေါ့။ အဲ့ဒါဆို ပြီးသွားတာပဲ”

“ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ရော လေက်တိုပါ အညီအမျှ ခွဲဝေမယူချင်ကြဘူး။ ကျွန်တော်က နှစ်ပုံ လိုချင်သလို၊ သူကလည်း နှစ်ပုံ လိုချင်နေတယ်”

“အင်း . . . မင်းတို့က မလွယ်ပါလား”

“လွယ်ပါတယ် အဖေ။ အခု အဖေနဲ့ တွေ့ရလို့ ကျွန်တော် နှစ်ပုံရဖို့ သေချာသွားပြီ အဖေ”

ဟု ပြော၏။

“ငါနဲ့တွေ့တာနဲ့ နှစ်ပုံရရောလား”

“ရမယ့်အကြောင်းရှိလို့ပေါ့”

ဟု ပြောကာ ဖခင်ဖြစ်သူကို အကျိုးအကြောင်း ရှင်းပြ၏။ ဖခင်ဖြစ်သူက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ပြီး . . .

“ကောင်းပြီ ငါ့သား။ ငါ့သား အစီအစဉ်အတိုင်း အဖေ လုပ်မည်။ မင်း ကျိန်းသေ အသပြာငွေ နှစ်ပုံရစေမည်”

ဟု ဆိုကာ လူခွဲကြ၏။

♠ ♠ ♠

ချိုပါသား ညို ပြန်လာလျှင် ပန်းသား လေက်တိုကို



www.burmeseclassic.com

www.burmeseclassic.com



က ပြုံးလျက် . . .

"သြော် . . . ညီတောင် ပြန်လာပြီကိုး" ဟု ဆို၏။

ညီက . . .

"အေးကွ၊ ငါ ပြန်လာပြီ"

ဟု ပြောကာ ပခန်းသား လေက်တိုအနားတွင် ထိုင်၏။

"မင်း ရွာထဲသွားတာ ဘာထူးလဲ"

"အေး . . . ထူးတာတော့ အမှန်ပဲကွ။ ရွာသားတွေရဲ့ ပြောစကားအရ ရွာထိပ်က ညောင်ပင်မှာနေတဲ့ ညောင်ပင်စောင့် ရုက္ခစိုးက ပြဿနာ အမှုအခင်း ဖြေရှင်းတဲ့နေရာမှာ သမာသမတ်ကျပြီး တိကျတယ်လို့ ငါကြားခဲ့တယ်"

"သြော် . . . ဟုတ်လား။ ဒါဆို ငါတို့ကိစ္စ သွားဖြေရှင်းခိုင်းရင် ကောင်းမလား"

ဟု မေး၏။

"အို . . . သိပ်ကောင်းတာပေါ့"

"ဒါဆို သွားကြစို့"

ထို့နောက် ပခန်းသား လေက်တိုနှင့် ချိုပါသား ညီတို့ ငွေအိတ်ထမ်းကာ ရွာရှေ့ ညောင်ပင်သို့ လာကြ၏။

ရွာထိပ်တွင် ညောင်ပင်ကြီး တစ်ပင်ရှိ၏။ ညောင်ပင်





ကြီးက ကြီးမားလှ၏။ ညောင်ပင်ကြီးအောက်သို့ ရောက်လျှင် ငွေထုပ်ချပြီး ထိုင်ကြ၏။

ပခန်းသား လေက်တိုက . . .

"ကဲ ညီ၊ မင်းပဲ ညောင်စောင့် ရုက္ခစိုးကို အကျိုးအကြောင်း လျှောက်ပြီး၊ ပြဿနာကို တင်ပြလိုက်ပါ"

ဟု ဆို၏။

ထိုအခါ ညီက . . .

"ဤညောင်ပင်ကို စောင့်ကြပ်သည့် ညောင်စောင့် ရုက္ခစိုးမင်းကြီး . . . ကျွန်တော်မျိုး ညီနှင့် လေက်တိုတို့တွင် ကြီးမားသော ပြဿနာတစ်ခု ရှိနေပါသည်"

ဟု လျှောက်ထားလျှင် ညောင်ပင်တွင်းမှ . . .

"အိမ်း . . . ဒါဆို အမှန်ကို မခြွင်းချန်ဘဲ လျှောက်ထားချေ" ဟု ဆို၏။

ညီက . . .

"ပြဿနာမှာ အခြားမဟုတ်ပါ ရုက္ခစိုးမင်း။ ကျွန်တော်မျိုး ညီနှင့် ပခန်းသား လေက်တိုတို့သည် တစ်နေရာမှ ငွေတစ်တင်းရအောင် ကြံဆောင်ခဲ့ပါသည်။ ကြံဆောင်သည့် နေရာတွင် ငှက်ချောင်တစ်လုံး အဆုံးခံ၍ သက်နှိန်း ဝတ်ခဲ့ရပါသည်။ ကျွန်ုပ်ကမူ သူ့ကို အများယုံကြည် လာစေရန် ကြံညြ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးပမ်းခဲ့ရပါသည်။ သို့ပါသော်လည်း ငွေရလာသောအခါ အဝေမတည့် ဖြစ်နေခဲ့ပါသည်။ ကျွန်တော်မျိုး ညီဖြူက နှစ်ပုံ ရထိုက်သည်ဟု ထင်မြင်ခဲ့သလို၊ လေက်တိုကလည်း သူ နှစ်ပုံ ရထိုက်သည်ဟု ဆိုပါသည်”

ဟု ညီဖြူက ဆို၏။

“ယခု မောင်မင်းတို့ လိုလားအခက်ကြုံနေသည်က မည်သူ နှစ်ပုံရသင့်သည်ဟူသော အချက်မဟုတ်လား”

ဟု မေးသံကြားသဖြင့် . . .

“မှန်ပါတယ်”

ဟု လေက်တိုက ဆို၏။

“အိမ်း . . . ဒါဆို နားထောင်။ ငါအမှန် ဖြေရှင်းပေးမည်။ နားထောင်ကြ။ ယခု သင်တို့ပြောကြသည့် စကားများကို ချင့်တွက် စဉ်းစားကြည့်သောအခါ လေက်တိုသည် သျှောင်တစ်လုံးဆုံး၊ သက်န်းဝတ်ခဲ့ရသည်မှန်သော်လည်း သူ၏ ပြောဆိုမှုအား တစ်ဘက်မှ မယုံကြည်ကြောင်း ထင်ရှားနေ၏။ ညီဖြူကမူ သျှောင်တစ်လုံး မဆုံး၊ သက်န်းမဝတ်ခဲ့ရသော်လည်း တစ်ဘက်လူ မယုံမကြည် ဖြစ်နေသည်ကို ယုံကြည်အောင် ပြောဆိုနိုင်စွမ်း ရှိခဲ့၏”

“ဤဖြစ်စဉ်ကို ကြည့်လျှင် ငွေရရှိရန် အဓိကကြဲဆောင်သူသည် ညီဖြူသာ ဖြစ်ကြောင်း ထင်ရှား၏။ ပခန်းသား လေက်တိုက ကြံသမျှ မအောင်မြင်သူ ဖြစ်၏။ ထို့ကြောင့် ငွေတစ်တင်းအား သုံးပုံ ပုံလျှင် ညီဖြူသာ နှစ်ပုံ ရထိုက်၏။ လေက်တိုက တစ်ပုံသာ ရသင့်၏”

ဟု ဆို၏။

ထိုစကားကို ကြားလျှင် ပခန်းသား လေက်တို အလွန်တရာ စိတ်ဆိုးသွားရလေ၏။ “ဤဖြစ်စဉ်သည် အမှန် မဖြစ်နိုင်။ လုပ်ကြံဖန်တီးမှုသာ ဖြစ်သည်” ဟု စဉ်းစားမိပြီး ချက်ခြင်း ထိုင်ရာမှ ထလိုက်၏။

ထိုအခါ ချိုပါသား ညီဖြူက . . .

“ဘယ်လိုလဲ လေက်တို။ မင်း ကျေနပ်ရဲ့လား။ ညောင်စောင့်နတ်၏ စကားကို ပယ်ရှားလျှင် အန္တရာယ်များမည်”

ဟု ဆို၏။

ပခန်းသား လေက်တိုသည် ဘာမျှမပြော။ ထိုင်ရာမှ ထပြီး ကောက်ရိုးခြောက်များကို ဆွဲယူ၏။ ညောင်ပင်ခေါင်းတွင်းသို့ ထိုးထည့်၏။

“ဟေ့ . . . လေက်တို၊ မင်း ဘာလုပ်တာလဲ”

လေက်တိုက ခွေကာနဲ့ကြည့်ကာ . . .







www.burmeseclassic.com

www.burmeseclassic.com



"ညောင်ပင်စောင့်နတ်က ငါ့ကို နစ်နာဆုံးရှုံးအောင် ဖြသည့်အတွက် အတိုက်အလျောက် ဆုံးမ မလို့ပါ"

ဟု ပြောပြီး ကောက်ရိုးများကို မီးရှို့၏။ ချိုပါသား ညီက အတင်းဆွဲသော်လည်း မရ။

"မင်း ငါ့ကို မဆွဲနဲ့။ အမှန်ကို မပြောဘဲ တစ်ဘက်သတ် ဆုံးဖြတ်သဖြင့် ငါ မကျေနပ်နိုင်"

ဟု ပြောလိုက်ပြီး ကောက်ရိုးများကိုသာ ထိုးထည့်နေ၏။ ကောက်ရိုးခြောက်တို့ကလည်း မီးဟုန်းဟုန်း တောက်နေပြီ။ ညီ့ရင်ထဲမှာလည်း ပူလောင်လှပြီ။ လေက်တိုကလည်း ပြောလို့ရမည် မဟုတ်ဟု သိလိုက်သဖြင့် . . .

"ကယ်ကြပါဦး အရပ်ကတို့။ ဒီလိုပဲ ကြည့်မနေကြပါနဲ့။ ဒီအတိုင်းဆို ကျွန်တော့်အဖေ ညောင်ခေါင်းထဲ မီးလောင်သေနေပါလိမ့်မယ်"

ဟု အော်ဟစ် အကူအညီတောင်း၏။ လေက်တိုက တဟားဟား ရယ်နေ၏။ မကြာမီ ရွာသားများ ရောက်လာပြီး ကောက်ရိုးခြောက်များ ထုတ်ခြင်း၊ မီးငြိမ်းခြင်းကို ပြု၏။

အဘိုးကြီးကိုလည်း ညောင်ပင်ခေါင်းတွင်းမှ ဆွဲထုတ်၏။ အဘိုးကြီး အပြင် ရောက်လျှင် . . .

"လူရှုပ်လူပွေတို့ကြား ဝင်မပါနဲ့။ ဒုက္ခရောက်





လိမ့်မယ်"

ဟု ပြောဆိုပြီး အဘိုးကြီးအား ရွာထဲ ခေါ်သွား၏။ လေက်တိုနှင့် ညီသည် . . .

"သူငယ်ချင်းဖြစ်သူ စကားတောင်စား အဝတွင် ရှိနေသည်။ သွားရောက်အယူခံ ဆုံးဖြတ်နိုင်းမည်"

ဟု ပြောပြီး ငွေထုပ် တစ်လုည့်စီ ထမ်းကာ ခရီးဆက်ခဲ့ကြလေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "လောကသား အများကဝေ"

အဝမြို့တစ်နေရာ . . . ။

နားနေဇရပ်တစ်ခု . . . ။

ခရီးပမ်းလာသဖြင့် ဇရပ်သို့ရောက်လျှင် အိပ်ကြ၏။ ချိုပါသား ညီသည် ဉာဏ်ဆင်နေရသဖြင့် အိပ်မရ။ ပခန်းသား လေက်တိုကမူ နှစ်ခြိုက်စွာ အိပ်နေ၏။

လေက်တိုနှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့လျှင် ငွေအိတ်ကိုယူကာ သဲတွင်မြှုပ်နှံ၏။ ထို့နောက် ဇရပ်ပေါ်ပြန်တက်လာသည်အထိ လေက်တို မနိုးသေး။

ထို့ကြောင့် အနီးရှိ ခရီးသွား သုံးယောက်နှင့် ညီ





အမြန်ပေါင်းသင်း၏။ အကူအညီတောင်းခံ၏။

"ဒီလို ကူညီတဲ့အတွက် ကျုပ်တို့ ဘယ်လို အကျိုးရှိမလဲ"

တစ်ဦးက မေး၏။

"ကျုပ်အကြံ ထမြောက်အောင်မြင်ရင် မင်းတို့ကို ငွေအများကြီး ပေးမယ်"

"ဒါဆို ငါတို့ ကူညီမယ်"

"အားလုံး ကျေးဇူးပဲ"

ချိုပါသား ညီ ပြန်လှဲနေ၏။

မကြာမီ ပခန်းသား လေက်တို အိပ်ရာမှ နိုးလာ၏။ အိပ်ရာမှ နိုး၍ ကြည့်လိုက်လျှင် ငွေအိတ် ပျောက်ချင်းမလှ ပျောက်ဆုံးနေသည်ကို တွေ့ရ၏။

"အင်း . . . ငွေအိတ်က ပျောက်ပြန်ပြီ။ သို့သော် ငွေအိတ်သည် ဝေးဝေးသို့ မရောက်နိုင်။ သည်အနီးအနားတွင်ပင် ဝှက်ထားပုံ ရ၏"

ဟု စဉ်းစား၏။ ချိုပါသား ညီအား . . .

"ကဲ . . . ညီ၊ ငွေအိတ် မတွေ့တော့ပါလား။ ခြေထောက်ပေါက်သွားတာတော့ မဖြစ်နိုင်ဘူး"

ဟု မေးပြော,ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ချိုပါသား ညီကြ . . .

"မပြောချင်ပါဘူး သူငယ်ချင်းရယ်။ အတော်စောစောက ခွေးတစ်ကောင် ငွေအိတ်ကို ချီသွားတယ်။ တို့လိုက်ပေမယ့် မမီလိုက်ဘူး"

ဟု ပြောၐ်။

"ခွေးက ဒီလောက်မြန်လား"

"မြန်တာမှ ပြောမပြတတ်အောင် မြန်တယ် သူငယ်ချင်း။ ငါ့အထင်တော့ သည်ခွေးဟာ သာမန်လို့တောင် မထင်ဘူး။ နာနာဘာဝ တစ်ကောင်ကောင် ဖန်ဆင်းထားတာလို့ထင်တယ်"

"ဟုတ်လား"

"ဟုတ်တယ် သူငယ်ချင်း။ တကယ်လည်း ထူးဆန်းတယ်။ ငါ့အထင်တော့ ငါတို့လုပ်ရပ်တွေကို ဦးပြောင် ရောက်ရာဘဝက မကျေမနပ်ဖြစ်ပြီး အခုလို ခွေးတစ်ကောင် အဖြစ်နာနာရုပ် ဖန်ဆင်းပြီး ဒီပစ္စည်းကို လာယူတာလို့ ငါထင်တယ်"

ငလက်တိုက တစ်ချက်ကြည့်လိုက်ပြီး . . .

"မင်းက ဒီလို ဘာလို့ပြောရတာလဲ"

ဟု မေးလေၐ်။

"ပြောရတာက အကြောင်းရှိတယ်။ မင်းစဉ်းစား





ကြည့်လေ။ သည်ခွေးဟာ မမျှော်လင့်ဘဲ ရောက်လာရုံတင် မကဘူး။ တို့က ဒီခွေးနောက်ကို လိုက်သွားတော့ ခွေးဟာ သိပ်မြန်လို့ ငါတို့ရှေ့မှာတင် ပျောက်ချင်းမလှ ပျောက်သွားတယ်"

ပခန်းသား ငလက်တိုက . . .

"နေပါဦးကွ။ မင်းက ငါတို့ ငါတို့လို့ ပြောနေတယ်။ ဒီခွေး ပိုက်ဆံအိတ်ကို ချီသွားလို့ လိုက်တာ မင်းတစ်ယောက်တည်း မဟုတ်ဘူးလား"

ဟု မေးၐ်။

"မဟုတ်ဘူးကွ။ ခွေးကြီး ငွေအိတ်ကို ချီသွားလို့ ငါ ဒုက္ခရောက်နေချိန်မှာ ငါ့ကို ကူညီသူ ရှိခဲ့တယ်။ သူတို့က တခြားသူတွေ မဟုတ်ဘူး။ ဟိုလူတွေပဲ"

ဟု စရပ်ပေါ်တွင် ရှိနေသောသူများကို လက်ညှိုးညွှန်ပြၐ်။

ပခန်းသား ငလက်တိုက ကြည့်လိုက်ရာ လူငယ်သုံးဦးကို တွေ့ရၐ်။ ထိုစဉ် လူငယ် သုံးဦးထဲမှ တစ်ဦးက ပခန်းသား ငလက်တိုကို ပြုံးကြည့်လိုက်ပြီး . . .

"ဟုတ်ပါ့ဗျာ။ ဒီခွေးက တကယ်ကို ထူးခြားတဲ့ခွေးပါပဲ။ အင်မတန်လည်း ရဲရင့်သကိုး။ အင်မတန်လည်း မြန်



www.burmeseclassic.com

www.burmeseclassic.com



သဗျ။ ကျုပ်တို့ ဝိုင်းလိုက်တဲ့ကြားက ပျောက်ချင်းမလှ ပျောက်သွားတာ” ဟု ပြော၏။

တစ်ဦးက . . .

“ကျုပ်တို့ အရမ်းကို အံ့ဩနေတာ။ ဒီလိုခွေးမျိုး တစ်ခါမှ မမြင်ဖူးဘူး”

ဟု ပြော၏။

တစ်ယောက်တစ်ပေါက် ပြောဆိုသံကို နားထောင်ရင်း ပခန်းသား လေက်တို ပြုံးလိုက်၏။ စိတ်ထဲတွင်မူ ချိုပါသား ညို့နှင့် ပတ်သက်၍ စဉ်းစားနေမိ၏။ ချိုပါသား ညိုသည် မိမိအပေါ် တကယ်တော့ ကောင်းသူမဟုတ်။

ငွေထုပ်ရရှိရန် အမြဲတမ်း မရိုးမသား ကြံဆောင်၏။ ညိုသည် ကောက်ရိုးပုံတွင်းလည်း ဝင်ရောက်ပုန်းခဲ့ဖူး၏။ လူသေအဖြစ်လည်း ဟန်ဆောင်ခဲ့၏။ ဖခင်နှင့် ပူးပေါင်းကာလည်း အကောက်ကြံခဲ့ဖူး၏။

ထို့ကြောင့် ယခုကိစ္စကိုလည်း လုံးဝ ယုံကြည်လို့မရ။

ချိုပါသား ညိုသည် ဤလူသုံးယောက်အား တံစိုးလက်ဆောင်ပေးကာ စည်းရုံးပြီး မရိုးမသား မကြံဟု မပြောနိုင်။

ငွေအိတ်ကိုလည်း နီးစပ်ရာ တစ်နေရာတွင် မြှုပ်နှံ





သို့ဝှက်ထားသည်ဖြစ်မည်ဟု တွေးမိ၏။

ယင်းသို့ တွေးမိသည်နှင့်တပြိုင်နက် ပခန်းသား လေက်တို သည် အစီအစဉ်တစ်ခုကို ပြုလုပ်ရန် စဉ်းစားရ၏။ အကောင်အထည် ဖေါ်၏။

လူသုံးယောက်အား တစ်ဦးစီ တွေ့ဆုံကာ ခွေးနှင့် ပတ်သက်၍ မေးမြန်း၏။

ပထမလူက . . . ခွေးနက်ကြီးတစ်ကောင်သည် ငွေထုပ်ကို ချီကာ တောင်စူးစူးသို့ ပြေးသည်ဟု ဆို၏။

ဒုတိယလူက . . . ခွေးနီကြီးတစ်ကောင်သည် ငွေထုပ်ကို ချီကာ မြောက်စူးစူးအရပ်သို့ ပြေးသည်ဟု ဆို၏။

ပခန်းသား လေက်တိုသည် လူသုံးဦးအနက် နှစ်ဦးကို မေးပြီးသောအခါ နောက်ထပ် တစ်ဦးကို မမေးတော့။ ချိုပါသား ညိုကို ခေါ်ကာ မေးမြန်း၏။

ချိုပါသား ညိုက . . .

“ခွေးက ခွေးဖြူကြီးပါကွာ။ ကြီးလိုက်တာကလည်း တကယ်ကို အံ့စရာပဲ။ ခွေးကကြီးသလို၊ မြန်လည်းမြန်တယ်။ ငွေထုပ်ကို ပြေးချီပြီး အနောက်စူးစူးကို စွတ်ပြေးတာပဲ”

ဟု ပြောပြ၏။

ချိုပါသား ညို၏စကားဆုံးလျှင် ပခန်းသား



www.burmeseclassic.com

www.burmeseclassic.com



ငလက်တို့က ပြုံးလိုက်၏။ ထို့နောက် ချီပါသား ညီကို စေ့စေ့ကြည့်ပြီး . . .

"ညီ၊ မင်းက ငါတို့ အမျိုးမျိုး လှည့်စားနေသလို၊ အမျိုးမျိုး အကောက်ကြံနေပါကလား။ အခု မင်းတို့ပြောတဲ့ စကားကို နားထောင်ကြည့်လိုက်တော့၊ မင်းတို့စကားဟာ အပြီးအဆောက်မတည့် ဖြစ်နေတယ်။ တစ်ယောက်က ငွေဖြူ၊ တစ်ယောက်က ငွေမည်း၊ တစ်ယောက်က ငွေနီ၊ တစ်ယောက် တစ်မျိုး ပြောနေကြတယ်။ ဒါတွေကို ဆန်းစစ်ကြည့်ရင် မမှန်ဘူးဆိုတာ ပေါ်လွင်နေတယ်"

ဟု ပြောလိုက်ရာ ချီပါသား ညီခမျာ အတော်ကလေး စိုးစိုးထိတ်ထိတ်ဖြစ်သွားသည်။

"ငါ အမှန်ပြောတာပါကွာ"

ဟု မျက်နှာငယ်ကလေးနှင့် ပြော၏။

"လုပ်မနေနဲ့ ညီ၊ မင်း ငါ့ကို လိမ်လို့မရဘူး။ မင်း ငွေအိတ်ကို သဲထဲမှာမြှုပ်နှံထားတာ ငါသိတယ်။ မင်း အမြန် ပေါ်ရင်ပေါ်၊ ဒါမှမဟုတ် ငါကိုယ်တိုင် ဖော်ရရင်၊ သဲထဲက ငွေအိတ်ဟာ ငါပိုင်ငွေအိတ်ဖြစ်ပြီ"

"ဟင်"

"ဟုတ်တယ်။ မင်းနဲ့ မသက်ဆိုင်တော့ဘူးလို့ ငါ





သတ်မှတ်လိုက်မယ်"

ဟု ပြောပြီး ထိုင်ရာမှ ထလိုက်၏။ သဲမြေတွင်း မြှုပ်ထားသည့် ငွေအိတ်ကို တူးဖော်ပြန် ပြလိုက်၏။ ထိုအခါ ချီပါသား ညီက ပျာပျာသလဲ ပခန်းသား ငလက်တို့ကို လှမ်းဆွဲ၏။

"ဒီလိုတော့ မလုပ်ပါနဲ့ သူငယ်ချင်းရယ်။ ငါတို့ဟာ သူငယ်ချင်းတွေပဲ။ မင်းကို ချစ်လို့ကျီစားတာပါ။ စိတ်မဆိုးပါနဲ့" ဟု ဆို၏။

ချက်ခြင်း ငွေအိတ်ကို သဲမြေတွင်းမှ ဖော်ကာ ပခန်းသား ငလက်တို့အား ပေးလေ၏။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "မြွေမြွေချင်းမို့ ခြေမြင်သည်"

စကားတောင်စားအမတ်၏အထံသို့ ဆုံးဖြတ်ခံရန် လာခဲ့ကြသော ပခန်းသား လေကဲ့တိုနှင့် ချိုပါသား ညြို့ တို့သည် တောင်သမံအင်းသို့ ရောက်လျှင် နားကြ၏။ မိုးတွင်း ဖြစ်သဖြင့် တောင်သမံအင်း ကျယ်ကျယ်တွင် ရေတွေ ဖွေး နေ၏။

တောင်သမံအင်း ဇရပ်သို့ရောက်လျှင် ခရီးကလည်း ပန်းသဖြင့် တရေးတမော အိပ်ကာနားကြ၏။

ချိုပါသား ညြို့သည် အစဉ်အမြဲ ငွေကိုအပိုင်ရစေရန် ကြံစည်နေသောသူ ဖြစ်သည်နှင့်အညီ၊ ယခုလည်း မည်သို့





ကြံဆောင်ရမည်ကို စဉ်းစားနေ၏။ ယင်းသို့စဉ်းစားနေစဉ် တစ်ဘက်မှ (ပခန်း သား လေကဲ့တို) ဟောက်သံ ကြားရ၏။

ချိုပါသား ညြို့ကြည့်လိုက်ရာ ပခန်းသား လေကဲ့တို အိပ်နေသည်ကို တွေ့ရ၏။ "သူတောင် အိပ်နေပါကလား" ဟု စဉ်းစားပြီး၊ လေကဲ့တို တကယ်အိပ်၊ မအိပ်ကို စူးစမ်း၏။

စင်စစ်မူ ပခန်းသား လေကဲ့တိုသည် တကယ် အိပ် သည်မဟုတ်။ အခြေအနေ သိလို၍ အိပ်ချင်ယောင်ဆောင် ခြင်း ဖြစ်၏။ ချိုပါသား ညြို့မှ လေကဲ့တို တကယ်အိပ်၊ မအိပ် စူးစမ်းနေပြီး "ဒါဟာ ရိုးသားမှု မဟုတ်ဘူး။ ငါ အိပ်ချင်ယောင် ဆောင်နေမှ" ဟု စဉ်းစား၏။

ပခန်းသား လေကဲ့တို အိပ်ချင်ယောင်ဆောင် နေ သည်ကို၊ ချိုပါသား ညြို့က တကယ်အိပ်နေသည်ဟု ထင်၏။

"အင်း . . . သူတော့ တကယ်အိပ်နေပြီ။ ငါ အခွင့်ရတုန်း စီစဉ်သင့်တာ စီစဉ်မှ"

ဟု စဉ်းစားပြီး ငွေအိတ်ကိုယူကာ တောင်သမံအင်း တံထားအောက်သို့ ဆင်း၏။ ငွေအိတ်တွင်းမှ ငွေများကို ထုတ်ကာ ပုဆိုးတွင်းသို့ ထည့်၏။ ထို့နောက်အမှိုက်များနှင့် အုပ်ကာ ဝှက်၏။

ငွေအိတ်တွင်းသို့မူ ကျောက်စလစ်ခဲများ ထည့်၏။



www.burmeseclassic.com

မှုလနေရာတွင် ပြန်ထားး၏။

ယင်းသို့ ရှိုပါသား ညီသည် ပခန်းသား လေက်တို နှင့် ယှဉ်တွဲကာ အိပ်၏။

♠ ♠ ♠

မကြာမီ ပခန်းသား လေက်တို အိပ်ယာမှ နိုးလာ၏။ ရှိုပါသား ညီက . . .

"မင်း၊ အိပ်လှချည်လား"

ဟု မေး၏။

"မပြောပါနဲ့ကွာ။ ခရီးကလည်း ပန်းလာလို့၊ အိပ်လို့ကလည်း ကောင်းလိုက်တာ အရမ်းပဲ။ အိပ်ကောင်းသလို၊ အိပ်မက်ကလည်း ကောင်းပါ့"

ဟု ပြော၏။

"အိပ်မက်က ဘာမက်လို့လဲ"

"အိပ်မက်ထဲမှာ ငါ့ငွေအိတ်ကို အပိုင်စီးသူတွေ ပေါ် နေတယ်ကွ။ ပြီးတော့ ငါ ငွေအိတ်ဆုံးရှုံးသွားတယ်လို့ မက်တယ်" ဟု ပြောပြ၏။ ညီက ပြုံးပြီး . . .

"အိပ်မက်ဆိုတာ သွေးလေချောက်ချားရင်လည်း မက်တတ်သလို၊ စိတ်စွဲလန်းမှု ရှိရင်လည်း မက်တတ်တာပါပဲ။ ဒါကို အတည်မယူပါနဲ့ကွာ"





ဟု ပြော၏။

ပခန်းသား လေက်တိုက ပြုံးနေ၏။

ထို့နောက် ညီက . . .

"ကဲ . . . တို့လည်း အချိန်ရှိတုန်း ခရီးဆက်စို့"

ဟု ဆို၏။

"ကောင်းသားပဲ ညီ"

ပခန်းသား လေက်တိုနှင့် ရှိုပါသား ညီတို့သည် ခရီးဆက်ကြ၏။ မိုးအဆက်မပြတ် ရွာထားသဖြင့် ပတ်စန်း ကျင်တခွင်တွင် ရေတွေဖွေးနေ၏. သူတို့ ဒူးလယ်၊ ပေါင်လယ် ရေကိုဖြတ်ရ၏။ ရှိုပါသား ညီသည် ရေကိုဖြတ်ရင်း လဲပြို ဟန်ပြု၍ အိတ်ထဲမှ ခဲလုံးများကို ငွေများဟန်ဖြင့် ပွင့်ကျသွား ဟန်ပြု၏။

"ဟာ . . ., ငွေ . . ငွေထုပ် ပွင့်ကျသွားပြီ"

ပခန်းသား လေက်တိုက ပြောလိုက်သလို၊ ရှိုပါသား ညီကလည်း သယ်ဟန်ပြု၏။ သို့သော် အစကတည်းက စီစဉ်ပြုထားသဖြင့် အိတ်တွင်းမှ ပစ္စည်းများသည် ကြွက်တွင်း ထဲသို့ ရေလောင်းချသကဲ့သို့ ဒလဟော ကျသွားလေတော့၏။

"ဟာ . . . ဒုက္ခပါပဲ။ ငွေတွေတော့ ရေထဲ ကျ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိုးရိမ်ဟန်ဖြင့် ပြော၏။

ပခန်းသား လေက်တိုသည် ချိုပါသားညို ဟန်လုပ် ပြောမှန်းသိသဖြင့် မသိမသာ ကြိတ်ပြုံးပြုံးလိုက်လေ၏။ ဒါကို ညိုမသိ။

သို့စဉ်လျက် ညိုသည် ဟန်အပြည့်နှင့် . . .

"သူငယ်ချင်းရယ်၊ ငါ့ရဲ့ပေါ့ဆမှုကြောင့် တို့ဆင်းရဲဒုက္ခခံပြီး ရယူခဲ့တဲ့ငွေတွေ ရေထဲကျသွားပြီ"

ဟု ပြော၏။ ပခန်းသား လေက်တိုက သက်ပြင်းချလိုက်ပြီး . . .

"ဘာတတ်နိုင်မလဲ သူငယ်ချင်း ညိုရယ်။ အခုဖြစ်တဲ့ကိစ္စကလည်း မင်းကိုယ်တိုင် ဆုံးရှုံးစေလိုတဲ့စိတ်နဲ့ လုပ်တာမှ မဟုတ်ဘဲ။ ဘာတတ်နိုင်မလဲကွာ။ ပစ္စည်းသခါရ ဆိုတဲ့စကားက မှန်နေတာကိုး"

ဟု ပြော၏။

ချိုပါသား ညိုက . . .

"ဒါတော့ ဒါပေါ့ကွာ။ ဒါပေမယ့် အခုကိစ္စက ငါ့ရဲ့ ပေါ့ဆမှုကြောင့် ဖြစ်တာမို့၊ ငါ့မှာ တာဝန်ရှိပါတယ်။ဒါကြောင့် ငါကိုယ်တိုင်ပဲ ရေထဲကျသွားတဲ့ ပစ္စည်းတွေကို ပြန်ဆယ်ပေးပါ့မယ်" ဟု ပြော၏။





"ဘယ်တတ်နိုင်မလဲ ညိုရယ်။ ဒီအင်းမှာက လူတွေ လွှတ်ထားတဲ့ ငါးမန်း၊ ငါးဆင်တွေက လူလောက် ကြီးနေကြပြီ။ ဒီကောင်တွေနဲ့တွေ့ရင် မင်းအသက်အတွက် အန္တရာယ်ရှိနိုင်တယ်။ လုပ်မနေပါနဲ့ သူငယ်ချင်းရယ်။ ကိုယ်ထိုက်နဲ့ ကိုယ်ကံလို့ သဘောထားပြီး ပြန်ကြစို့ရယ်ပါ"

ဟု ပြော၏။ ပခန်းသား လေက်တိုသည် ဘယ်လို ဟန်ဆောင်ပြောပြော မရတော့၊ ရွာသို့ ပြန်ရန်သာ အတန်တန် ပြောနေသဖြင့် လက်လျှော့လိုက်သည်။ နှစ်ယောက်သား ပြန်လှည့်လာခဲ့၏။

သို့သော် ပခန်းသား ညိုက စရပ်ပေါ်သို့ ရောက်လျှင် . . .

"ကဲ . . . သူငယ်ချင်း ညို၊ မင်း ပြန်တော့။ ငါကတော့ ဟောဒီဇရပ်မှာ နေခဲ့တော့မည်"

ဟု ပြော၏။

"ဘာလို့ နေခဲ့မလဲ သူငယ်ချင်းရယ်။ ငါ မင်း အတွက် စိတ်မချဘူး"

ဟု ပြော၏။ လေက်တိုက . . .

ငါ့အတွက် စိတ်ချပြီး၊ မင်း ပြန်ပါ။ ငါကတော့ ဟောဒီ အင်းတစ်လျှောက်နဲ့ တံတားအောက်တွေမှာ ငွေ ရတာ



www.burmeseclassic.com

www.burmeseclassic.com



သလောက် ရှာပြီးမှ ပြန်မယ်"

"မင်း တကယ်မပြန်ဘူးပေါ့"

"ဟုတ်တယ် သူငယ်ချင်း ညီ၊ ငါ မပြန်ဘူး၊ ငါ့ငွေ ပြန်မရချင်း မပြန်ဘူး"

ဟု ပြောသောအခါ ချိပါသား ညီ၏ အတော်ကလေး စိတ်ပျက်လက်ပျက် ပြန်သွားရ၏။ သည်အတိုင်းဆိုလျှင် "ပခန်းသား လက်တို အိပ်သည်မှာ တကယ်မဟုတ်တန်ရာ၊ အိပ်ဟန်ဆောင်သည်ပဲ ဖြစ်မည်" ဟု တွေးမိ၏။

"လက်တို အိပ်ဟန်ဆောင်လျှင် မိမိ ပစ္စည်းဝှက်သည်ကို တွေ့မလိမ့်မည်။ သို့ဆိုလျှင် မိမိ ပြန်လျှင် လက်တို ပစ္စည်းအရယူမည်မှာ မုချဖြစ်၏။

သည်ပုံအတိုင်းဆို ဆုံးရှုံးမှုမှအပ ဘာမျှမရနိုင်။

ချိပါသား ညီက သက်ပြင်းရှိုက်လိုက်ပြီး . . .

"ဒီအတိုင်းဆို ငါပဲ အလျှော့ပေးရတော့မည်"

ဟု စဉ်းစားပြီး ကဖျာကယာ အင်းထဲသို့ ဆင်းသွားပြီးလျှင် တံတားအောက်တွင် ဝှက်ထားသော ငွေများကို ပြန်ယူလာ၏။

ပခန်းသား လက်တိုရှေ့တွင် ပစ္စည်းထုပ်ကို ချလိုက်ပြီး . . .





"သူငယ်ချင်း လက်တို၊ ငါ့ကို စိတ်မဆိုးပါနဲ့။ ငါ ရေထဲသို့ ချလိုက်သည်မှာ ငွေမဟုတ်ဘဲ ကျောက်ခဲတို့သာ ဖြစ်ပါတယ်။မင်းကို ကျီစားတာပါ သူငယ်ချင်းရယ်"

ဟု ပြော၏။ လက်တိုက ပြုံးလိုက်ပြီး . . .

"ပြောမနေနဲ့တော့ ညီ၊ မင်းလိမ်လည်သမျှကို ငါ သိပြီးသားပါ"

ဟု ပြော၏။

ထို့နောက် နှစ်ယောက်သား စကားတောင်စားအမတ်ရှိရာသို့ ငွေအိတ်ကို တစ်လှည့်စီ ထမ်းကာ ခရီးနှင်ခဲ့လေသတည်း။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "အလိုကြီးတော့ အရနည်းသည်"

ပခန်းသား လေက်တို့နှင့် ချီပါသား ညိုတို့သည် အဝမြို့တွင်ရှိသည့် စကားတောင်စားအမတ်၏ နေအိမ်သို့ ရောက်ခဲ့လေပြီ။

စကားတောင်စားအမတ်သည် ပခန်းသား လေက်တို့နှင့် ချီပါသား ညိုတို့ ရောက်လာသည်ကို မြင်လျှင် ယခင်က ကျောင်းနေဘက်များ ဖြစ်ခဲ့ဖူးသဖြင့် ခရီးဦးကြိုပြီး အပြုံးနှင့် ကြိုဆို၏။

"လေက်တို့နှင့် ညိုပါလား။ လာကြဟေ့ . . . လာကြ"





ဟု ဆိုသည်။

လေက်တို့နှင့် ချီပါသား ညိုသည် စကားတောင်စားကို မြင်လျှင် ပြုံးကြ၏။

"သူငယ်ချင်း အမတ်မင်းစကားတောင်စား နေကောင်းတယ်နော်"

"သူငယ်ချင်းတို့ ပို့သသောမေတ္တာကြောင့် ကျန်းမာပါတယ်"

ဟု တုန့်ပြန်၏။

စကားတောင်စားအမတ်သည် ပခန်းသား လေက်တို့နှင့် ချီပါသား ညိုအား နေရာထိုင်ခင်းများ ပေး၏။ သူတို့ ထိုင်ကြလျှင် စကားတောင်စားက ဤသို့ စဉ်းစား၏။

"ပခန်းသား လေက်တို့နှင့် ချီပါသားညိုတို့သည် ကျောင်းနေဘက် သူငယ်ချင်းများ မှန်သော်လည်း သူတို့နှစ်ဦးက ပခန်းသား၊ ချီပါသားများပီပီ စကားပရိယာယ်ကြွယ်၍ ဉာဏ်နီဉာဏ်နက် များလှ၏။ ရောက်ရာအရပ်တွင် ကောက်ကျစ်စဉ်းလဲ၊ လိမ်ညာလီဆယ်၍ အသက်မွေးသူများ ဖြစ်၏။

သူတို့ အသက်မွေးမှုက မကောင်းမှုဖြစ်၏။

ယခု မိမိထံသို့ ရောက်လာကြသည်မှာလည်း သွားရိုးသားရိုးဟု မပြောနိုင်။ အကြောင်းတစ်ခု၊ အကြံအစည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ရှိဟန်တူ၏။

ထို့ကြောင့် အကြောခံလို့ မဖြစ်။

ပထမဆုံး သူတို့အကြံအစည်ကို သိအောင်ပြုရမည်။ ကိုယ်က ဦးအောင်၊ ကြောအောင် လုပ်ရမည်"

ဟု စဉ်းစား၏။

သို့တွက် စကားတောင်စားက . . .

"ကဲ . . . သူငယ်ချင်းတို့၊ မင်းတို့နဲ့ ငါဟာ ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်သည်။ ယင်းသမို့ ငါမှာ ရာထူးဂုဏ်သိမ် ရှိသော်လည်း ဘာမှကြောက်စရာမလို။ ရှေးက,ကဲ့သို့ ပြောဆိုနိုင်သည်။ သို့သော်လည်း မင်းတို့ တစ်ခု သိထားဖို့က ယခု မင်းတို့ ငါ့ထံလာသည့်အကြောင်းကို မခြွင်းမချန် ပြောဖို့လိုသည်"

ဟု ပြောရာ ညီုက . . .

"စိတ်ချပါ။ ငါတို့ကလည်း မင်းကို အမှန်အတိုင်း ပြောမှာပါ" ဟု ပြော၏။

"စကားတောင်စားက ပြုံး၍ ခေါင်းဆတ်ပြီး . . .

"အေး . . . တကယ်တော့ မင်းတို့ကို ဒီလို ပြောရတာက တခြားကြောင့်မဟုတ်ဘူးကွ။ ရှင်းရှင်းပြောရရင် မင်းတို့မှာ အမှုကြီးငယ် ရှိရင်လည်း မကုန်သင့်တာ မကုန်





အောင်၊ ဒါမှ ငါ ကူညီနိုင်မည်၊ ပြီးတော့ အဖြစ်မှန်ကို သိမှလည်း ငါ ကူညီနိုင်မည်။ ကဲ . . . ပြောစရာရှိတာ မခြွင်းမချန် ပြောတော့"

ဟု ဆိုလျှင် ပခန်းသား လေက်တိုက . . .

"မင်းပြောတာ မှန်ပါတယ် သူငယ်ချင်း။ ရှင်းရှင်း ပြောရလျှင် ငါတို့ပြုခဲ့တဲ့အမှုဟာ အစက ကြံစည်လိမ်လည်မှု ဖြစ်တာမို့ ရုံးပြင်ကနားသို့ ရောက်လို့မဖြစ်ပါ။ ရုံးပြင်ကနား တွင် အဆုံးအဖြတ်ခံ၍ မဖြစ်သဖြင့် မင်းဆီသို့လာကာ စီရင် နိုင်းရခြင်း ဖြစ်ပါသည်"

ဟု ဆို၏။

"အဖြစ်ကို ပြောစမ်းပါ"

သည်အခါတွင်တော့ ချီပါသား ညီုက . . .

"အမှန်ကို ပြောရလျှင် ငါနဲ့ လေက်တိုတို့ ကွယ်လွန်သူ သူဌေးဦးပြောင်၏ သားထံသို့သွားကာ လေက်တိုက သျှောင်တစ်လုံး အဆုံးခံ၍ ဘုန်းကြီးလုပ်ခဲ့သလို ငါကကပ္ပိယ လုပ်ခဲ့ပြီး ငွေတစ်တင်း လိမ်လည်ခဲ့သည်။ ယင်းသို့ လိမ်လည် ရသောငွေကို ခွဲဝေသည့်အခါ သျှောင်တစ်လုံးအဆုံးခံသည့် လေက်တိုက ပိုရသင့်သည်၊ ကပ္ပိယလုပ်၍ ကူညီခဲ့သူ ငါက ပိုရသင့်သည်ဟု အငြင်းပွားကြသဖြင့် သင့်ထံသို့ အညီအ



www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေနိုင်ရန် လာကြခြင်းဖြစ်ပါတယ်"

ဟု ဆို၏။ ညီကြပင် . . .

"ငါတို့သည် ထိုအမှုကို ငြိသူစီရင်သည်မှ မလိုလားပါ။ သူငယ်ချင်းဖြစ်သူ စီရင်သည်ကိုသာ လိုလားပါသည်။ သူငယ်ချင်း ကြိုက်သလိုစီရင်ပါ။ ငါတို့ ကျေနပ်ပါသည်"

ဟု ဆို၏။ စကားတောင်စားက . . .

"အိမ်း . . . မင်းတို့က ငယ်သူငယ်ချင်း ဖြစ်သဖြင့် မျှတစွာ ငါ စီရင်ပေးမည်။ ငါ၏ တရားသဖြင့် စီရင်မှုကို နားထောင်ကြ"

ဟု ဆိုပြီး ပုံပြင်တစ်ပုဒ်ကို ဦးစွာပြောပြ၏။

♠ ♠ ♠

ပုံပြင်က သည်သို့ဖြစ်၏။

ရှေးသရောအခါက ဝေဒဗ္ဗ ပုဏ္ဏားကြီးနှင့် တပည့် ပုဏ္ဏားငယ်တစ်ဦးရှိ၏။ တစ်နေ့၌ ပုဏ္ဏားကြီးသည် တပည့်ကိုခေါ်ကာ၊ ခရီးတစ်ခုကို ထွက်ခဲ့၏။ တောလမ်းတစ်ခုကို အဖြတ်တွင် ခိုးသား ငါးရာနှင့် တွေ့၏။

ခိုးသား ငါးရာက ဖမ်းဆီးပြီး ပုဏ္ဏားကြီးကို ပြော၏။

"အို . . . ပုဏ္ဏားကြီး၊ သင်တို့နှစ်ဦးအနက် တစ်ဦးကို





ငါ လွှတ်မည်။ လွှတ်သူက ဥစ္စာပစ္စည်း ရှာဖွေ၍ ပြန်လာရမည်။ ထိုသို့ တစ်ဦးက ဥစ္စာပစ္စည်း သွားရှာစဉ် တစ်ဦးက အချုပ်ခံ နေရမည်။ ဥစ္စာပစ္စည်းရှာ၍ ပြန်လာလျှင် နှစ်ဦးစလုံးကို လွှတ်မည်"

ထိုအခါ ပုဏ္ဏားကြီးက . . .

"ငါ ပစ္စည်းဥစ္စာ အရှာသွားမည်"

ဟု ဆိုသဖြင့် ပုဏ္ဏားကြီးကို လွှတ်လိုက်၏။

ပုဏ္ဏားကြီးက မသွားမီ တပည့် ပုဏ္ဏားငယ်နှင့် တွေ့၏။

"ချစ်တပည့်၊ မင်းလွတ်မြောက်ရေးအတွက် ငါ ပစ္စည်းဥစ္စာ ပြန်ရှာမည်။ အသင် ဘာမှ စိတ်မပူနဲ့။ ငါ့အိမ်တွင် ပစ္စည်းဥစ္စာရှိ၍ ယူပြီးပြန်လာယုံသာ ရှိ၏"

ဟု ဆို၏။

တပည့်ပုဏ္ဏားက . . .

"ဆရာ . . . ဆတ်ဆက်ပြန်လာပါ"

ဟု ဆို၏။

"စိတ်ချ တပည့်ငယ်၊ ငါ ဆက်ဆက်ပြန်လာမည်။ ငါ့ကတိ တည်စေရမည်။ သည်ကဲ့သို့ပင် တပည့်ကိုလည်း ငါ အထူးမှာကြားစရာ ရှိ၏"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။

"ဘာဆိုတာ ပြောပါ ဆရာ"

ဟု မေး၏။

"ငါမှာချင်တာ တခြားမဟုတ်ဘူး တပည့်။ ယခု အခါတွင် ရတနာမိုး ရွာစေသောနက္ခတ်သည် တည်ရှိနေ၏။ "ဝေဒဗ္ဗ မန္တန်" ကို ရွတ်ဆိုလျှင် နက္ခတ်နှင့်ယှဉ်လျှင် ရတနာမိုး ရွာစေမည်။ တပည့် မရွတ်မိဖို့ အရေးကြီးသည်"

ဟု ဆို၏။

"စိတ်ချပါ ဆရာ"

ဟု ဆို၏။

ယင်းသို့ဖြင့် ပုဏ္ဏားကြီးသည် ဥစ္စာပစ္စည်း ရှာဖွေရန် ပြန်သွား၏။

ပုဏ္ဏားကြီး ပြန်၍ မကြာမီ တပည့်ပုဏ္ဏားသည် ထိုသို့ ဆင်ခြင်မိ၏။

"ပုဏ္ဏားကြီး ပြန်လာမည်ဆိုသော်လည်း ငါယုံ၍မရ။ ဆရာပုဏ္ဏား ပြန်မလာလျှင် ခိုးသားများကလည်း ငါ့အပေါ် ငြိုငြင်ပြီး ငါ့အသက်ကို ရန်ရှာနိုင်၏"

"လောကတွင် မိမိအသက်ထက် အရေးကြီးသော အရာသည် မရှိ"





"ဆရာဖြစ်သူအား ကတိပေးထားသော်လည်း "ဝေဒဗ္ဗ မန္တန်" အား နက္ခတ်ယှဉ်လျှင် ငါ ရွတ်ဆိုရမည်။ ဤ သည်မှာ ငါ့အတွက် အသက်ရှင်ရေး နည်းလမ်းတစ်ခု ဖြစ်၏"

ဟု ဆိုချင်မိ၏။

သို့နှင့် ရက်တို့ ညောင်းခဲ့၏။

ပုဏ္ဏားကြီးလည်း ပြန်မရောက်သေး။

ထိုအချိန်တွင် နက္ခတ်ယှဉ်လာသည်ကို ပုဏ္ဏား ကလေး သိလျှင် ခိုးသားတို့အား ခေါ်၏။

"ဘာအကြောင်းရှိသလဲ ပုဏ္ဏား"

"သင်တို့ ငါ့ဆရာကို စောင့်လျှင် အချိန်ကြာမည် ဖြစ်သလို၊ ဥစ္စာပစ္စည်းလည်း များများစားစား ရမည်မဟုတ်။ ယခုအချိန်တွင် သင်တို့အား ဥစ္စာပစ္စည်း များစွာရရန် ငါ စီမံ ပေးနိုင်၏။ ငါ့ကို လွှတ်မည်ဆိုလျှင် ငါ ကြံဆောင်ပေးမည်"

ဟု ဆို၏။ ထိုအခါ ခိုးသားတို့၏ ခေါင်းဆောင်က

"ထိုသို့ဆိုလျှင် ပုဏ္ဏား စွမ်းဆောင်ပေးပါ။ ငါ သင့်ကိုလွှတ်ရန် တာဝန်ယူသည်"

ဟု ဆို၏။ ခေါင်းဆောင်က ခိုးသားများနှင့် တိုင်ပင်ရာ ခိုးသားတို့က သဘောတူကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပုဏ္ဏားက ဆရာဖြစ်သူက အတန်တန် မှာကြားပါလျက် မိမိလွတ်မြောက်ရေးအတွက်၊ နက္ခတ် ယှဉ်သောအခါတွင် "ဝေဒဗ္ဗ မန္တန်" ကို ရွတ်ရာ ဥစ္စာမိုးရွာပြီး ခိုးသားတို့ ဥစ္စာများစွာ ရခဲ့၏။ ဥစ္စာများစွာရလျှင် ပုဏ္ဏား ကလေးအား လွှတ်လိုက်၏။

ပုဏ္ဏားကလေး လွှတ်သွားပြီး မကြာမီ ခိုးသားများ ထပ်ရောက်လာပြီး၊ ယခင်ခိုးသားတို့ထံမှ ဥစ္စာပစ္စည်းကို တောင်း၏။ ခိုးသားတို့က မပေးကြ။

"သည်ဥစ္စာတို့သည် လုယက်တိုက်ခိုက် ခိုးယူ ရသည့် ဥစ္စာများ မဟုတ်သဖြင့် မပေးနိုင်။ သင်တို့လိုလျှင် ပုဏ္ဏားငယ်ထံသို့ လိုက်၍ တောင်းခံလေ"

ဟု ဆို၏။

သည်အခါ ခိုးသားတို့သည် ပုဏ္ဏားငယ်နောက်သို့ အပြင်းလိုက်ရာ ပုဏ္ဏားငယ်ကို မီလေ၏။ ခိုးသားတို့သည် ပုဏ္ဏားငယ်အား ဥစ္စာမိုးရွာစေသည့် မန္တန်ကို ရွတ်ဆိုရန် အမိန့်ပေး၏။ ပုဏ္ဏားကလေး က . . .

"အသင် ခိုးသားတို့ ရတနာမိုးရွာစေသော ဂါထာ သည် အချိန်မရွေး ရွတ်ဆိုရသည့် ဂါထာမဟုတ်။ နက္ခတ် ယှဉ်မှ ရွတ်ဆိုရသည့် ဂါထာဖြစ်၏။ ယခုအချိန်သည် နက္ခတ်





ယှဉ်သောအချိန် မဟုတ်သဖြင့် ရွတ်ဆိုရမည် မဟုတ်"

ဟု ဆိုလျှင် ခိုးသားတို့သည် ဒေါသအမျက် ချောင်း ချောင်းထွက်ပြီးသကာလ ပုဏ္ဏားကလေးကို သတ်ပစ် လိုက်၏။

ထို့နောက် ခိုးသားတို့သည် ဥစ္စာရသော ခိုးသား တို့ထံ ပြန်လာကာ တစ်ဦးကိုတစ်ဦး လုယက်သတ်ဖြတ် ကြ၏။ ယင်းသို့ လောဘဇောနှင့် တစ်ဦးကိုတစ်ဦး နည်း အမျိုးမျိုးနှင့် လီဆယ်သတ်ဖြတ်ကြရာ ခိုးသားငါးရာအနက် နှစ်ဦးသာ ကျန်ခဲ့တော့၏။

ကျန်ခိုးသား နှစ်ဦးသည်လည်း သွေးစည်းခြင်းမရှိ။ တစ်ဦးကိုတစ်ဦး အကောက်ကြံရန်သာ စဉ်းစားနေ၏။

တစ်နေ့ ခိုးသားနှစ်ဦးအနက် တစ်ဦးက ဥစ္စာစောင့် ပြီး၊ တစ်ဦးက ထမင်းရှာ၏။ ထမင်းရှာသော ခိုးသားသည် ထမင်းရလျှင် ဦးစွာ မိမိအဝစားပြီး ကျန်ထမင်းကို အဆိပ် ခတ်ကာ ယူလာ၏။

"ဥစ္စာစောင့်သူက ဥစ္စာကို နှစ်ဦးပိုင်လို့မဖြစ်။ ငါ တစ်ဦးတည်းသာ ပိုင်ရမည်"

ဟု စဉ်းစားပြီး ထမင်းရှာသူကို သတ်ရန် အကြံ ပြု၏။ အကြံအတိုင်း ထမင်းရှာသူ ရောက်လျှင်၊ ဘာမျှမပြော



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သံလျက်နှင့် လည်ကိုဖြတ်ကာ သတ်၏။

ယင်းသို့သတ်ပြီး ယူလာသောထမင်းကို စားရေ အဆိပ်ပါသဖြင့် ချက်ခြင်းသေလေသည်း ။

♠ ♠ ♠

ပုံပြင်ဆုံးလျှင် ပခန်းသား ငလက်တိုက . . .

"ပုံပြင်က တကယ်ကို ကောင်းပြီး၊ သံဝေဂရစရာပဲ"

ဟု ဆို၏။

စကားတောင်စားက ပြုံးလျက် . . .

"ဟုတ်တယ်၊ ပုံပြင်က သံဝေဂရစရာကောင်းသလို၊ မင်းတို့အဖြစ်ကလည်း ဒီအဖြစ်နဲ့တူနေတယ်။ ရှင်းရှင်းပြောရရင် မင်းတို့နှစ်ဦးဟာလည်း ဒီဥစ္စာကြောင့် ပျက်စီးဖို့လမ်းရှိနေတယ်။ ဒါကြောင့် မင်းတို့ အကျယ်အကျယ်မပြောဘဲ၊ ငါစီရင်တဲ့အတိုင်းသာ လိုက်နာဖို့ လိုတယ်"

ဟု ပြောရာ . . .

"စီရင်ပါ။ လိုက်နာပါ့မယ်"

ဟု ဆိုကြ၏။

"ဒါဆို ကောင်းပြီ။ မင်းတို့ လိုက်နာမယ်ဆို၍လည်း ဝမ်းသာသည်။ အကယ်၍ မလိုက်နာဘဲ အခင်းဖြစ်နေလျှင် သတင်းပျံ့သွား၍ သူဌေးသား မောင်ကောင်းခန့် သိလျှင်





တရားခွဲသဖြင့် တစ်ပြားတစ်ချပ်မှ မရနိုင်သလို၊ ထောင်နန်း စံရဖို့ သေချာလှတယ်။ မင်းတို့ တိတ်တိတ်သာနေကြ"

ဟု ပြောပြီး ငွေထုပ်တွင်းမှငွေကို ညီမျှစွာ နှစ်ပုံပုံ၏။ တစ်ယောက်တစ်ပုံစီ ယူစေ၏။

ထို့နောက် စကားတောင်စားက . . .

"သူငယ်ချင်းတို့၊ သူငယ်ချင်းတို့အတွက် ငါ တရားမျှတစွာ စီရင်ပြီးခဲ့ပြီ။ သို့သော် တရားစီရင်ရာတွင် သူစိမ်းဖြစ်စေ၊ သူငယ်ချင်းဖြစ်စေ တရားစီရင်ခြင်းထုံးစံကိုမူ ဖျက်၍မရ။ တရားစရိတ်ကို အညီအမျှ ခွဲဝေခံစားရမည်"

ဟု ဆို၏။

"တရားစရိတ် ဘယ်မျှကျသည်ကို ပြောပါ"

ဟု ဆိုကြ၏။ ထိုအခါ စကားတောင်စားက တရားစရိတ်အဖြစ် ထိုသို့သတ်မှတ်၏။

–အမဲကြီးနှင့် အိမ်ဦးနန်းနှင့် တာရေးများ ပူဇော်ခ တစ်ဘက်လျှင် တစ်ပြည်စီ။

–ဝန်ခံချက်ရေး တစ်ပြည်။

–လုလင်က တစ်ခွက်စီ။

–လှက်ဖိုး တစ်စလယ်စီ။

–ကွမ်းဖိုး တစ်စလယ်စီ . . . ။ စသည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်၏။

ပခန်းသား လေက်တိုနှင့် ချိုပါသား ညိုတို့ စေးရ လေ၏။ စိတ်ထဲတွင်မူ မကျေနပ်ကြ။ သို့သော် စကားတောင်စားကို ကြောက်သည်က တစ်ကြောင်း၊ လူကြားသိမည်ကို စိုးသည်က တစ်ကြောင်းကြောင့် ရတတ်သမျှယူကာ မကြည်မသာနှင့် နေရပ်သို့ ပြန်သွားကြလေသတည်း။ ။

♠ ♠ ♠

## အခန်း (၄)

## ငါးနှင့်ဆား လဲလိုက်သည်

တစ်ခါက ကလိမ်ကလည့်လုပ်ရန် အမြဲစဉ်းစားသည့် ပခန်းသား လေက်တိုသည် အကြဲတစ်ခုနှင့် လှေတစ်စင်း ဝယ်၏။ လှေပေါ်တွင် သဲအပြည့်တင်ပြီးသကာလ သဲပေါ်တွင် ဆားများဖြူး၏။

သူ့အကြံက ညောင်တုန်းသို့ ဆင်းကာ ထမင်း၊ ငါးပိ နှင့် လဲရန်ဖြစ်၏။

ထို့နောက် မြင်းခြံမှ စုန်ဆင်းခဲ့၏။

ထိုစဉ် ချိုပါသား ညိုသည်လည်း လှေတစ်စင်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်၏။ ထိုလှေပေါ်တွင် ထန်းလက်များကို ဝါးလုပ်ကာ ဆေးဆိုး၍လှေအပြည့်တင်၏။ ထန်းလက်ဆေးဆိုးဝါးများကို လုံခြုံစွာ အုပ်ဆိုင်းထား၏။

သူ့အကြံက "မြစ်ရိုးတစ်လျှောက် ထန်းလက်ဆေးသုတ်ဝါး တို့ကို ပေါင်နှံမည်" ဟု စိတ်ကူး၏။

ထိုအကြံနှင့် ပခုက္ကူမှ ဆန်တက်လာ၏။

ကွမ်းရွာဆိပ်ကမ်းတွင် မြင်းခြံမှ စုန်ဆင်းလာသည့် ပခန်းသား လေက်တို၏လှေနှင့် ပခုက္ကူမှ ဆန်တက်လာသည့် ချိုပါသား ညျိုး၏လှေတို့ ဆုံကြ၏။

တစ်ည . . . ။

ချိုပါသား ညျိုးသည် ပခန်းသား လေက်တိုအသံကို ကြားလျှင် ဝမ်းသာသွား၏။

ဟု ကြွေးရင်း . . .

"လေက်တိုနှင့် တွေ့တာ အတော်ပဲ။ ငါ သူများကို မလိမ်ခင် ငါ့သူငယ်ချင်းကို လိမ်ရမည်"

ဟု စိတ်ကူး၏။

ထို့အတူ . . .

"သူငယ်ချင်း လေက်တို . . . ၊ သူငယ်ချင်း





လေက်တို" ဟု ခေါ်၏။

ပခန်းသား လေက်တိုကလည်း ချိုပါသား ညျိုး၏ အသံကို ကြားလျှင် . . .

"ဟာ . . . ဒီကောင်နှင့် ဒီအချိန်မှာ တွေ့တာ အတော်ပဲ။ အမြဲတမ်း သူ ငါ့ကို လိမ်နေသည်။ ဒီတစ်ခါတော့ သူ့ကို ငါ ဦးအောင် လိမ်ရမည်"

ဟု စဉ်းစား၏။

ထို့နောက် . . .

"ညျိုး . . . "

"ညျိုး . . . "

ဟု ခေါ်လေသည်။

ထို့နောက် ကုန်းပေါ်သို့ တက်၏။ ကုန်းပေါ်သို့ ရောက်လျှင် နှစ်ဦးဆုံစည်းကြ၏။

"မင်းနဲ့ငါ မတွေ့တာ ကြာပြီ။ မင်းအခု ဘာလုပ်နေလဲ"

ဟု ညျိုးက မေး၏။

"ငါ အခု ဆားကုန်သည် လုပ်နေသည်။ မင်းကော အခု ဘာလုပ်နေလဲ"

ဟု မေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပခန်းသား လေက်တို စကားဆုံးလျှင် ချိုပါသား ညှိုက . . .

"အခု ငါ ဝါးကုန်သည် လုပ်နေတယ်"

ဟု ပြော၏။

ထို့နောက် ပခန်းသား လေက်ကိုက သူ့လှေပေါ်တွင် အသင့်ယူလာသည့် ဆားကို ယူ၍ ချိုပါသား ညှိုကို ပြသလို၊ ချိုပါသား ညှိုကလည်း သူ့လှေပေါ်တွင် အသင့်ပါလာသည့် ဝါးကို ပြ၏။

ထိုအခါ ပခန်းသား လေက်တိုက . . .

"သူငယ်ချင်း ညှို၊ မင်းဝါးက ကောင်းလှ၏။ မင်းဝါးနဲ့ ငါ့ဆား လဲမလား"

ဟု မေး၏။

ချိုပါသား ညှိုက အကြံသမားပီပီ . . .

"တို့ဟာ သူငယ်ချင်းတွေပဲ။ ဘာမလဲနိုင်စရာရှိလဲ"

ဟု ပြော၏။

"ဒါဆို လဲယုံပေါ့။ မင်းလှေနဲ့ ငါ့လှေဟာ အရွယ်ချင်းလည်း တူတယ်။ ဒါကြောင့် လှေချင်းပါလဲကြမယ်"

"ကောင်းပြီ။ လဲကြမယ်"

ယင်းသို့ဖြင့် နှစ်ဦးသဘောတူကြပြီး ဆားလှေနှင့်





ဝါးလှေကို လဲကာ ကိုယ်အလိုရှိရာ အရပ်ဆီသို့ ခရီးဆက်ကြ၏။

လိုရာခရီးသို့ ရောက်၍ ပစ္စည်းများကို စစ်ဆေးရာ ဝါးလှေတွင် အပေါ်မှ ဆားဖုံးပြီး အတွင်းမှသဲချည်း ဖြစ်နေသဖြင့် သဲများကို သွန်ရသလို၊ ဝါးများကလည်း အားလုံး ထန်းလက်ဝါးများ ဖြစ်နေသဖြင့် ရေတွင်မျှောလိုက်လေသည်။

(ဤသည်မှစ၍ "ဝါးနှင့်ဆား လဲသည်" ဟူသော ပုံပြင် ပေါ်ပေါက်ခဲ့ပြီး၊ ယနေ့တိုင် သုံးစွဲနေကြ၏)

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## "ဉာဏ်ကစားသည့် စကားတောင်စား"

စကားတောင်စားအမတ်ကား ဉာဏ်ပညာ ကြွယ်ဝသလို၊ စကားပရိယာယ်လည်း ကြွယ်လှ၏။ စကားစပ်၊ စကားညှပ်များကို သုံးတတ်သလို၊ စိတ်အလိုကျစေရန်လည်း တင်လျှောက်တတ်၏။

ထို့ကြောင့် အများက "ဉာဏ်ကစားသည့် စကားတောင်စား"ဟု သမုတ်ကြ၏။

♠ ♠ ♠



## "အမတ်မိုက်"

စကားတောင်စားသည် အမတ်ပညာရှိ တစ်ဦးဖြစ်၏။ သို့သော် စကားတောင်စားအမတ်သည် မင်းခယောက်ျား ဖြစ်သဖြင့် ကမ်းနားသစ်ပင်နှင့် တူ၏။

အခြေအနေ အတည်အငြိမ် မရှိ။

တစ်ခါတစ်ရံ ချီးမြှောက်ခြင်း ခံရ၏။

တစ်ခါတစ်ရံ ပြစ်တင်ခြင်း ခံရ၏။

တစ်ခါကမူ ဘုရင်မင်းမြတ်သည် စကားတောင်စားအမတ်ကို အတော်ကလေး စိတ်ဆိုးတော်မူခဲ့၏။ စိတ်တော်ညှိုး၊ အလိုမကျ၊ စိတ်ဆိုးလှသဖြင့် အနီးတွင်ရှိသည့် လုံနှင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုးရန်ပင် ဟန်ပြင်ခဲ့ဖူး၏။

စကားတောင်စားအမတ်က ရိုကျိုးစွာ ခစား၏။

ဘုရင်မင်းမြတ်ကမူ စိတ်ဆိုးမပြေသေး။

"ဟယ် . . . စကားတောင်စား၊ ဤ လောက၌ သင့်လောက်မိုက်သည့် အမတ်သည် ရှိသေးရဲ့လား"

ဟု မေးတော်မူ၏။

စကားတောင်စားအမတ်က . . .

"အရှင်ဘုရား၊ လောကကြီးက ကျယ်ဝန်းသလို၊ ကျွန်တော်မျိုးထက် မိုက်သောအမတ်သည် မလွဲမသွေ ရှိနေပါသေးသည်"

ဟု လျှောက်၏။

ဘုရင်မင်းမြတ်က မျက်တော်နီကြီးနှင့် ကြည့်ပြီး -

"ကဲ . . . ဒါဖြင့် နင့်ထက်မိုက်တဲ့ အမတ် ဘယ်မှာ ရှိတယ်ဆိုတာ ပြောစမ်းပါဦး"

ဟု ငေါက်ငမ်း၍ မေးတော်မူ၏။

စကားတောင်စားအမတ်က . . .

"အရှင်ဘုရား၊ ကျွန်တော်မျိုးထက်မိုက်သော အမတ်သည် အမှန်တကယ် ရှိပါသည်။ ထိုမိုက်သောအမတ်က ဘုံရိဒတ်ဇာတ်တော်၌ စူဠလိပ်ကို ရေချသောအမတ်သည်





ကျွန်တော်မျိုးထက် မိုက်သောအမတ် ဖြစ်ကြောင်း တင် လျှောက်ပါသည်"

ဟု လျှောက်တင်လျှင် စိတ်ဆိုးနေသော ဘုရင် မင်းမြတ်သည် စိတ်ဆိုးပြေပြီး ပြုံးတော်မူလျက် အတွင်းတော်သို့ ဝင်သွားလေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "အလိုတော်ကျအတိုင်းပါ ဘုရား"

တစ်နေ့သ၌ ဘုန်းတော် အလွန်တရာ ကြီးမြတ်လှသော ဘုရင်မင်းမြတ်သည် စကားတောင်စားအမတ်ကို အပါးတော်၌ ခစားစေပြီး ပွဲတော်တည်၏။ ပွဲတော်တည်ရာတွင် ဟင်းလျာများစွာလှသော်လည်း ဘုရင်မင်းမြတ်သည် ခရမ်းချဉ်သီးဟင်းကို ခံတွင်းတွေ့သဖြင့် မြိန်ရေရှက်ရေ ပွဲတော်တည်၏။

ထို့နောက် စကားတောင်စားအမတ်ကို ကြည့်ကာ

"အမတ်ကြီး၊ ခရမ်းချဉ်သီးဟင်းက ပွဲတော်တည်ရာတွင် ခံတွင်းတွေ့လှ၏"





ဟု ချီးမွမ်း၏။

သည့်အခါ စကားတောင်စားအမတ်က . . .

"မှန်လှပါ၊ ဘုန်းတော် အလွန်ကြီးမြတ်လှသော အရှင်မင်းဘုရား။ ခရမ်းချဉ်သီးသည် ခံတွင်းကို ကောင်းစေပြီး အလွန်တရာ အရသာရှိသော အသီးဖြစ်၏။ ဓာတ်လေးပါးကိုလည်း ညီညွတ်စေပါသည်။ ပွဲတော်တည်၍လည်း လျော်ပါသည်"

ဟု လျှောက်ထားလေသည်။

♠ ♠ ♠

တစ်ခါသော် ဘုရင်မင်းမြတ်သည် ခရမ်းချဉ်သီးဟင်း ခံတွင်းတွေ့၍ အခါခါ ပွဲတော်တည်ခဲ့ရာ နောက်ဆုံး လေနာရောဂါ ရခဲ့၏။

ယင်းသို့ လေနာရလျှင် ဘုရင်မင်းမြတ်သည် စကားတောင်စားအမတ်ကြီးအား ရှေ့တော်သို့ ခေါ်တော်မူ၏။

"ခစားလျက်ရှိကြောင်းပါ ဘုရား"

ထိုအခါ ဘုရင်မင်းမြတ်က . . .

"အို . . . အမတ်ကြီး၊ ခရမ်းချဉ်သီးဟင်းက လေနာထနေပါကလား"

ဟု မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ မိန့်တော်မူလျှင် စကားတောင်စား အမတ်ကြီးက ပျာယျာသလဲ လျှောက်ထားသည်မှာ . . .

"ဘုန်းတော်အလွန်ကြီးမြတ်လှသော အရှင်မင်းဘုရား။ ခရမ်းချဉ်သီးသည် လေနာ၊ ရင်နာကို ဖြစ်စေသလို၊ ဥပဒ်လည်း ပေးတတ်သဖြင့် ပွဲတော်တည်ရန် မသင့်ပါ"

ဟု လျှောက်ထား၏။ သို့နှယ်ပင် . . .

"ခရမ်းချဉ်သီးသည် လေနာသက်သက်အမှန်သာ ဖြစ်ပါသည် ဘုရား"

ဟု လျှောက်ထား၏။

ထိုအခါ ဘုရင်မင်းမြတ်က စကားတောင်စား အမတ်ကြီးကို ဈေ့ကနဲ ကြည့်လိုက်ပြီး . . .

"ဟဲ့ . . . အမတ်ကြီးရဲ့၊ တစ်ခါတုန်းက နင်ကိုယ်တိုင် ခရမ်းချဉ်သီးသည် အစာကို ကျေညက်စေကြောင်း၊ ဓာတ်လေးပါး ညီညွတ်ကြောင်း၊ ပွဲတော်တည်ရန် သင့်လျော်ကြောင်း တင်လျှောက်ခဲ့ဘူး၏"

"ယခု သင်က လေနာကိုဖြစ်စေသည်ဟု တင်လျှောက်ပြန်၏။ ခရမ်းချဉ်သီးသည် လေစာဖြစ်၍ ပွဲတော်တည်ရန်မသင့်ဟု တင်လျှောက်ပြန်၏။ ဤတင်လျှောက်ချက်များကို ချင့်တွက်ကြည့်လျှင် ရှေ့နောက်မညီ ဖြစ်နေပြီ"





ဟု မိန့်တော်မူ၏။

သည်အခါ စကားတောင်စားအမတ်ကြီးက . . .

"အရှင်မင်းမြတ်၊ သေချာစွာ နားဆင်တော်မူပါ။ ကျွန်တော်မျိုးသည် ခရမ်းချဉ်သီးက သူကောင်းပြုထားသည့် ကျေးကျွန်မျိုး မဟုတ်ပါ။ ဘုန်းတော်အလွန်ကြီးမြတ်လှသော အရှင်မင်းဘုရား၏ ကျေးကျွန်မျိုး စစ်စစ်ဖြစ်သဖြင့် ကျွန်တော်မျိုး ခရမ်းချဉ်သီး၏ အလိုကို လိုက်လျော၍ သံတော်ဦး မတင်နိုင်ပါ။ အရှင်မင်းမြတ်ကျေးကျွန်မျိုး ဖြစ်သဖြင့်၊ အရှင် မင်းဘုရား၏ အလိုတော်ကို လိုက်ခဲ့ရပါသည်"

ဟု တင်လျှောက်လျှင် ဘုရင်မင်းမြတ်သည် ပြုံးတော်မူ၍ အတွင်းဆောင်သို့ ဝင်သွားလေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## “ရေအယောင် လျှော့တော်မူပါလိမ့်မည်”

တစ်ခါက ဧရာဝတီမြစ်ရေသည် လွန်စွာ အတက်ကြမ်းခဲ့၏။ ထို့ကြောင့် ဈေးပြင်ကနားတို့တွင် ရေတို့ ပြည့်လျှံနေ၏။

ထိုသတင်းစကားကို ဘုရင်မင်းမြတ်ရွှေနားသို့ ပေါက်ကြားလျှင် စကားတောင်စားအမတ်ကြီးကို အပါးသို့ ခေါ်တော်မူ၏။ အမတ်ကြီး အပါးတော်သို့ရောက်လျှင် ဘုရင်မင်းမြတ်က . . .

“အမတ်ကြီး၊ ဧရာဝတီမြစ်ရေ အတက်ကြမ်းသဖြင့် မြို့တော်အနီး ရေလွှမ်းနေကြောင်း ရွှေနားတော်မြတ် ကြားသိ





ရ၏။ ထိုသို့ဖြစ်ရခြင်းအတွက် ပြည်သူသတ္တဝါတို့ ဒုက္ခများ၍ ဥစ္စာစီးပွား ပျက်ပြားရသည်ကို မဟာကရုဏာ သက်တော်မူ၏။ ထို့ကြောင့် ဧရာဝတီမြစ်ရေ ရပ်တန့်ရမည့်အကြောင်း၊ ရေမြေကို အစိုးရသည့် ငါ မင်းတရားစ် အမိန့်တော် ပြန်ဆိုရမည်”

ဟု မိန့်၏။

စကားတောင်စားအမတ်က . . .

“အမိန့်တော်မြတ်အတိုင်း ဖြစ်ရပါစေမည် ဘုရား”

ဟု လျှောက်ထားပြီး ဧရာဝတီမြစ်ကမ်းပါးသို့ သွားကာ အောက်ပါအတိုင်း အမိန့်ပြန်တမ်း ထုတ်၏။

အမိန့်ပြန်တမ်းကား . . .

“ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင်၊ ဆဒ္ဒန်သခင်၊ ဆင်ဖြူများအရှင်၊ လက်နက်စကြာသခင် ဘုရင်မင်းမြတ်၏ အမိန့်တော် . . .

“ငါ အရှင်ဘုရင် မင်းတရားစ်သည် မင်းကျင့်တရားဆယ်ပါး၊ ပြဟ္မစိုရ်တရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါး တို့နှင့်တကွ ပြည်သူသတ္တဝါတို့အား ရင်ဝယ်သား ကဲ့သို့ တရားနှင့်အညီ စောင့်ရှောက်တော်မူသော မဟာစကရာစ် မင်းကောင်းမင်းမြတ် ဖြစ်သည့်အတိုင်း ထုတ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



တော်မူသော အမိန့်တော်ကို နာခံရမည်မှာ . . .

"ဧရာဝတီမြစ်ရေသည် ခါတိုင်းတိုးတက်သည်ထက် ပိုမိုပြည့်လျှံ၍ တိုးတက်ကြောင်း ရွှေနားတော် ကြားသိတော်မူရသည်"

"သို့ဖြစ်၍ ၎င်းထက် ပိုမိုတိုးတက်ခြင်း မရှိစေရ။ ရပ်ဆိုင်းစေရမည်"

"မဟာပစ္စုန်နတ် . . . မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာမှစ၍ ဟိမဝန္တာ၌ စောင့်ကြပ်သောနတ်၊ စတုလောကပါလ သာသနာတော်စောင့် သမာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ကူညီဆောင်ရွက်ကြသည် ဖြစ်၍ ၎င်းဧရာဝတီမြစ်ရေကို မတိုးတက်စေရ။ ရပ်ဆိုင်းတော်မူရမည်"

"ဘုရင့်အမိန့်တော်"

စကျားတောင်စားအမတ်ကြီးသည် ထိုသို့ အမိန့်တော်ပြန်ပြီးနောက် နန်းတော်သို့ ဝင်ခဲ့၏။

သို့သော် နောက်တစ်နေ့ရောက်သော် ရေသည် ရပ်တန့်ခြင်း မရှိ။ လေးလက်မခန့် တိုးတက်နေကြောင်း သိသဖြင့် စကားတောင် စားအမတ်ကြီးကို ခေါ်တော်မူ၏။

"ခစားလျက်ရှိကြောင်းပါ ဘုရား"





ဟု လျှောက်ထား၏။

ဘုရင်မင်းမြတ်က . . .

"အမတ်ကြီးမနေ့က သင်သည်အမိန့်တော်ပြန်ခဲ့၏။ ထိုသို့ အမိန့်တော်ပြန်ပါလျက် ဒီကနေ့ ဘာကြောင့် ရေတိုးတက်ရသနည်း"

ဟု မေးတော်မူ၏။

ထိုအခါ စကားတောင်စားအမတ်က ရိုကျိုးစွာဖြင့်

"ဘုန်းတော်ကြီးမြတ်လှသော အရှင်မင်းဘုရား၊ ဘုရားကျွန်တော်မျိုးသည် မနေ့က အမိန့်တော်အတိုင်း၊ အမိန့်တော်မြတ်ကို ပြန်ဆိုခဲ့သလို၊ ပြန်ဆိုသည့်နေရာတွင် မကြောက်မရွံ့၊ မလိုက်နာ မည်ကို စိုးသဖြင့် ဧရာဝတီမြစ်ရေကို ရာဇသံအချက်ပေါင်းများစွာ ရိုက်ခဲ့ပါသည်။ ယင်းသို့ ရိုက်ခဲ့သည့်အတွက်ဘုန်းတော်ဒဏ်ကို အလူးအလဲ ခံခဲ့ပုံ ရပါသည် ဘုရား။ ထိုဒဏ်ကြောင့် ဖူးယောင်လာခြင်းသာ ဖြစ်ပါမည်။ မနက်ဖြန် ကေန် အယောင်လျော့တော်မူပါလိမ့်မည် ဘုရား"

ဟု သံတော်ဦး တင်လျှောင် ဘုရင်မင်းမြတ် ရွှေသဘောတော်ကျ၍ ပြုံးတော်မူလေသတည်း။ ။

♠ ♠ ♠



www.burmeseclassic.com

## အခန်း (၆)

## "အထူးသံတမန် စကားတောင်စား"

ရွှေနန်းကျော်ရှင် ဘုရင်မင်းမြတ်သည် ဓညဝတီ ရခိုင်ပြည်သို့ သံတမန်အဖြစ် စကားတောင်စား အမတ်အား သံတမန်အဖြစ် သွားရောက်ရန် အမိန့်တော် ချမှတ်လိုက်သည်။

စကားတောင်စားအမတ်သည် ဓညဝတီရခိုင်ပြည်သို့ သံတမန်အဖြစ် သွားရောက်သည့်အခါ သံတဲတွင် ရပ်တန့်၍ ရခိုင်ပြည့်ရှင် ဘုရင်မင်းမြတ်အား မြန်မာပညာရှိ သံအမတ်ကြီး ဆိုက် ရောက်လာပြီဖြစ်ကြောင်း သတင်းပို့ လျှောက်ထားရ၏။





ထိုအခါ ရခိုင်ပြည့်ရှင် ဘုရင်မင်းမြတ်က မြန်မာသံအရာရှိအား၊ ရာဇသံတို့အား ဧည့်ခံကျွေးမွေး ပြုစုသည့်အတိုင်း ပြုစုရန်နှင့် မြန်မာနိုင်ငံမှ ရောက်လာသော သံတမန်သည် ပညာရှိ၊မရှိ သိစေရန်အတွက် ထမင်းစားသည့် အမှုအရာအား ရှေးဦးစွာ ကြည့်ရှုရမည်ဟု အမိန့်တော်မှတ်၏။

ယင်းသို့ ဘုရင်မင်းမြတ်မှ အမိန့်တော်ချမှတ်လျှင် ဓညဝတီပြည်သား မှူးကြီးမတ်ရာများသည် ရွှေခရားတွင် ရေထည့်၍ ရွှေဖလားတစ်လုံး၊ ငွေဖလားတစ်လုံး ဟည် ထားပေး၏။

ထို့နောက် ရွှေလင်ပန်းတွင် ထမင်းကို မောက်မောက် ထည့်၍ အမဲသားနှင့်ငါးအကြော်အလှော်များကို အုပ်ထား၏။

♠ ♠ ♠

www.burmeseclassic.com

### "စကားတောင်စား၏ ပညာခန်းများ (၁)"

ယင်းသို့ ပြုလုပ်ချက် အသွင်အပြင်များကို တွေ့လျှင် စကား တောင်စားအမတ်ကြီးက ပြုံးတော်မူ၏။

"အင်း . . . ဒင်းတို့က ငါ့ကို ပညာစမ်းပြီကိုး"

ဟု စိတ်ထဲ ရေရွတ်လိုက်သည်။

ဟုတ်သည်။ သည်ပြုမူချက်များသည် မြန်မာ့ပညာရှိ စကားတောင်စားတွင် ပညာရှိ၊မရှိ စူးစမ်းလို၍ဖြစ်ကြောင်း သိရ၏။

ထို့ကြောင့် စကားတောင်စားအမတ် ပြုံး၏။ ရွှေ ဖလား၊ ငွေဖလား ထားခြင်းသည် အယုတ်အမြတ်ကို သိလို





သဖြင့် ထားသည် ဟု နားလည်လိုက်၏။

"ငါ့ကို စူးစမ်းသလို၊ ငါ့ပညာစွမ်းကိုလည်း သိစေ ရမယ်"

ဟု ကျိန်းဝါးလိုက်သည်။

"ငါ့ကို ပညာရှိဆိုတာ သူတို့ သိစေရမယ်"

ဟု တိုးတိုးတလေး ရေရွတ်လိုက်ပြီး ရွှေခရားကို ဆွဲယူလိုက်သလို၊ ရွှေခရားတွင်းမှရေကို ရွှေဖလားတွင်းသို့ လောင်းထည့်လိုက်သည်။ ယင်းသို့ ပြုလုပ်သည့်နေရာတွင် ငွေဖလားကို လက်ဆေးခံအဖြစ် အသုံးချပြီး လက်ဆေး လိုက်၏။

ထမင်းကိုမူ ထွင်းဖောက်၍ စား၏။ ယင်းသို့ စားပြီးလျှင် အမဲသား၊ ငါးတို့ကို ထမင်းထဲ ထည့်၍ ဖုံးရှုံ့ကာ စားလေ၏။

သို့ကြောင့် ဧည့်ဝတ် မှူးမတ်တို့က မြန်မာပညာရှိ အစားအသောက် ကျစ်လစ်ကြောင်း သံတော်ဦး တင်ရ၏။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "စကားတောင်စား၏ ပညာခန်းများ (၂)"

မြည့ဝတီအမတ်များက မြန်မာပညာရှိ စကားတောင်စားအား မြည့ဝတီပြည့်ရှင် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဝင်ရန် အမိန့်ထုတ်၏။

အမိန့်တွင် စည်းကမ်းချက်များလည်း ပါ၏။ ထို စည်းကမ်းချက်မှာ "ဘုရင်မင်းဧကရာဇ်အား မော်၍မဖူးရ" ဟု ဖြစ်သည်။

ယင်းသို့ ဘုရင်အား မော်မဖူးရကြောင်း ကြားရလျှင် မဟာမိတ် အလို့ငှာ တိုင်းပြည်မှ ပေးလိုက်သည့် အထူးအဆန်း လက်ဆောင်ပဏ္ဏာများနှင့်အတူ ကန်စွန်းရိုးကို ပြုတ်၍





ဆက်သရန် ယူလာခဲ့၏။

အတွင်းတော်သို့ရောက်လျှင် လွှတ်တော်သို့ အလျှင်ဝင်ရ၏။

လွှတ်တော်သို့ ရောက်လျှင် လွှတ်တော်မင်းကြီးက စကားတောင်စားအမတ်ကြီးအား . . .

"မင်းကြီးတို့ မြန်မာနေထွက်ဘုရင်မင်းမြတ် ကျန်း ကျန်းမာမာ ရှိပါရဲ့လား"

ဟု စကားနှင့် အထက်စီးမှ မေး၏။

ထိုအခါ မြန်မာပညာရှိ အမတ်ကြီးဖြစ်သည့် အထူးသံတမန် စကားတောင်စားအမတ်က ပြုံးလိုက်၏။ မြည့ဝတီမင်း၏ အမတ်များ ပြောဆိုပုံကိုလည်း မနှစ်သက်ချေ။

စင်စစ်မူ မြည့ဝတီမင်း၏ အမတ်များအနေနှင့် မေးသင့်သည်မှာ "မှူးမတ်အရှင်းရှင်း ကျန်းမာပါစ" ဟု မေးရမည်။ ယခု မှူးမတ်အရှင်းရှင်း မမေးဘဲ အထက်မှ ဘုရင်မင်းမြတ်ကို လှမ်းမေးသည်မှာ မမှန်ကန်သော်လည်း "ပညာရှိပီသစွာ ဖြေရမည်" ဟု စဉ်းစားလိုက်ပြီး . . .

"ကျွန်ုပ်တို့၏ အရှင် ဘုရင်မင်းမြတ်သည် ကျန်းမာတော်မူသောကြောင့် မင်းကြီးတို့၏ အရှင် မြည့ဝတီပြည့်ရှင် ဘုရင်မင်းမြတ်ကိုလည်း ကျန်းမာတော်မူစဟု သိလိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မေးမြန်းရခြင်း ဖြစ်ပါသည်"

ဟု ဖြေ၏။

ထိုအခါ ညေဝတီမင်း၏ အမတ်များက . . .

"မြန်မာ အမတ် ကောင်းတောင်စား အရှင်တော်တွေ"

ဟု စိတ်ထဲ ကြိတ်၍ ချီးကျူးလိုက်လေသတည်း။

♠ ♠ ♠



## "ကောင်းတောင်စား၏ ပညာခန်းများ (၃)"

ထို့နောက် ကောင်းတောင်စားသည် ညေဝတီပြည့်ရှင် ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ဝင်ရောက်ရလေသည်။ ခပ်သိမ်းသော လက်ဆောင်ပဏ္ဏာတို့ကို ဆက်သရလေ၏။

ထိုအခါ ဘုန်းတော်အလွန်ကြီးမြတ်လှသော ညေဝတီပြည့်ရှင် ဘုရင်မင်းမြတ်က အမတ်ကြီးတို့ ကြည့်ကာ ..

"မြန်မာနေထွက်ဘုရင် ကျန်းမာတော်မူပါစ"

ဟု မေးလေ၏။

ကောင်းတောင်စားအမတ်ကြီးက ရိုကျိုးစွာဖြင့် . . .

"ဘုန်းတော်အလွန်ကြီးမြတ်လှကုန်သော ဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတော်ကြောင့် ကျန်းမာတော်မူကြောင်းပါ အရှင်၊ ထို့အတူ ဧည့ဝတီပြည်ကို အစိုးရသော ဘုရင်မင်းမြတ်ကိုလည်း ကျန်းမာတော်မူစေကြောင်း ဆုတောင်းမေတ္တာကောင်းစွာပို့သလျက် ရှိကြောင်းပါ ဘုရား"

ဟု လျှောက်ထား၏။

ထိုအခါ ဧည့ဝတီပြည့်ရှင် ဘုရင်မင်းမြတ်က . . .

"အမတ်ကြီး၊ မောင်မင်းတို့၏ နေထွက်ဘုရင်၏ နန်းတော်နှင့် ငါ၊ ဤဧည့ဝတီ ရွှေနန်းတော် ဘယ်နန်းတော်က ပို၍ ကျယ်ပါသနည်း"

ဟု မေးလေ၏။

"မြန်မာတို့၏ နေထွက်ဘုရင် နန်းတော်က အရှင့်နန်းတော်ထက် တတာဝို၍ ကျယ်ကြောင်းပါ ဘုရား"

ဟု သံတော်ဦး တင်၏။

"မောင်မင်း ဘယ်လိုသိသနည်း"

"ကျွန်ုပ် လှမ်းဝင်စဉ်က အလှမ်း တွင်တချို့ မြင်ပါသည် ဘုရား"

ဟု သံတော်ဦး တင်၏။

ထို့နောက် ဧည့ဝတီပြည့်ရှင် ဘုရင်မင်းမြတ်သည် အရပ်ရပ် တိုင်းမှုပြည်အရေး၊ သာသနာရေးကိစ္စတို့ကို





မေးမြန်းကြပြီး လျှော်ရာ လျှော်ရာ သံတော်ဦးတင်စေ၏။

ယင်းသို့ မေးမြန်းဖြေကြားပြီးနောက် မြန်မာသံအမတ်ကြီး စကားတောင်စားသည် ဧည့ဝတီပြည့်ရှင် ဘုရင်မင်းမြတ်၏ မျက်နှာတော်ကို ဖူးလိုသဖြင့် ကန်စွန်းရိုးကို ဆက်သလေ၏။

ထိုအခါ ဘုရင်မင်းမြတ်က . . .

"မောင်မင်းဆက်သသည့် ကန်စွန်းရိုးက ဘယ်အကျိုးရှိပါသနည်း"

ဟု မေး၏။

"အရှင်မင်းမြတ်၊ ကန်စွန်းရိုးကို အဖျားမှကိုင်၍ မော့ပြီးလျှင် သည်ကဲ့သို့ စားရပါသည် ဘုရား"

ဟု တင်လျှောက်၏။ ထိုအခါ ဧည့ဝတီပြည့်ရှင် ဘုရင်မင်း မြတ်က ပြုံးတော်မူပြီး . . .

"မောင်မင်းက ငါ့မျက်နှာကို ဖူးလို၍ ကိုသို့ ကြံစည်သည် မဟုတ်လော၊ သင်က ဉာဏ်ပညာနှင့် ပြည့်စုံလှပေသည်"

ဟု ချီးမွမ်းလေသတည်း။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆို၏။

ညီကလည်း . . .

"ဒါဆို ငါတို့ ပူးပေါင်းကြတာပေါ့။ မင်းရှေ့က သွားလျှင် ငါ နောက်ကလိုက်မည်"

ဟု ပြောပြီး သဘောတူကြ၏။

ထို့အတူ အစီအစဉ်များလည်း ဆွဲကြ၏။

"ခုအခါမှာ ငါတို့နှစ်ယောက် အရင်လို အလုပ်ကို ဖြစ်ကတတ်ဆန်း လုပ်လို့ မဖြစ်တော့ဘူး။ အရာရာကို သတိထားရမယ်။ ငါတို့ကိုယ်ငါတို့ပညာ လူယုံကြည်အောင် ဂုဏ်တင်ရမယ်"

ဟု စဉ်းစားကြသည်။

သို့နှယ်ပင် သူတို့ကိုသူတို့ ဂုဏ်တင့်စေရန် အမည်နှင့် ဂုဏ်ပြပ်ကိုပါ ဆင့်တင်လိုက်၏။

ဝခန်းသား လေက်တိုက မွားတိုးကြီး ရွာသူကြီး "မောင်မောင်တို"

ချိုပါသား ညီကြ ရှေ့ပြည်ရန်အောင် အရှေ့အလယ်မြင်းခေါင်း "မောင်မောင်ညို"

ဟု ခြစ်သတည်း။

♠ ♠ ♠



## အခန်း (၉)

## "အတိုင်နော် ကြွလိုက်ချင်"

တစ်နေ့သ၌ ပခန်းသား လေက်တိုနှင့် ချိုပါသား ညီတို့ ဆုံတွေ့ကြ၏။ ဆုံတွေ့ကြလျှင် လေက်တိုက . . .

"သူငယ်ချင်း ညီ၊ မင်းနဲ့ငါနဲ့က လက်ညှိုးနှင့် လက်မလို တစ်ဦးကိုတစ်ဦး အမှီအတွယ်ပြုနေကြသည်။ ကိစ္စတိုင်းကို ပူးပေါင်း ကြံသည်လျှင် အောင်မြင်ကြသည်။ ယခု ငါတို့ ခွဲနေကြသောအခါ နှစ်ဦးစလုံး အကြံမအောင်၊ အလုပ်မဖြစ် ဖြစ်ရသည်။ ဒါကြောင့် ဒီကနေ့ကစပြီး ငါတို့ တတွေ ပြန်လည်စည်းရုံး ပေါင်းသင်းဖို့ လိုပြီ"

www.burmeseclassic.com

## "ကျေးဥနှင့် ဒေါ်ခါ"

မြင်းခြံချောင်းဝရွာတွင် ဒေါ်ခါအမည်ရှိ မိန်းမကြီး တစ်ဦး ရှိ၏။ သူက ဝဝထယ်ထယ်နှင့် လည်လည်းလည်၏။ သူ့တွင် သမီးအရွယ် မိန်းကလေး တစ်ဦးရှိ၏။ သွယ်သွယ် လျလျနှင့် ချစ်စရာလည်းကောင်း၏။

သူကလေးအမည်က "မကျေးဥ" ဖြစ်၏။

သို့သော် မကျေးဥသည် ဒေါ်ခါ၏သမီး မဟုတ် သလို၊ မြင်းခြံချောင်းဝရွာသူလည်း မဟုတ်၊ တစ်ခါက ဒေါ်ခါ သည် အထက်မြစ်ညာသို့သွားရင်း မကျေးဥနှင့်တွေ့ပြီး သူ့ဘော်ကျူသဖြင့် ငွေ သုံးပိဿာနှင့် ဝယ်ယူခဲ့သူဖြစ်၏။





ဒေါ်ခါ မကျေးဥကို ငွေသုံးပိဿာနှင့် ဝယ်ယူခဲ့ သည်မှာ အကြောင်းမဲ့ မဟုတ်၊ မကျေးဥက လှယုံလှသူ မဟုတ်။ မြင်သူတိုင်း တပ်မက်စွဲလမ်းသည့် ရုပ်လက္ခဏာ ရှိ၏။ မကျေးဥကို မွေးစားခြင်းဖြင့် မိမိအကျိုးလည်း များစွာ ထူးနိုင်သည်ကို တွက်ချက်ထား၏။

ဒေါ်ခါ၏ တွက်ချက်သည့် မမှားပါ။ မကျေးဥကို မွေးစားခဲ့သည့်နောက်ပိုင်း မကျေးဥကို တပ်မက်စိတ်နှင့် ဒေါ်ခါ အိမ်တွင် လူရှုပ်ခြေရှုပ် ဖြစ်လာ၏။ စပ်သူဟပ်သူလည်း ရှိ လာ၏။ ဒေါ်ခါက လူတိုင်းကို အလိုက်အထိုက် ဆက်ဆံ၏။

ဒေါ်ခါသည် ရည်ရွယ်ချက်နှင့်လူဖြစ်သဖြင့် အဝိုင် ချိုင်ရန် အရွက်ကောင်းကို စောင့်နေ၏။

ထိုစဉ် သူကြီးအယောင်ဆောင် ပခန်းသား လေးကော် တို့ (မောင်မောင်တို့)က သသခမေ ငွေတော်များ ချိန်ရွယ်ပြီး မြန်လာဟန်ဖြင့် ဒေါ်ခါအိမ်များသို့ ရောက်လာသည်။ ဒေါ်ခါ သည် ဝတ်ကောင်းစားလှနှင့် ဟန်ကျပန်ကျဖြစ်နေသော လေးကော်တို့ကို မြင်လျှင် စိတ်ဝင်စားသွား၏။

"သူ့ကြည့်ရတာ ဒီရွာက ဟုတ်ဟန်မတူဘူး၊ ဝတ် စားပုံ ကြည့်ရတာတော့ အထက်တန်းစားထဲက ဖြစ်နိုင်တယ်" ဟု တွေးမိပြီး မျက်နှာချိုသွေး၏။



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှန်မှန်လျှောက်လာသော ပခန်းသား လေက်တို ကို မြင်လျှင် နေရာမှ ထပြီး . . .

"မောင်မောင် ဘယ်ကလာလို့ ဘယ်သွားမလို့လဲ"

ဟု မေး၏။

ထိုအခါ သူကြီးအယောင်ဆောင် လေက်တိုက . . "ဩော် . . . ကျုပ်က ပြူးတိုးကြီး ရွာသူကြီး မောင်မောင်တိုပါ။ သသမေစ ငွေတော်တွေ ရှိန်ရှုယ်ပြီး ပြန်လာတာလေ"

ဟု ခပ်အေးအေး ဖြေသည်။

ဒေါ်ခါသည် လေက်တို၏စကားကို ကြားလိုက်ရလျှင် စိတ်ထဲတွင် အတိုင်းမသိ ပျော်ရွှင်သွားမိ၏။ "ငါ့အတွက် ဒါဟာ အကွက်ပဲ။ ရတနာပုံကိန်း ဆိုက်တာပဲ" ဟု တွေးမိ၏။ ထို့အတူ

"ဩော် . . . သူကြီးမင်းလည်း အခွန်တော်ကိစ္စ ဆောင်ရွက်ရ၊ ရုပ်ကျိုးရွာကျိုး သယ်ပိုးရနဲ့ အတော်ပင်ပန်း မှာပဲနော်"

"ဟုတ်ပါ့ဗျာ။ ဒါကြောင့်လည်း ကျုပ် စိတ်မကြောင့် ဖြစ်ပြီး ဒီရွာကို အရှုမှ ဝင်ခြစ်တာပေါ့။ ဝင်လာတော့လည်း ဒီရွာက သာယာသလို ရွာသူတွေကလည်း ဖော်ရွေပြူတော့ တကယ့်ကို ချမ်းမြေ့ရေပဲ"





ဟု ပြော၏။

ဒေါ်ခါက ပြုံးလိုက်ပြီး . . .

"ဒါက ဒီရွာရဲ့မလေ့လေ။ ဒီရွာကို သဘောကျရင် နောက်များဆို ဝင်ခဲ့ပေါ့။ တည်းဖို့ခိုဖို့ ဆိုတာလည်း ပူစရာ မလိုပါဘူး။ ခါခါတို့က စေတနာပြည့်သလို၊ ညှို့သည်ကို လည်း ချစ်တတ်ပါတယ်"

ဟု ဖြေ၏။

"ဒါဆို ဝမ်းသာစရာပေါ့ဗျာ"

သူကြီးအယောင်ဆောင် မောင်မောင်တိုက ပြုံး၍ပြော လိုက်၏။ ဒေါ်ခါတွင်လည်း ပီတိတွေ အပြည့်။

"ဒီသူကြီးကို အပိုင်ချိုင်ပြီး ကျေးဥနှင့် ပေးစားလိုက် ရလျှင် မကျေးဥက သူကြီးကတော်ဖြစ်ပြီး၊ ငါက သူကြီး ယောက္ခမဖြစ်ကာ အတော် မော်နိုင်ကြွားနိုင်လိမ့်မည်"

ဟု တွေးမိ၏။

အကြံရှိသဖြင့် ဒေါ်ခါက သူကြီးအစစ်အထင်နှင့် ပခန်းသား လေက်တိုကို အိမ်သို့ဖိတ်ခေါ်၏။

"သူကြီးမင်း ကျွန်မတို့အိမ်ကို လာလည်စမ်းပါ။ ကျွန်မတို့အိမ်က ညှို့သည်အပေါ် ညှို့ဝတ်ကျေပွန်သလို၊ သမီးကလေး လက်ရာကလည်း တကယ်ကို စွဲမက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မကြာမှ သိမှာပါ”

ဟု ပြောပြီး အိမ်သို့ခေါ်သွား၏။ သူကြီး အယောင်ဆောင် လေးကိတိုသည် အားနာသလို ဟန်အမူလုပ်၍ ဒေါ်ခါ၏ နောက်သို့ လိုက်သွား၏။ ဒေါ်ခါ၏ စိတ်ထဲတွင် အပိုင်ချည်ရန် နည်းလမ်းများ ရှာနေသလို၊ လေးကိတို၏ စိတ်ထဲတွင်မူ “မှတ်ဆိတ်တော့ မွှားစွဲပြီဗ” လို့ တွေးလျက်ရှိ၏။

♠ ♠ ♠

သူကြီးအယောင်ဆောင် လေးကိတိုသည် ဒေါ်ခါပြုစု ကျွေးမွေးသည်ကို စားသောက်ရင်း လမ်းမဘက်သို့ ကြည့်နေ၏။

သူ့စိတ်ထဲတွင် . . .

“ညီ့ ဘာကြောင့်နောက်ကျနေပါလိမ့်”

ဟု တွေးနေမိ၏။ ပခန်းသား လေးကိတိုနှင့် ချိုပါသား ညီ့တို့သည် ကျေးဥနှင့် ဒေါ်ခါအား ခွဲတမ်းချကာ အပိုင်ချိုင်ရန် စဉ်းစားထားသူများဖြစ်၏။ သည်အိမ်၊ သည်နေရာသို့ အရောက်လာခဲ့ရန် ချိန်းဆိုပြီးပြီ။

သို့ပါသော်လည်း ညီ့သည် လာချိန်တန်ပါလျက်၊ ဘာကြောင့် မလာသေးသနည်း။

ယင်းသို့ တွေးနေစဉ် ချိုပါသား ညီ့သည် ဟိတ်





ဟန်အပြည့်နှင့် လာနေသည်ကို တွေ့လိုက်သဖြင့် ပျော်သွား၏။

“ဟာ . . . မြင်းခေါင်းမင်းပါလား”

လို့ တိုးတိုးညည်းလိုက်၏။

ဒေါ်ခါက မသိဟန်ပြုပြီး . . .

“သူကြီးမင်း၊ ဘာတွေစဉ်းစားနေတာလဲ”

ဟု မေး၏။ လေးကိတိုက . . .

“ဘာမှမဟုတ်ပါဘူး။ ကျုပ်မိတ်ဆွေ မြင်းခေါင်းမင်းကို တွေ့လို့ ဝမ်းသာနေတာပါ”

ဟု ပြော၏။

ဒေါ်ခါက ဟိုသည်ကြည့်လိုက်ပြီး . . .

“ဟိုက လာနေသူကို ပြောတာလား”

ဟု မေး၏။

“ဟုတ်ပါ့ဗျာ၊ သူပါပဲ။ သူက ရွှေပြည်ရန်အောင် မြင်းခေါင်းမင်းလေ။ ပစ္စည်းဥစ္စာ ချမ်းသာတဲ့နေရာမှာလည်း ကုသိုလ်က ထူးလှပါတယ်”

ဟု ပြော၏။ ထိုစဉ် မြင်းခေါင်းမင်း အယောင်ဆောင် ချိုပါသား ညီ့သည် ဒေါ်ခါကြီး၏ အိမ်နားသို့ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မြင်းခေါင်းမင်း"

ဟု ခေါ်လိုက်၏။

မြင်းခေါင်းမင်းအမည်ခံ ညီဂြုက ဆတ်ကနဲ ကြည့်လိုက်ပြီး ပြုံးလျက် . . .

"ဩော် . . . သူကြီးမင်းပါလား။ ဘာတွေ ဖိမ်ကျနေလဲ"

ဟု မေး၏။

"ရွာကိုလည်း မပြန်ချင်လို့ ဒီမှာ ခဏ တည်းနေတာလေ"

"ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ဒီက အိမ်ရှင်ကလည်း သဘောကောင်း၊ မနေ့ကောင်းလွန်းလို့ ကျုပ်မပြန်နိုင် ဖြစ်နေတယ်"

ထိုအခါ ညီဂြုက . . .

"အင်း . . . သူကြီးမင်းပြောလို့ ကျုပ်တောင် စိတ်ဝင်စားလာပြီ"

ဟု ဆို၏။

ထိုစဉ် ခေါ်ခါက အိမ်ထဲမှ ထွက်လာပြီး . . .

"မြင်းခေါင်းမင်းကြီးနဲ့ မိတ်ဆွေသူကြီးနဲ့ စကားစမြည် ပြောချင်သေးတယ်ဆိုရင် ဒီမှာပဲတည်းပေါ့။ ကျွန်မတို့





အိမ်က ညှော်သည်နှစ်ယောက်လောက် ဂရုမစိုက်ပါဘူး။ ကောင်းကောင်း ညှော်ခံကျွေးမွေးနိုင်ပါတယ်"

ဟု ပြော၏။

ညီဂြုက . . .

"ဒါဆိုလည်း ကျုပ်အားမနာတော့ဘူးဗျာ"

ဟု ပြော၏။

♠ ♠ ♠

ခေါ်ခါအိမ်ရှေ့မှ နောက်ဖေးဆီသို့ ဝင်သွားလျှင် အခြေအနေကို အစဉ်အမြဲ အကဲခပ်နေသည့် ပန်းသား လေက်တိုက မျက်ရိပ်မျက်ကဲ ပြလိုက်၏။ သူတို့နှစ်ဦးက ညဏ်နီ၊ညဏ်နက်နှင့် အကွက်ဆင်တတ်သူပီပီ ဆင်လုံး တစ်ခုထွင်၏။

"သူကြီးခင်း၊ ခုတလော အခြေအနေဟန်ရဲ့လား"

ဟု မေး၏။ လေက်တိုက . . .

"ဟိုနှစ်ကတော့ မဟန်ဘူး။ ဒါပေမယ့် ဒီနှစ်တော့ အခြေအနေ အတော်ကောင်းတယ်။ ဒီတိုင်း နှစ်နှစ် လောက် သာ ဆက်သွားရင် ကောင်းကောင်းအခြေခိုင်သွားမှာ စကန်ပဲ"

ဟု ဆို၏။ ထို့အတူ လေက်တိုက . . .

"မြင်းခေါင်းမင်းကော အခြေအနေ ဘယ်လိုရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု မေး၏။

"ကျုပ်ကတော့ သိတဲ့အတိုင်းလေ။ ရတာ များလွန်းတော့ ထားစရာကို မရှိတော့ဘူး။ ကျုပ်အတွက် ငွေဆိုတာ သိပ်မဆန်းလို့ အကြောင်းမဟုတ်ပါဘူး။ သူကြီးမင်းကတော့ အရေးကြီးတယ်နော်"

ဟု ဆို၏။

"ဘာဖြစ်လို့လဲ မြင်းခေါင်းမင်းရဲ့"

"ရှင်းရှင်းလေးပါဗျာ။ ကြာကြာစားမှာမို့ အရိုးရှောင်နိုင်ဖို့ လိုတယ်နော်"

ဟု သတိပေး၏။

ဒေါ်ခါကမူ သူတို့စကားကို နားထောင်ရင်း ပီတိဖြစ်နေ၏။

♠ ♠ ♠



*"အကြံသမားတို့ ဥာဏ်တစားခြင်း"*

ဒေါ်ခါသည် အနာဂတ်ကို တွေးရင်း ပျော်နေ၏။

ယခုဆိုလျှင် သူကြီးမင်းနှင့် မြင်းခေါင်းမင်းတို့သည် အိမ်ပေါ်သို့ ရောက်ခဲ့ပြီ။ သူကြီးမင်းနှင့် မကျေးဥတို့ ပြေလည်နေကြပြီ ဖြစ်၏။ မကျေးဥကလည်း ဒေါ်ခါ့ ဆန္ဒအတိုင်း မြှူဆွယ်ကောင်းသဖြင့် သူကြီးမင်း မပြန်နိုင်တော့။

ထို့ကဲ့သို့ပင် မြင်းခေါင်းမင်းသည်လည်း ဒေါ်ခါ၏ စည်းရုံးသိမ်းသွင်းမှုအောက်သို့ ရောက်နေလေပြီ။

သည်အတိုင်းဆို ဒေါ်ခါအဖို့ ဘာမှစိုးရိမ်စရာ မလိုတော့။ "ပြည့်စုံကုံလုံမှုအပြည့်နှင့် နေရတော့မည်" ဟု



www.burmeseclassic.com

တွေး၏။

သို့သော် များမကြာမီ လပိုင်းအတွင်းတွင် ဒေါ်ခါ ဝေဒနာ ဖြစ်သွားရင်း၊ မှန်းချက်နှင့်နှမ်းထွက် မကိုက်တော့ကြောင်း သိရ၏။ အဘယ်ကြောင့်ဆိုသော် ဒေါ်ခါသည် မျှော်လင့်ချက်နှင့် လက်တို့နှင့် ညီ့အား သူကြီးအသွင်၊ မြင်းခေါင်းမင်းအသွင် ထင်မြင်နေသဖြင့် သူ့အလို၊ သူ့အကြိုက်လိုက်ကာ ကောင်းကောင်းထားခြင်း၊ ကျွေးမွေးပြုစုခြင်းများ လုပ်ခဲ့သဖြင့် ငွေကြေးအကုန်အကျများကာ စီးပွားပျက်မလို ဖြစ်ခဲ့၏။

ပိုဆိုးသည်က ပခန်းသား လက်တို့နှင့် ချိပါသား ညီ့တို့ သည် လူရှုပ်လူမွေများ၊ လူလိမ်များ ဖြစ်သည်ကို သိသွားချေပြီ။ သို့သော် ခတ်သည်က သူတို့ကို သည်အတိုင်း လွှတ်လိုက်လို့မရ။ ပိုဆိုးသည်က မကျေးဥနှင့် သူကြီး အံယောင်ဆောင် ပခန်းသား လက်တို့နှင့် မရှင်းမရှင်း ဖြစ်နေသလို၊ ဒေါ်ခါကိုယ်တိုင်ကလည်း ချိပါသား ညီ့နှင့် မရှင်းတော့။

"ငါ ဘယ်လိုလုပ်ရမလဲ။ ဒီအတိုင်းဆို ငါ့ဘဝက ဖွတ်မရ ဓားမ,ဆုံး ဘဝဖြစ်နေပြီ"

ဟု တွေးမိ၏။





ထိုကဲ့သို့ပင် မကျေးဥကလည်း . . .

"အမေရေ . . . ခုဆို မောင်မောင်တို့ သုံးလို့ကုန်သလောက် ရှိနေပြီ။ သမီးတို့ ဒီအတိုင်းနေရင် ဖွတ်သထက် ညစ်လိမ့်မယ်။ သမီး တို့ ဘာဆက်လုပ်ကြမလဲ"

ဟု မေးလေပြီ။

ဒေါ်ခါသည် ဘောကြပ်နံကြပ်ဖြစ်နေ၏။

သို့စေကာမူ ဒေါ်ခါက စိတ်မလျော့ခဲ့။

"ဒီပွဲမှာ ငါရှုံးခဲ့တယ်ဆိုပေမယ့် အရှုံးထဲက အမြတ်ဖြစ်အောင် လုပ်ရမယ်"

ဟု ဆုံးဖြတ်ခဲ့သည်။

"လောကမှာ အရှုံးကို အရှုံးအတိုင်းထားတာ မကောင်းဘူး။ အရှုံးထဲက အံမြတ်ပြန်ရအောင် ယူရမယ်။ သမီးစိတ်ကို သမီးခိုင်ခိုင် ထားစမ်းပါ"

ဟု ပြော၏။

♠ ♠ ♠

တစ်နေ့သ၌ ချိပါသား ညီ့သည် မည်သူ့မျှမရှိခိုက် မကျေးဥအနားသို့ ချဉ်းတပ်သည်။ မကျေးဥ လန့်သွား၏။

"ရှင် ဘာလုပ်မလို့လဲ"

မကျေးဥက စိုးရိမ်တကြီး အလန့်တကြား မေး၏။

www.burmeseclassic.com



"အို . . . နင်က မထင်သင့်တာ ထင်ပြန်ပြီ။ ငါက နင့်ကို အကောင်းဆုံး အကြံဉာဏ်တစ်ခု ပေးမလို့ပါ"

ဟု ဆိုသဖြင့် မကျေးဥ နည်းနည်း စိတ်ပြေသွားသည်။ သို့သော် အပြည့်အဝ ယုံကြည်လို့ မရသေးချေ။ အဘယ်ကြောင့်ဆိုသော် သူကြီးမောင်မောင်တို ဆိုသူနှင့် မြင်းခေါင်းမင်းဆိုသည့် မောင်မောင်ညိုတို့က တစ်ကျိုက်တည်း၊ တစ်ဉာဏ်တည်းဆိုသည်ကို သိထားပြီးပြီ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် မကျေးဥက . . .

"ရှင်တို့ဟာ တစ်ကျိုက်တည်း၊ တစ်ဉာဏ်တည်း သမားတွေပဲ။ ဒီလူတွေကို ကျွန်မက ဘယ်လိုယုံရမလဲ"

ဟု မေး၏။

"အဲဒါ ခက်တာပေါ့ မကျေးဥ။ နွံထဲမှာလည်း ကြာပေါက်တတ်တာပဲ။ ငါက မကောင်းတာလုပ်ပေမယ့် အမြဲတမ်း မကောင်းတာချည်းလုပ်ဖို့ စိတ်မကူးဘူး။ တစ်ခါတစ်ရံ ကောင်းမှုပြုချင်စိတ် အပြည့်ရှိတယ်။ ယခု နင့်ကို အကြံပေးချင်တာလည်း ဒီစိတ်နဲ့ပါ"

"ကဲ . . . ဒါဆို ပြောပါ"

"ပြောရမယ်ဆိုရင် နင် ဒီအတိုင်း နင့်ကိုယ်နှင့်





မနှစ်သင့်ဘူး၊ ဒီကောင့်အကြောင်း ငါသိထယ်။ ဒီကောင်ကလည်း သူ့အကျင့်ကိုသူ ပြင်မှာ မဟုတ်တော့ဘူး။ ဒါဆို နင့်အနာဂတ်ဟာ လုံးဝ ပျက်စီးသွားမှာပေါ့"

မကျေးဥသည် ငညို၏စကားကို နားထောင်ရင်း သက်ပြင်းချလိုက်၏။ အသေအချာ စဉ်းစားကြည့်တော့ ငညို့စကားသည် မမှား။ သူကမှ သူ၏အကျင့်စရိုက်ဆိုးကို ပြင်တော့မည်မဟုတ်။

"ဒါဆို ကျုပ် ဘာလုပ်ရမလဲ"

"ငါ့သဘောကတော့ ဒီကဝေးရာ ပြေးသင့်ပြီ။ အားကိုးထိုက်သူကို အားကိုးသင့်ပြီ။ မိန်းကလေးဘဝဆိုတာ အမှီအတွယ်ရှိမှ ဖူးပွင့်လန်းဆန်းရတဲ့ ဘဝနော်"

မကျေးဥ သက်ပြင်းရှိုက်လိုက်သည်။

"တစ်ခုခု ဆုံးဖြတ်ရတော့မည်"

ဟု စိတ်မှာသိလိုက်ပြီ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "ပဲလော်ကြားမှ သား"

တစ်နေ့သ၌ မကျေးဥသည် လေ့သူကြီး ဦးရွှေသာနှင့် ဆုံစည်းရလေ၏။ ဦးရွှေသာသည် တစ်နယ်တစ်ကျေးမှ စုန်ဆင်းလာသည့် စီးပွားရှာ၊ လေ့သမားဖြစ်၏။

ဦးရွှေသာသည် ဦးတပ်အမည်ခေါ်ခံရသော်လည်း အသက်အရွယ် ကြီးရင့်သူကား မဟုတ်။ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ယောက်ျားပီသသူ ဖြစ်၏။ ယောက်ျားပီသ၍ အလှအပကို ခံစားတတ်သူလည်း ဖြစ်၏။

တစ်နေ့ မမျှော်လင့်ဘဲ ဦးရွှေသာ မကျေးဥကို တွေ့ရသောအခါ စိတ်ထဲတွင် လှုပ်ရှားသွား၏။





"ဩော် . . . သူက ပြည့်ပြည့်ဖြိုးဖြိုးနှင့် တမျိုးကလေးလှပြီး ဇွဲလန်းတပ်မက်စရာ ကောင်းသူကလေးပါပဲကလား"

လို့ ခံစားနားလည်မိသည့်အတွက် မကျေးဥကို မြတ်နိုးမိလေ၏။

ယင်းသို့ ဦးရွှေသာက မကျေးဥကို မြတ်နိုးမိသလို၊ မကျေးဥကလည်း ဦးရွှေသာကို စိတ်ဝင်စားသွားမိ၏။ မကျေးဥသည် သူကြီးမင်း မောင်မှောင်တို့ အမည်ခံ ပခန်းသားလေက်တို့နှင့် ရင်းနှီးပေါင်းသင်းဖို့သော်လည်း ယခုအခါတွင် သူတို့သည် အယောင်ဆောင် လူရှုပ်လူပွေများ ဖြစ်သဖြင့် အတော်ကလေး စိတ်ကုန်နေခဲ့ပြီ။

ထို့ကြောင့် မကျေးဥသည် မိမိအနာဂတ်အတွက် တစ်ခုခုလုပ်မှ သင့်တော်တော့မည်ဟု စိတ်မှ နားလည်လေသည်။

ထိုအချိန်မျိုးတွင် ဦးရွှေသာကို တွေ့လိုက်ရသဖြင့် မကျေးဥ၏စိတ်ထဲတွင် အတော်ကလေး ကျေနပ်နေမိလေသည်။

လေ့သူကြီး ဦးရွှေသာသည် တစ်နယ်တစ်ကျေးမှ စီးပွား အရှာထွက်လာခဲ့သူ ဖြစ်၏။ လေ့သူကြီး တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်မှာ အမှန်ပင်။

"သူနှင့်သာဆိုလျှင် တစ်နည်းနည်းတော့ အကြံပိုင်နိုင်သည်"

ဟု တွေးမိ၏။

ယင်းသို့ မကျေးဥသည် လှေသူကြီး ဦးရွှေသာအား အပိုင်ချိတ်ရန် စဉ်းစားမိသည်။ မိန်းမတို့ ပရိယာယ်ကြွယ်ကြွယ်နှင့် မြူဆွယ်ရန်လည်း ဆုံးဖြတ်လိုက်သည်။ မိန်းမတို့က မာယာနှင့် ဖြားယောင်းလျှင် ယောကျ်ားဆိုသည်မှာ "စေလည်းကျွန် ထွန်သည့် နွား" မဟုတ်လား။

လှေသူကြီး ဦးရွှေသာနှင့် မကျေးဥသည် "ရေငတ်သူနှင့် ရေအိုးသူ" ဆိုသည့်စကားနှယ်ပင်။ နှစ်ဦးစလုံးတွင် လိုအပ်ချက် တစ်ခုစီ ရှိနေကြသည့်အတွက် သူတို့နှစ်ဦး၏ ပေါင်းရေးသည် မဝေးခဲ့။

မကြာမီ မျက်လုံးချင်းစကားပြောရာမှ အသည်းနှလုံးချင်း စကားပြောသည့် အခြေအနေသို့ ရောက်သွားသည်။

♠ ♠ ♠

တစ်နေ့သ၌ မကျေးဥကို မြင်းခေါင်းမင်းအမည်ခံ မောင်မောင်ညို (ချိုပါသား ညို) က တွေ့လေ၏။





မကျေးဥက . . .

"ရှင် ကျွန်မကို ဘာလို့လာတွေ့တာလဲ"

ဟု မေး၏။

"တွေ့သင့်တွေ့ထိုက်လို့ တွေ့တာပေါ့ မကျေးဥ။ နင်က ခုထိ ငါ့ကို အထင်လွဲနေတုန်းပဲလား"

"ဒါကို ရှင် မေးမနေနဲ့လေ။ ရှင်နဲ့ ရှင့်သူငယ်ချင်း မောင်မောင်တိုက တစ်ကျိတ်တည်း၊တစ်ဉာဏ်တည်းသမားတွေလေ။ ဒီတော့ ကျွန်မက ဘယ်လိုယုံရမလဲ"

"အဲဒါ ခက်တာပေါ့ မကျေးဥ။ တကယ်တော့ လောကမှာ အရိပ်ကို ရန်သူလို့ထင်တာ၊ သံယောဇဉ်ကို နှောင်ကြိုးလို့ မြင်တာ အဆိုးဆုံးပဲ"

"ရှင် ဘာကို ဆိုလိုတာလဲ"

မကျေးဥက နားမလည်စွာ ကြည့်၍ မေးသည်။ ချိုပါသား ညိုက ပြုံးလိုက်၏။

"ဒါက ရှင်းရှင်းကလေးပါ မကျေးဥ။ ငါ အခု နင့်ကို ပြောနေတာက နင့်အတွက်ပါ။ နင့်ဘဝဟာ မောင်မောင်တို ဆိုတဲ့ လေကတ်တိုနှင့် ပေါင်းဖက်နေရင် ဘယ်လိုမှ တိုးတက်ဖို့ မရှိဘူး။ ဒါကို သိလို့ နင့်တိုးတက်မှုအတွက် ငါ စဉ်းစားနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ပြောပါဦး"

"ပြောရရင် ဒီကနေ့ နင် လှေသူကြီး ရွှေသာနဲ့ ကြည်သာရွှင်ပြုံးနေကြတာကို ငါသိတယ်။ စုံစမ်းသိရ သလောက် ရွှေသာဟာ မဆိုးလှဘူး။ နင့်ဘဝတာအတွက် အထောက်အကူ ရစရာလို့ ဆိုရင်လည်း မမှားဘူး"

ယင်းသို့ ငညိုက ပြောလိုက်သည့်အတွက် မကျေးဥ အလွန်တရာ အံ့ဩသွားရလေသည်။ တကယ်ကို သိသိ သိပ်သိပ် စီစဉ်ထားပါလျက် ညို ဘယ်လိုသိသနည်း။ ထို့ကြောင့် မကျေးဥ အနည်းငယ်တော့ စိုးရိမ်ပူပန်ရသည်။ အဘယ်ကြောင့်ဆိုသော် ဒီကိစ္စက မောင်မောင်တို သိလို့ မဖြစ် သလို၊ ဒေါ်ခါလည်း သိလို့ မဖြစ်။

မကျေးဥက ငညိုကို ကြည့်လိုက်သည်။

"ကျွန်မတို့ ကိစ္စကို ရှင်တောင်သိနေပြီဆိုတော့ ဘယ်သူတွေ သိသေးသလဲ"

"ရှင်းရှင်းပြောရရင် မင်းလည်း သိသင့်သလောက် သိတယ်၊ ဒါပေမယ့် ဒီကိစ္စကို လျှို့ဝှက်ထားဖို့ ငါကိုယ်တိုင် မခါကို ဖျောင်းဖျထားတယ်"

"အမေခါက လုံခြုံပါ့မလား"

"ငါ တစ်ယောက်လုံး ရှိနေသေးတယ် မကျေးဥ။





နင့်ရှေ့ရေး ဖြစ်လို့ သူလည်း သတိထားတယ်။ ထားပါလေ။ ဒါက အဓိက မဟုတ်ဘူး။ အဓိက,က နင့်နောင်ရေးပဲ။ နင် ဘယ်လိုစီစဉ်ထားလဲ။ ငါ ဘယ်လိုကူညီရမလဲ"

ဟု မေးလျှင် မကျေးဥက သက်ပြင်းရှိုက်လိုက်ပြီး

"ပြောရရင် ကိုရွှေသာကလည်း ကျွန်မကို ချစ်တယ်"

ဟု ပြော၏။

"ဒါဆို တော်ပြီ၊ နင် ရွှေသာနဲ့ အကြောင်းဆက် ပေါင်းဖက်ဖို့ ငါ ကူညီမယ်။ အရေးကြီးတာက နင် ရွှေသာ့ကို ပိုင်ဖို့ပဲ"

မကျေးဥက ခေါင်းညိတ်လိုက်၏။

♠ ♠ ♠

လှေသူကြီး ဦးရွှေသာ၏ လှေကြီးထဲတွင် မကျေးဥ ငြိမ်သက်စွာ ထိုင်နေသည်။ မကျေးဥ၏ မျက်နှာကလေး ညှိုးနေသလို၊ မျက်ဝန်းညိုတွင် မျက်ရည်တို့ သိခိုနေ၏။

လှေသူကြီး ဦးရွှေသာက မျက်နှာညိုနေသည့် မကျေးဥကလေးကို ကြည့်ကာ ပြုံးပြုံးယောင်ယောင် ဖြစ်နေသည်။

"ကျေးဥ ညည်း ဘာဖြစ်နေလဲ၊ ညည်းကို ကျုပ် မေတ္တာရှိတာနဲ့ ပတ်သက်လို့ ညည်း သံသယရှိနေလို့လား"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးရွှေသာကို ကျုပ် သံသယမရှိပါဘူး။ ကျုပ် စဉ်းစားနေတာက ကျုပ်ဘဝကိုပါ။ ကျုပ်က မေတ္တာ ရေလိုက်မှား၍ လူတစ်ယောက်အမှန်း ဖြစ်ခဲ့ရသူပါ။ လက်ဆိပ်ပန်း ဖြစ်ခဲ့တာမို့ ဒီက အစ်ကိုကြီး ရွှေသာနဲ့ တနိမ့်တနိမ့်ပါ့မလားလို့ စဉ်းစားနေတာပါ"

ဟု ပြောလိုက်သောအခါ လေ့သူကြီး ဦးရွှေသာသည် အသည်းခိုက်တစ္ဆ ခံစားလိုက်ရလေ၏။

"အို . . . ဒီလိုမပြောပါနဲ့ကွယ်။ ဘဝအခြေအနေ မကောင်းလို့ ကျေးဥ ဒီလိုဘဝရောက်ခဲ့ရတာကို ကျုပ်သိပါတယ်။ ကျုပ် သဘောကတော့ ရှင်းရှင်းကလေးပါ။ ရွှေပင်နားသော ရွှေကျေးပဲပေါ့။ ကျုပ်နဲ့ထိုက်လို့ ကျုပ်ရတာလို့ မှတ်ပါတယ်"

ဟု ဆိုပြီး ကြင်နာစွာ ထွေးဖက်လိုက်သည်။

ထိုစဉ် လေ့ကြီး လှုပ်ခတ်သွား၏။

ထိုသည်မှာ အခြားကြောင့် မဟုတ်။ လေ့ပေါ်သို့ ပခန်းသား ငလက်တို ခေါ် ၁တကြီး ရောက်လာသောကြောင့် ဖြစ်၏။

သူကြီး မောင်မောင်တို (ခေါ်) ငလက်တိုကို မြင်လိုက်လျှင် လေ့သူကြီး ဦးရွှေသာနှင့် မကျေးဥ တုန်လှုပ်





သွား၏။

ငလက်တိုက မကျေးဥကို ဒေါသတကြီး ကြည့်လိုက်၏။

"ဟင် . . . ကိုကိုတို"

ဟု စိုးရိမ်တကြီး ခေါ်လိုက်၏။

"ဘာကိုကိုတိုလဲ။ မြွေပေါက်လို လျှာနှစ်ခွနဲ့ လာသမျှကို လက်ခံတဲ့ မိန်းမ။ လင်ကြီးရှိလျက် လင်ငယ်နေတာ နင် မရှက်ဖူးလား"

ဟု မေးလိုက်သလို ရွှေသာကို ကြည့်လိုက်၏။

"ဘယ်လိုလဲ ရွှေသာရဲ့။ တစ်နေရာမှာ တစ်ကျိုးဆောက်မလို့လား။ ဒါဟာ ငါ့ရဲ့ ကာမပိုင် မယားဆိုတာ မသိဘူးလား"

ဟု မေး၏။

"ကျွန် . . . ကျွန်တော်"

ဦးရွှေသာ ဘာပြောရမည် မသိ။

ထိုစဉ် ငလက်တိုက . . .

"တဲ ကျေးဥ၊ နင်သစ္စာဖျက်တာ၊ ဖောက်ပြားတာက အကြောင်းမဟုတ်ဘူး။ ခုကိစ္စက အရပ်ရပ်နေပြည်တော်ကြားလို့မှ မတော်တဲ့ အကြောင်းပဲ။ ငါ့အတွက် ရှက်စရာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ နှင့် ဘယ်လိုဖြေရှင်းမလဲ”

ဟု မေး၏။

ယင်းသို့ ဖြစ်နေစဉ် ချိုပါသား ငညိုနှင့် မခါသည် ရောက်လာ၏။

“ဘာတွေ ဖြစ်နေကြလဲ”

ဟု ငညိုက မေးသည်။

“ဘယ်လိုဖြစ်ရမလဲ၊ ကျေးဥက လှေကြီးပေါ် လှေယော်တင်လို့၊ ပဲ့စင်ကလှုပ် လှိုင်းကပုတ်ပြီ။ အရှုပ်တော်ကြီးဖြစ်နေရတယ်လေ။ ရွှေသာကလည်း မိန်းမခြင်လျှင် မယားလုပ်ချင်လို့ ခက်နေတာပေါ့”

ဟု လေက်တိုက ပြောသည်။

ထိုအခါ ဒေါ်ခါက . . .

“အို . . . ဒီလို လွယ်လွယ်ပြောလို့ မရဘူးလေ။ ဒါက ခက်တာမဟုတ်ပါဘူး။ မောင်မောင်တို့နှင့် မကျေးဥဟာ ပုဆိုးတန်းတင် အကြင်လင်မယားဆိုတာ လူတိုင်း သိနေကြတာပဲ။ လင်ရှိမယားကို ထိပါး၊ မယားခိုးသူပဲ ဖြစ်မှာပေါ့”

ဟု ဆို၏။

သူ့စကား ကိုယ့်စကား ကြားသမျှစကားများကို နားထောင်ရသည့် လှေကြီးသူ ဦးရွှေသာခမျာ သေးကြပ်





နံကြပ်ဖြစ်လာ၏။ ရွှေသာက “မကျေးဥမှတပါး အားထားရာ မရှိ” ဆိုသောစကားနှင့် မကျေးဥကို လှမ်းကြည့်လိုက်၏။

မကျေးဥက ဒါကို သဘောပေါက်သည်။

မကျေးဥ အားလုံးကို ကြည့်လိုက်သည်။ ပြီးမှ . .

“ဒီကိစ္စမှာ အပြစ်ရှိတာ ကျွန်မပါ”

ဟု ပြော၏။ သည်အခိုက် ချိုပါသား ငညိုက လေက်တိုအား ကြည့်လိုက်သည်။

“သည်ကိစ္စကို အသေအချာ စဉ်းစားကြည့်လိုက်လျှင် မောင်မောင်တို့မှာ အပြစ်ရှိတယ်။ မင်းဟာ မကျေးဥကို ယူခဲ့ပေမယ့် မင်းအများကြီး တာဝန်ပျက်ကွက်တာယ်။ ဒါကြောင့်လည်း မကျေးဥ စိတ်ဓာတ်ပျက်ပြားရတာ၊ မယားတစ်ယောက် အကျင့်ပျက်ပြားရတာ ယောက်ျားတာဝန်ပဲ”

ဟု ပြောလိုက်၏။ လေက်တိုက . . .

“ခုတော့ ဒါတွေကို ငါ သိပါပြီ။ ငါ့အသိတွေဟာ နှောင်းနေပြီလား”

ဟု ပြော၏။

“ဒီကိစ္စက ခုအချိန်မှာ မကျေးဥအပေါ်မှာ မူတည်နေတယ်။ မကျေးဥ ဆုံးဖြတ်ချက်ကိုပဲ တို့က လိုက်နာရမလို့ ဖြစ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ညီကြာ ပြော၏။

"ကျွန်မဘက်က ပြောရမယ်ဆိုရင် ဒီကနေ့ကိစ္စမှာ ကိုရွှေသာမှာ အပြစ်မရှိပါဘူး။ ကျွန်မက ကျွန်မဒုက္ခကို ပြောပြလို့ ကိုရွှေသာ သံယောဇဉ်ဖြစ်ခဲ့တယ်။ ကြင်နာသနားရာမှ စေတနာပိုခဲ့ခြင်းပါ"

ဟု မကျေးဥက ပြောလိုက်လျှင် ပျာပျာသလဲ လေက်တိုက မကျေးဥကို ကြည့်လိုက်သည်။

"ကျေးဥရယ်၊ ငါ့ရဲ့တစ်ကြိမ်တစ်ခါအမှားကို နင်က ခွင့်မလွှတ်တော့ဘူးလား"

ဟု မေး၏။

မကျေးဥက သက်ပြင်းရှိုက်သည်။

"ကျွန်မ ခွင့်လွှတ်နားလည်ချင်ပါတယ်။ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လဲ မကျေးဥ။ မင်း . . . မင်း ငါ့ကို စွန့်မလို့လား"

ဟု မေး၏။

"ကျွန်မ ဦးရွှေသာကို သနားမိတယ်"

ဟု ဆိုသောအခါ လေက်တိုက တစ်စခန်း ထလာ၏။

"မင်းက ငါတို့ကို စွန့်ပြီး ရွှေသာနောက် ကောက်





ကောက်ပါအောင် လိုက်မလို့မေ့ါ ဟုတ်လား။ ဒါကိုတော့ ငါ ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်ဘူး။ မင်းဟာ ငါနဲ့ တရားဝင် ကာမပိုင် မယားပဲ။ ငါ သက်ဆိုင်ရာလွှတ်ခုံရုံးက စကားပြောရမယ်"

ဟု ဆို၏။

ဒီအခါ အစိုးရိမ်ကြီး စိုးရိမ်ရသူက လှေသူကြီး ဦးရွှေသာ ပင်။ သူအဖို့ တသက်လုံး ထိန်းခဲ့သမျှ ခုမှ ဒုက္ခ လှလှတွေ့ရပြီဟု စဉ်းစားမိ၏။ တရားတဘောင်ဖြစ်လျှင် အရှက်လည်းရနိုင်သလို၊ အလုပ်လည်း ပျက်နိုင်၏။ မိမိကို လူမှုသိက္ခာဖျက်သူအဖြစ် အများက မြင်ပြီး ဝိုင်းဝယ်ခံရမည်။

ထို့ကြောင့် မကျေးဥကို ကြည့်လိုက်ပြီး . . .

"မကျေးလေးရဲ့ စေတနာနဲ့ မေတ္တာကို ကိုကြီးရွှေသာ သဘောပေါက်ပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ ခေါင်းအေးအေးနဲ့ စဉ်းစားရမယ့် ကိစ္စဖြစ်လို့ စဉ်းစားပါဦး ကျေးလေးရယ်"

ဟု ဆို၏။ ထို့အတူ . . .

"တရားတဘောင်ဖြစ်ရင် ကိုကြီးရွှေသာ အရှက်ရတာထက် မိန်းကလေးဖြစ်တဲ့ မကျေးအတွက် ပိုပြီး အရှက်ရနိုင်ပါတယ်"



www.burmeseclassic.com

ဟု ဆို၏။

"ကိုကြီး . . . ကျေးဥကို ငရဲတွင်းမှာ ထားခဲ့တော့မလား"

ဟု ကျေးဥက ဆို၏။

"ဒီလို မပြောပါနဲ့ မကျေးလေးရယ်။ အခြေအနေက ခုအချိန်မှာ ဒီလိုပြေရှင်းမှ ဖြစ်မယ်လေ။ ကိုကြီး စဉ်းစားပါ့မယ်"

လက်တိုက . . .

"ငါကတော့ ဒီကိစ္စကို မကျေနပ်ဘူး။ မင်း ငါ့မယားကို မြူဆွယ်စည်းရုံးတဲ့အတွက် မင်းကို ဖြားယောင်းသွေးဆောင်မှု၊ မယားခိုးမှုနဲ့ တရားစွဲမယ်"

ဟု ကျိန်း၏။

သည့်အခါ ဒေါ်ခါက . . .

"ဒီလို တဘက်သတ်မပြောနဲ့ မောင်မောင်တို့။ ဒီကိစ္စဟာ မင်းတို့နှစ်ယောက်တည်းနှင့် ဆိုင်တဲ့ကိစ္စ မဟုတ်ဘူး။ ငါနဲ့လည်း ဆိုင်တယ်။ ငါ့သဘောကတော့ လွှတ်တော်၊ ရုံးတော် မရောက်စေချင်ဘူး။ ညှိလို့ရရင် ညှိစေချင်တယ်"

ဟု ပြော၏။

"ခါခါ နင်က အပေးအယူ လိုက်ပြီး လျော့လိုက်ဖို့





ပြောတာလား"

ဟု ညီကြီးက စကားကြောင်းသည်။

"ဟုတ်တယ်"

သည်အခါ လှေသူကြီး ရွှေသာက . . .

"ကောင်းပါတယ် ခင်ဗျာ။ ဒီက မိခင်ပြောတာ မှန်ပါတယ်။ ကျေအောင်ချေလို့ရမယ်ဆိုရင် ကျွန်တော် ချေချင်ပါတယ်"

ဟု ပြော၏။

"မင်းက ဘယ်လိုလုပ်ချင်လဲ"

လက်တိုက မေးသည်။

ထို့နောက် နှစ်ယောက်သား ဖြားယောင်း သွေးဆောင်မှု၊ မယားခိုးမှုနှင့် တရားမစွဲရန် ညှိနှိုင်းလိုက်ပြီး အပေးအယူလုပ်လိုက်သည်။ ကျေနပ်၍ လက်တို မကျေးဥကို လက်ဆွဲပြန်သွားမှ လှေသူကြီး ရွှေသာ သက်ပြင်းချနိုင်၏။

လက်တို ပြန်သွားလျှင် ဒေါ်ခါက . . .

"အဒေါ့သမီးကလေး ကံဆိုးပါတယ်ကွယ်။ မင်းလို လူနဲ့ အရင်တွေ့ရင် သိပ်ကောင်းမှာ"

ဟု ပြော၏။

"သူ မကြာခင် ကံကောင်းမှာပါ"

www.burmeseclassic.com



ဟု ပြော၏။

"အဒေါ်လည်း မင်းကို သံယောဇဉ်တွယ်မိလို့ ကူညီမှာပါ"

ဟု ပြော၏။

ကျေးဇူးပါပဲ အဒေါ်ရယ်။ ခုလို ကူညီပြီး ပြောလို့ စေတနာထားတဲ့အတွက် အများကြီး ကျေနပ်ဝမ်းသာမိပါတယ်။ မကျေးဥ ဘဝ လန်းဆန်းကြည်လင်အောင် ကျွန်တော် ကြိုးစားမှာပါ။ ကဲ . . . အဒေါ်ကျေးဇူးပြုတဲ့အနေနဲ့ လွှက်ဖိုးကလေး ကန်တော့ပါရစေ"

ဟု ပြော၏။ ဒေါ်ခါက . . .

"အားနာစရာကွယ်"

ဟု ပြောပြီး လှမ်းယူ၏။ ထို့နောက် ဒေါ်ခါနှင့် ညို လှေပေါ်မှ ဆင်းခဲ့သလို၊ လှေသူကြီး ဦးရွှေသာလည်း . . .

"ဒီအရပ်မှာ ကြာကြာမနေသင့်"

ဟု မှတ်ယူလိုက်သလို အမြန်ဆုံး ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

♠ ♠ ♠



## အခန်း (၀)

## "ဦးစိတ်ကောင်း စိတ်ထောင်းကိုယ်ကြေ"

မခန်းသား လေက်တို့နှင့် ရှိုပါသားညိုတို့သည် ဒေါ်ခါနှင့် မကျေးဥတို့ကို စားအိုးစားခွက် အပြည့်အစုံနှင့် လှေပေါ်တွင် တင်ထားပြီး၊ နာမည်ကြီး ကုန်သည်ကြီး ဦးစိတ်ကောင်း၏ ကုန်စုံဆိုင်နှင့် မနီးမဝေးတွင် လှေကို ရပ်ထား လေ၏။

ရှိုပါသား ညိုကမူ သချိုင်းသို့သွားကာ ကလေး ငယ် အလောင်းတစ်ခုကို ဖော်၏။ ထို့နောက် ကလေးအ လောင်းကို မြစ်ဆိပ်တွင် ရေချိုး၊ ပုဆိုးနှင့်ထုတ်ပြီး၊ ခြေဖျား



www.burmeseclassic.com

www.burmeseclassic.com



လက်များများကိုသာ ဖော်ထားလေ၏။

ကလေး၏ လက်၊ခြေထောက်တွင် ရွှေရည်သုတ်ကြေးပွ လက်ကောက်နှင့် ခြေကျင်းများ ဝတ်ဆင်ထား၏။ ထို့နောက် ဒေါ်ခါကြီးကို ပွေ့ချီ၍ နေစေ၏။ ဒေါ်ခါကြီးအနီးတွင် အနီးထုပ်ကိုင်၍ မကျေးဉကို မီခင်လုပ်စေ၏။

ညီသည် ငွေခြောက်ပိသာကို ဖျင်နီအိပ်နှင့်ထည့်၍ ဖဲကြိုးစီးလျက် ဦးစိတ်ကောင်း၏ ကုန်စုံဆိုင်သို့ ဝင်၏။

လင်ပန်း၊ ဖလားနှင့် အဖိုးတန်ပစ္စည်းတို့ကို ဈေးမေး၊ ဈေးဆစ်ပြီး ငွေကို အချိန်တိကျစေရန် ချိန်တွယ်၏။

ဦးစိတ်ကောင်းက ကြည့်ရင်း ရောင်းလိုစိတ်ပြင်းထန်လာ၏။

"မင်းတို့ ပစ္စည်းလိုချင်လို့လား။ ကြိုက်တဲ့ပစ္စည်းကို ယူကြပါ"

ဟုဆို၏။

ညီက . . .

"ကျွန်တော်တို့က ဝယ်မှာပါ။ ခု သွားစရာကလေး ရှိသေးလို့ပါ"

ဟု ပြောပြီး သွား၏။

ထို့နောက် ညီ လှေသို့ ခေတ္တပြန်၏။ ငွေထုပ်နှင့်





ခဲထုပ်ကို လဲ၏။

♠ ♠ ♠

ညချမ်းအချိန်သို့ ရောက်ခဲ့ပြီ။

လကလေး ဖွေးဖွေး၊ အေးသောညချမ်းသို့ ရောက်လျှင် ဆိုင်သို့ ပြန်လာ၏။

"ဩော် . . . မင်းတို့ ပြန်လာကြပြီလား။ လိုချင်တာ ယူကြပါ"

ဟု ဆို၏။

ဝန်းသား လေက်တိုက ပြုံးလျက် . . .

"ဟုတ်ကဲ့၊ ယူမှာပါ။ ဦးကြီးကလည်း ဖောက်သည်ဖြစ်အောင် လျှော့နိုင်သလောက် လျှော့ပါ"

ဟု ဆို၏။

"ဩော် . . . စိတ်ချပါကွယ်။ ဦးကလည်း ဖောက်သည် အဖြစ်ရအောင် လျှော့တန်သလောက် လျှော့ပေးမှာပါ"

ဟု ဆို၏။

"ကျေးဇူးပါပဲ ဦးရယ်။ ကျွန်တော်တို့က ညီ့သည်တွေပါ။ ဖြစ်နိုင်ရင် ဒီက အဒေါ်ကြီးနဲ့ ကလေးမကို ဒီမှာတည်းခိုခွင့်ပြုပါ"

ဟု ဆိုလျှင် ဦးစိတ်ကောင်းက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဒီလောက်တော့ ဖြစ်ပါတယ်"

ဟု ပြောပြီး တည်းခွင့်ပြု၏။

ဒေါ်ခါကြီးက ကလေးကို ပွေ့ချီကာ၊ ကလေးကို အနီးနှင့်ထုပ်ကာ ခြေဖျားလက်ဖျားကလေးများသာဖော်၍ ညှော်ကြောက်သည့်သဏ္ဌာန်နှင့် ချီထား၏။

ထို့နောက် ညီကို ဝယ်ယူထားသည့် ပစ္စည်းများကို သယ်စေကာ၊ လှေသို့ဆင်းစေ၏။

ညီသည် ပစ္စည်းများသယ်ယူကာ လှေသို့ဆင်း၏။

ထိုစဉ် ပခန်းသား လေက်တိုက . . .

"ဟေ့ ညီ . . . ငွေပေး"

ဟု ပြော၏။ ညီက ပြူးပြူးကြောင်ကြောင်နှင့် .

"ငွေ . . . ဟုတ်လား။ ကျွန်တော် မယူရဘူးထင်လို့ လှေပေါ်မှာ ထားခဲ့တယ်"

ဟု ပြော၏။

"ဟာ . . . မင်းကလဲ ပစ္စည်းဝယ်ပြီး ငွေပေးရမယ် ကွ၊ သွား အခု အမြန်ဆုံး ငွေထုပ်သွားယူ"

"ဟုတ် . . . ဟုတ်ကဲ့"

ညီက ပျာပျာသလဲ ငွေထုပ်ပြေးယူ၏။ ချီပါသား ညီ ငွေထုပ်ယူရန်သွားစဉ် မကျေးဥလည်း နောက်မှ မယောင်





မလည် လိုက်သွား၏။

လှေသို့ရောက်လျှင် ညီက ငွေခြောက်ပိဿာအိတ် တွင်းသို့ ခဲခြောက်ပိဿာထည့်ကာ ပုံစံမပျက် ပြန်စီးပြီး၊ ယူ လာ၏။

ဆိုင်သို့ရောက်လျှင် ငွေထုပ်ကို လေက်တိုအား ပေး ၏။ ညီသည် ပစ္စည်းများကို သယ်ယူ၍ ချ၏။ လေက်တိုက ပစ္စည်းဖိုးငွေအဖြစ် ငွေထုပ်ကို ပေး၏။

ဦးစိတ်ကောင်းက ငွေထုပ်ကို ကြည့်ကာ ကျေနပ် နေ၏။

"ဦးကြီး . . . ငွေကို ရေတွက်ဦးမလား"

"မလိုပါဘူးကွယ်"

ထိုစဉ် ပခန်းသား လေက်တိုက ဒေါ်ခါကြီးကိုကြည့် ကာ . . .

"အဒေါ်တို့ ဒီမှာနေခဲ့ကြနော်"

ဟု ပြော၏။

"အေး . . .အေးကွယ်"

လေက်တို သွက်သွက်ဆင်းသွား၏။

♠ ♠ ♠

မကြာမီ လေက်တို ပြူးပြူးပျာပျာနှင့် ပြန်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခါကြီးက လေက်တိုကို ဆတ်ကနဲ ကြည့်လိုက်ပြီး . . .

"ဟဲ့ . . . တေို၊ ရေးကြီးသုတ်ပြာနဲ့ ဘာဖြစ်လာတာလဲ" ဟု မေး၏။

"မပြောချင်ပါဘူးဗျာ။ လေ့ပေါ်မှာ ခင်ဗျားသမီးနဲ့ သမက် သတ်ကြတော့မယ်။ ကောင်မလေးကလည်း ဒီမှာအိပ်ရမှာ။ ဘယ်လို လှေပေါ်ရောက်နေလဲ မသိဘူး"

ဟု ပြော၏။

"ဒါဆို ဘယ်လိုလုပ်မလဲ တေို၊ ညီကြ စိတ်သိပ်တိုတာ။ လက်လွန်ခြေလွန်ဖြစ်ရင် မကောင်းဘူး"

"ဘာလုပ်ရမလဲ၊ ခင်ဗျား သွားမှဖြစ်မှာပေါ့။ ကျုပ်က ဆွဲယုံဆွဲနိုင်တာ။ မဖျောင်းဖျနိုင်ဘူး"

ဟု ပြော၏။ ထိုအခါ ဒေါ်ခါကြီးက သက်ပြင်းချလိုက်ပြီး . . .

"ကလေးတစ်ဘက်နဲ့ ဘယ်လိုလုပ်ရပါ့"

ဟု ညည်း၏။

သည်အခါ ဦးစိတ်ကောင်းက လှမ်းကြည့်ပြီး . . .

"ကလေးက အိပ်နေတယ် မဟုတ်လား။ ကျုပ်ကြည့်ထားလိုက်ပါမယ်"

ဟု ပြော၏။





"ကျေးဇူးပါပဲရှင်"

ဒေါ်ခါကြီးက တရိုတသေပြောပြီး လေက်တိုအား ကြည့်ကာ . . .

"ကဲ . . . မောင်တို၊ တို့ သွားစို့"

ဟု ပြောပြီး ကုန်စုံဆိုင်တွင်းမှ သုတ်သုတ်ဆင်းသွားကြ၏။

ဦးစိတ်ကောင်းသည် ကုလားထိုင်တွင် ထိုင်ရင်း၊ ကလေးအခြေအနေကို နားစွင့်နေ၏။ ကလေး၏ငိုသံကို မကြားရ။

"ကလေးက တော်တော်အေးတာပဲ"

ဟု ပြော၏။

သို့သော် အတော်အချိန်လင့်သည့်တိုင် တစ်ယောက်မှ ပြန်မရောက်သလို၊ ကလေးကလည်း ငိုလည်းမငို၊ လှုပ်လည်း မလှုပ်သဖြင့် စိတ်ထဲသက်ာမကင်း ဖြစ်လာ၏။

"ဒီကလေးကြည့်ရတာ တမျိုးပဲ"

ထို့ကြောင့် ဦးစိတ်ကောင်း ထိုင်ရာမှထကာ ကလေးနားသို့သွား၍ ကလေးကိုယ်တွင် အုပ်ထားသည့် ပုဝါကလေးကို လှန်ကြည့်လိုက်ရာ အတော်ပင် အံ့သြတုန်လှုပ်သွား၏။

"အမလေး . . . ဘုရား . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သည်။

ကလေးက အရှင်ကလေးမဟုတ်။ အသေကလေး ဖြစ်နေ၏။ ကလေး၏လက်မှ လက်ကောက်၊ ခြေထောက်မှ ခြေကျင်းများကို ကြည့်ရာ၊ ရွှေအစစ်မဟုတ်ဘဲ အတုများဖြစ်နေသည်ကို တွေ့ရ၏။

"ဟင် . . . ဒါ . . . ဒါဆို "

ဦးစိတ်ကောင်းစိတ်ထဲ ဒိန်းကနဲ ဖြစ်သွားခဲ့၏။ ငွေအိတ်ကိုလည်း စိတ်က ရောက်သွား၏။

ငွေအိတ်ကို ဖြေကြည့်လိုက်လျှင် ကိုယ့်ကိုကိုယ် မူးမိုက်လဲမကျသွားအောင် ထိန်းလိုက်ရ၏။ အဘယ့်ကြောင့်ဆိုသော် ငွေအိတ်ထဲတွင်ကား ငွေများမရှိဘဲ ခဲများချည်း ဖြစ်နေသောကြောင့်တည်း။

သည်အခါ ဦးစိတ်ကောင်း အထိတ်တလန့်ဖြင့် အဖော်များကို ခေါ်ကာ လှေဆိပ်သို့ ဆင်းခဲ့၏။ လှေဆိပ်တွင် လှေမရှိ။

နံနက်မိုးသောက် အလင်းရောက်သော် ဦးစိတ်ကောင်းသည် ဆုံးရှုံးမှုများစွာ ရင်ဆိုင်လိုက်ရသော်လည်း စိတ်အပန်းမဖြေနိုင်။ ကလေးအလောင်းကို ကောင်းမွန်စွာ သဂြိုဟ်လိုက်ရ၏။





"ငါ့ကို စိတ်ထောင်းကိုယ်ကြေအောင် လုပ်တဲ့ကောင်တွေ တူသောအကျိုးပေးပါစေ"

ဦးစိတ်ကောင်း မေတ္တာပို့ယုံမှတပါး အခြားမလုပ်နိုင်ခဲ့။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

## “တူသောအကျိုးပေးခြင်း”

ပခန်းသား လေက်တို၊ ချိုပါသား ညို့နှင့် ခေါ်ခါ၊ မကျေးဥတို့သည် စုန်ဆင်းလာသည့်လှေပေါ်တွင် တပြုံးပြုံး ဖြစ်နေကြ၏။

“ဒီတစ်ချီတော့ တကယ်ကို အချိုကြီးပွတာပဲနော်”

ဟု ညို့က ပြော၏။

ခေါ်ခါကြီးက ပြုံးလျက် . . .

“အစီအစဉ်တကျ အလုပ်လုပ်တဲ့နေရာမှာတော လေက်တိုဟာ တကယ်ကို ပညာပါပါတယ်”





ဟု ပြော၏။

ပခန်းသား လေက်တိုသည် တည်ငြိမ်စွာ ပြုံးလိုက်ပြီး

“ဒီလို အခြေအနေဖြစ်ရတာ ကျုပ်စီစဉ်တာ ကောင်းလို့ချည်း မဟုတ်ပါဘူး။ ကျုပ်စီစဉ်တဲ့အတိုင်း တသွေမတိမ်း ခင်ဗျားတို့ လိုက်လုပ်နိုင်လို့ပါ”

ဟု ဆိုလျှင် အားလုံးကျေနပ်စွာ ပြုံးကြ၏။

လှေသည် တရိပ်ရိပ် စုန်ဆင်းလာ၏။

သို့နှင့် ဟသာ်ာတမြို့သို့ ရောက်လျှင် ဟသာ်ာတလှေဆိပ်၌ လှေကို ရပ်၏။

“ဒီမှာ ဘာလုပ်ဦးမလို့လဲ ကိုကိုတို”

ဟု မကျေးဥက မေး၏။

“ဒီမှာ ရပ်တာက ဘာလုပ်ဖို့မှ မဟုတ်ဘူး။ လှေပေါ်မှာပါတဲ့ ကုန်တွေက များနေပြီ။ ဒီတိုင်းသယ်သွားမဲ့အစား ရောင်းလိုက်ရင် ပိုကောင်းမယ်လို့ ထင်လို့”

ညို့က . . .

“လေက်တို မင်းမှာ အကြံရှိနေလို့လား”

ဟု တိုးတိုးမေးလိုက်၏။

ပခန်းသား လေက်တိုက . . .

“အကြံရှိလို့တော့ မဟုတ်ပါဘူး။ ဒါပေမယ့် လှေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ကုန်တွေရှိနေမယ့်အစား ကုန်တွေရှိမနေရင် ပိုကောင်းမယ်လို့ ထင်လို့ပါ”

ဟု ပြောလိုက်၏။

ညီကြက . . .

“အင်း . . . ဒါလည်း အကြံတစ်ခုပေပဲ”

ဟု ဆို၏။

ထို့နောက် လေက်တို့နှင့် ညီသည် ဦးစိတ်ကောင်း ကုန်စုံဆိုင်မှ အကြွက်ဝယ်ခဲ့သည့် ကုန်များအား ဟသာတမြို့ ရှိ ကုန်စုံဆိုင်ကြီးတွင် ရောင်းချလိုက်လေသည်။

“တို့ အခု ဘာလုပ်မလဲ”

ညီကြ မေး၏။

“လေစုံမှာ လှေစုံလိုက်ရုံပေါ့”

ဟု ပခန်းသား လေက်တိုက အပြုံးနှင့် ပြော၏။

♠ ♠ ♠

တစ်နေ့ခင်းလုံး လှေကိုစုန်ခဲ့ရာ လရောင်ဖွေးဖွေး အေးချမ်းသည့် ညချမ်းအချိန်သို့အရောက်တွင် လှေသည် ပုသိမ်ဆိပ်ကမ်းသို့ ဆိုက်ရောက်၏။

ပုသိမ်ဆိပ်ကမ်းတွင် မီးရောင်တို့နှင့် ထိန်လင်းနေ၏။





လှေဦးတွင် ရပ်ကာကြည့်နေသည့် ပခန်းသား လေက်တိုက . . .

“ညီရေ . . .”

ဟု ခေါ်လိုက်၏။

ညီ သွက်သွက်ဖျာဖျာ ရောက်လာ၏။

“ဘာလဲ လေက်တို”

“ဒါ ပုသိမ်ဆိပ်ကမ်း မဟုတ်လား။ ငါတို့ နားကြရင် ကောင်းမယ်ထင်တယ်”

ဟု ပြော၏။

“နားချင်သပဆိုရင် နားကြတာပေါ့”

ထို့နောက် ပခန်းသား လေက်တိုသည် [illegible]ကို ပုသိမ် ဆိပ်ကမ်းရှိ သင့်ရာနေရာတွင် ရပ်နားလိုက်၏။

♠ ♠ ♠

ညက လသာည ဖြစ်၏။

လသာညဖြစ်သဖြင့် ကောင်းကင်တွင် ပြည့်ဝန်းသော လမင်းဖွေးဖွေးကြီး ရှိနေသလို၊ လမင်းကြီး၏နံဘေးတွင် မှိတ်တုတ်မှိတ်တုတ်နှင့် ကြယ်ပေါင်းကုဋေကုဋာ လင်းလက်နေ၏။

ဘော်ငွေရောင်လမင်း၏ အစက်အပြောက်များသည်



www.burmeseclassic.com

www.burmeseclassic.com



ဖြာလက်စီကျနေ၏။

လေပြေက ငြသုန်သုန် ဆော်သွေးနေ၏။

လှေ ကမ်းသို့ကပ်လိုက်လျှင် နော့သွေးနေသော လေပြေနှင့်အတူ ဆိုင်းသံကို ကြားလိုက်ရ၏။

ဆိုင်းသံ၊ ဗုံသံ ကြားလိုက်ရလျှင် ညိုကြ . . .

"ကမ်းမှာ စတော်ပွဲလား၊ အငြိမ့်ပွဲလား မသိဘူး။ ရှိပုံ ရတယ်"

ဟု ပြော၏။

"ဟုတ်တယ်၊ တို့လည်း ပွဲငတ်နေတာနဲ့ အတော်ပဲ။ သွားကြည့်မလား ညို"

ဟု ပြောလျှင် ညိုကြ . . .

"ဘင်းတာပေါ့"

ဟု ဖြေ၏။

ထိုစဉ် မကျေးဥသည် လေကတ်တိုနှင့် ညို၏ အနားသို့ ရောက်လာ၏။

"ကိုတိုနဲ့ ကိုညိုတို့ ပွဲသွားကြည့်ရင် ကျေးဥကိုလည်း ခေါ်ပါ"

ဟု ပြော၏။ သူ့ပုံသဏ္ဌာန်က အသနားခံသည့်ပုံ ပေါ်နေ၏။





ဒေါ်ခါကြီးကလည်း . . .

"ဟုတ်ပါ့ ညိုနဲ့ ကေတိုတို့ရယ်၊ မင်းတို့ ပွဲသွားကြည့်ရင် ကျေးဥ လိုက်ပါစေ"

ဟု ဆို၏။

သို့ဖြင့် လေကတ်တိုနှင့် ညိုသည် မကျေးဥအား ပွဲ လိုက်ပြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## “သူခိုးလက်မှ သူဝတ်လုခြင်း”

လေက်တို့နှင့် ညေိုတို့နှင့်အတူ မကျေးဥလည်း ပွဲကြည့်ရန် လိုက်သွားသည့်အခါ လှေကြီးပေါ်တွင် ဒေါ်ခါကြီး တစ်ဦးတည်းသာ ကျန်ခဲ့၏။

အချိန်က ညနက်သန်းခေါင်အချိန်သို့ ရောက်ခဲ့ပြီ။

ဒေါ်ခါကြီးသည် စောစောက အိပ်နေသော်လည်း သန်းခေါင်ချိန်တွင် တရေးနိုး၏။ မြစ်ကို ဖြတ်တိုက်လာသော လေက သာမန်လေထက် အေးသည်ထင်၏ စိမ့်ကနဲ၊ စိမ့်ကနဲ ဖြစ်လာ၏။

“ဘုရား . . . ဘုရား”





ဒေါ်ခါကြီးစိတ်ထဲ မသိုးမသန့် ဖြစ်လာသလို၊ ကြောက်သလို ခံစားရ၏။ အိပ်ရာမှထပြီး မီးခွက်ထွန်းလိုက်သည်။ ငွေထည့်ထားသည့်သေတ္တာကို အနားဆွဲလိုက်သည်။

ထို့နောက် မီးကို မှုတ်လိုက်သည်။

ထို့ကြောင့် လှေတစ်ခုလုံး မှောင်သွားသည်။

သို့သော် ကြယ်ရောင်၊ လရောင်တို့ကြောင့် အလင်းရောင် ပျပျရှိနေ၏။

ထိုစဉ် ပျပျအလင်းရောင်ကို အားပြုကာ လူနှစ်ယောက် လှေနားသို့ ကပ်လာ၏။ ထိုသူများက အခြားသူများ မဟုတ်၊ ကမ်းတွင် ကပ်ထားသည့် လှေများတွင်ပါသည့် ပစ္စည်းများကို လှည့်လည်၍ ခိုးယူနေသော သူခိုးနှစ်ဦးဖြစ်၏။

သူတို့သည် လှေနားသို့ရောက်လျှင် ပဲ့မှကပ်၍ လှေပေါ်သို့ တက်လိုက်၏။

“အပေါ်မှာ ဘယ်သူမှ မရှိဘူးကွ၊ အဖွားကြီးတစ်ယောက်ပဲ ရှိတယ်”

တစ်ဦးက လေသံနှင့်ပြောသည်။

“အသံ မပြည်စေနဲ့နော်”

သူခိုးနှစ်ဦးက ခြေသံကို လုံလုံနင်းကာ တိုးကပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခေါ . . . ခေါ . . ."

ခေါခါကြီးက ဟောက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ၏။ ထို့ကြောင့် သူခိုးနှစ်ဦး ပျော်သွားသည်။ တစ်ဦးက သေတ္တာနားသို့ကပ်ပြီး သေတ္တာကို မ,လိုက်၏။ ခေါခါကြီးသည် မနိုးသေး။

သူခိုးသည် သေတ္တာကို မ,ပြီး တစ်ယောက်ကို ကမ်းပေးလိုက်၏။ ယင်းသို့ဖြင့် နောက်တစ်ယောက် ဆင်းလာလျှင် လှေကလေးကို လှော်၍ ပြေးကြလေသည်။

♠ ♠ ♠

"ပွဲက ကောင်းတယ်နော်"

ပခန်းသား လေ့ထ်တိုက ပြောလိုက်သလို၊ ညိုက "ငါကတော့ လူပြက်တွေ ပြက်လုံးကို ပိုကြိုက်တယ်" ဟု ပြော၏။

"ကျေးဥကတော့ မင်းသမီးကလေးရဲ့ ရုပ်သေးကကို ပိုကြိုက်တယ်"

"ခုနစ်တွေ့က၊ မျောက်က,ကတာကို မကြိုက်ဘူးလား"

"ကြိုက်တာပေါ့။ ကျေးဥကတော့ က,တာဆို အကုန်ကြိုက်တယ်"





"ငါ့ကိုကော . . ."

ကျေးဥက နှုတ်ခမ်းစူလိုက်ပြီး မျက်စောင်းခဲလိုက်၏။ ပခန်းသား လေက်တိုက ပြုံးလျှက်။

ချိုပါသား ညိုကမူ ဘာမှမခွဲးစားဘဲ တဟားဟားရယ်၏။ ထိုရယ်သံကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေသော ခေါခါကြီး လန့်နိုးသွားသည်။

ခေါခါကြီးသည် အိပ်ရာမှနိုးလျှင် ငွေသေတ္တာကို သတိရမိသလို ငွေသေတ္တာကို စမ်းလိုက်သည်။

"အမလေး . . . ငွေသေတ္တာ မရှိတော့ပါလား"

ဟု အလန့်တကြား ရင်ဘတ်စည်တီး ငိုညည်းရင်း ပြော၏။

ပခန်းသား လေက်တို၊ ချိုပါသား ညိုနှင့် မကျေးဥတို့ အလန့်တကြားဖြစ်ကာ ပြေးလာကြသည်။

"ဘာဖြစ်လို့လဲ မေမေခါ"

"ဘာဖြစ်ရမှာလဲဟဲ့၊ ငါ တမှေးအိပ်ပျော်သွားလိုက်တာ အခု ငွေသေတ္တာ မရှိတော့ဘူး"

ထို့ကြောင့် အားလုံး ကြက်သေ,သေသွား၏။

♠ ♠ ♠

လရောင်သည် ဖွေးဖွေး။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပန်းသား လေက်တို့နှင့် နှိုပါသား ညိုအား စိတ်တွင်း၌ ပူလောင်နေ၏။ သူတို့က အနှုရာယ်ကြားမှ ဒီ လောက် ငွေများများရအောင် လုပ်ခဲ့ရခြင်းဖြစ်၏၊ ဘယ် လောက် ပင်ပန်းသည်ကို သူတို့အသိဆုံး။

ယခုတော့ ကုန်ပြီ။

ပန်းသား လေက်တိုက ညိုကို ကြည့်လိုက်သည်။

"ညို"

"ပြော လေက်တို"

"အခု ငါတို့ ပင်ပင်ပန်းပန်း ရှာခဲ့ရတဲ့ငွေတွေက ကုန်ပြီ။ ဒေါ်ခါကတော့ သူခိုး ခိုးခံရတယ် ပြောတာပဲ၊ ဒါဟာ ဖြစ်နိုင်ပါ့မလား။ ငွေတွေက များလို့ သူ လောဘရှုက်တက် ပြီး ငါတို့ကို တပတ်ရိုက်တာတော့ မဖြစ်နိုင်ဘူးလား"

"မင်းဆိုလိုတာက ဒီငွေတွေကို ဒေါ်ခါကြီးက တို့ မသိအောင် တစ်နေရာရာမှာ ဖွက်ပြီး၊ သူခိုး ခိုးခံရတယ်လို့ ပြောတာလို့ ဆိုလိုတာလား"

"ဟုတ်တယ်"

"ဒီကိစ္စနဲ့ ပတ်သက်လို့တော့ ပြောရခက်တယ်လေ။ "သစ်ကောက်၊ ဝါးကောက်သာ မြင်နိုင်ပြီး၊ လူ စိတ်ကောက် တာကို မြင်နိုင်ခြင်း မရှိ" လို့ ဆိုတဲ့စကားလိုပေါ့။ ပြောရခက်





တယ်။ သဘာဝတရားနဲ့ကြည့်ရင်လည်း ပစ္စည်းဥစ္စာဆိုတာ လောဘကို ဖြစ်စေတယ်လေ"

"ဟုတ်တယ်။ မင့်နဲ့ငါတောင် ငွေတစ်တင်းအသာနဲ့ ပြဿနာဖြစ်ခဲ့သေးတာပဲ"

"ခုတော့ ဘာမှလုပ်လို့ မရတော့ဘူးလေ"

"ဒါကို ငါ သိပါတယ်။ မှန်မမှန်ဆိုတာ သူပဲသိမှာ။ အေး . . . တို့က ကောင်းလျက် သူက အကောက်ကြံတယ် ဆိုရင်တော့ ဒီအကျိုးကို သူ ခံစေရမယ်"

ဟု ပြောလိုက်၏။ ထိုနောက် သူတို့အမှတ်မဲ့နေ၏။ ထိုစဉ် ဒေါ်ခါကြီးက သူတို့အနားသို့ မျက်ရည်လည်ရွဲနှင့် ရောက်လာ၏။

"ငွေသေတ္တာ သူခိုး ခိုးသွားတာ ဘယ်လို လုပ်ကြ မလဲ"

ဟု မေး၏။

ပန်းသား လေက်တိုက . . .

"ခိုးသွားမှတော့ ဘာလုပ်ရမလဲ"

ဟု ပြော၏။

ညိုကမူ . . .

"ခုလိုဖြစ်ရတာ အားလုံး ပွဲသွားကြည့်လို့ပဲ။ "ကျား၏



www.burmeseclassic.com

www.burmeseclassic.com



ရာ ကြမ္မာမရှိးသာ" ဆိုတဲ့စကားလို့ပဲ မှတ်ရတော့မှာပေါ့။
ဘာမှပြောစရာမရှိပါဘူး"

ဟု ပြောလိုက်လေသတည်း။

♠ ♠ ♠



## အခန်း (၁၀)

## "မလိမ်ရ မနေတတ်သူ"

ပခန်းသွား လေက်တိုး ချိုပါသားညီနှင့် ဒေါ်ခါကြီး၊ မကျေးဥတို့သည် လှေကလေးနှင့် ပုသိမ်မှ ထွက်ခဲ့သည်။

သို့နှင့် ပုသိမ်နှင့် မနီးမဝေး ရွာကလေးတစ်ရွာသို့ ရောက်ခဲ့၏။ လေက်တို့နှင့် ညီဖိုးတို့ လှေပေါ်မှ ကမ်းသို့လှမ်းကြည့်လိုက်ရာ တောင်ပုံယာပုံ စပါးပုံများကို တွေ့ရလေ၏။

"ဟာ . . . စပါးပုံကြီးက ဟီးနေပါလား"

ညီဖိုးက ပြော၏။

"ဆီရေချိုး ဆေးရိုးမီးလှုံ စပါးတောင်လိုပုံ" ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



တို့မြန်မာရဲ့ သင်္ကေတလေ"

"အင်း . . . ငါကတော့ ဒီစပါးပုံတွေ မြင်တော့ လိုချင်လာတယ်"

ဟု ညီကြက ပြော၏။ လေက်တိုက ပြုံးလိုက်ပြီး .

"ကြည့်စမ်း၊ တို့နှစ်ယောက်က ပေါင်းဖက်မိတာလည်း မပြောနဲ့။ တကယ်ကို အတွေးပါတူနေတယ်၊ ငါလည်း မင်းလို ဒီစပါးတွေ ငါ့စပါးဖြစ်ချင်နေတာ"

ဟု ပြော၏။

ညီကြက . . .

"ဒါဆိုလည်း တို့ ကြံကြတာပေါ့"

ဟု ပြော၏။

ထို့နောက် လှေကို ကမ်းသို့ ကပ်လိုက်၏။

♠ ♠ ♠

"မင်းတို့ ဒီမှာ စောင့်နေကြဦး"

ဟု လေက်တိုက ပြော၏။

"မင်း အခု ဘယ်သွားမလို့လဲ"

"တစ်ရက်နှစ်ရက်အတွင်း တို့ သူဌေးဖြစ်ကိန်း ရှိနေလို့ပါ"

ဟု ပြောပြီး ကမ်းသို့ ဆင်းသွား၏။





ကမ်းနှင့်ရွာသည် ကပ်လျက်၊ ပခန်းသား လေက်တိုသည် ကမ်းသို့ရောက်လျှင် စပါးဈေး စုံစမ်း၏။ ပြီးနောက် စပါးရှင်များနှင့် တွေ့ဆုံ၏။

ကျွန်တော်က အဝမြို့က စပါးကုန်သည်ပါ၊ ဒီမှာ စပါးဝယ်ဖို့ ရောက်လာတာပါ"

ဟု ဆိုလျှင် စပါးရှင်များ ပျော်သွား၏။ စပါးတွေ ပေါလွန်းသဖြင့်၊ စပါးကုန်သည် မလာသဖြင့် စိတ်ညစ်နေသည့် ရွာသားများ ပျော်သွားသည်။

ရွာသားများသည် စပါးရောင်းချနိုင်ရန် လှေပေါ်သို့ စပါးများ အလုအယက် တင်ကြသည်။

"တဲ . . . ဒေါ်ခါနဲ့ မကျေးဥရေ၊ စပါးတွေတင်ဖို့ ခဏဆင်းကြဦး"

ဟု ပြော၏။

ထို့နောက် သင်ဖြူးအိပ်ရာတွေနှင့်တကွ ဒေါ်ခါကြီးနှင့် ကျေးဥကို ကမ်းသို့တင်၏။ စပါးရှင်များက သူ့အိမ်တည်းပါ၊ ငါ့အိမ်တည်းပါနှင့်။

ဒေါ်ခါကြီးနှင့် မကျေးဥကို စပါးရှင်တစ်ဦး၏အိမ်တွင် တင်ထား၏။

စပါးများကို တင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ဖြင့် နေဝင်သွား၏။

"ကဲ . . . စပါးတင်တာ ခဏရပ်ကြရအောင်။ မိုးလည်းချုပ်ပြီမို့ မနက်မှ ဆက်တင်ကြတာပေါ့"

ဟု ပြောသဖြင့် စပါးရှင်များသည် စပါး အတင်ရပ်၏။ ထို့နောက် စပါးရှင်တို့အိမ်တွင်ပင် ထမင်းစား၏။

ည တော်တော်မိုးချုပ်လျှင် လေက်တို့နှင့် ညှိုကြ ထိုင်ရာမှ ထ၏။

"ဘယ်သွားမလို့လဲ"

ဒေါ်ခါကြီးက မေးသည်။

"လှေဆီသွားမလို့လေ။ စပါးတွေနဲ့လှေကို ဒီအတိုင်း ထားလို့ ဘယ်ဖြစ်မလဲ"

ဟု ပြော၏။

ထို့နောက် လှေဆီသို့ ဆင်းခဲ့၏။ လှေတွင်အိပ်ကြ၏။ သို့သော် သူတို့က အကြံသမားများ ဖြစ်သဖြင့် ညနက်၍ ရေတက်လျှင် ထိုးဝါးများကို နုတ်၍ ရေတက်နှင့် လိုက်ခဲ့၏။

"အင်း . . . ဒီတစ်ခါတော့ တို့ ပွပြီ"

"ငွေတွေရတာထက် တို့ကို ကျေခဲ့တဲ့ သူတို့သားအမိ ကို ပညာပေးလိုက်ရလို့ ပိုကျေနပ်တယ်"

ဟု လေက်တို့က ပြော၏။





သူတို့က ဝါးခယ်မသို့ရောက်လျှင် လှေ[illegible] များကို ရောင်းယုံမက လှေကိုပါ တစ်ပါတည်း ရောင်းလိုက်ကြ လေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## "ပညာကို အဖယောင်ဆောင်"

ပခန်းသား လေက်တို့နှင့် ချိုပါသား ညိုတို့ တစ်နေ့ရာသို့ ရောက်လျှင် တစ်မျိုးလိမ်ဖို့ စဉ်းစားသူများဖြစ်၏။ ယခုသူတို့ ဓါးခယ်မသို့ရောက်လျှင် လိမ်နည်းတစ်မျိုး ထွင်ပြန်၏။

သည်အခါတွင် လေက်တိုက ဘိုးသူတော်လုပ်၍၊ ညိုက ဆေးဆရာလုပ်လေ၏။ ဘိုးသူတော် လေက်တိုက ကျောင်းတိုက်တစ်ခုအနီးတွင်ရှိသည့် ဇရပ်တွင် တည်းခိုပြီး၊ ညိုက ဆေးဆရာအဖြစ်နှင့် ရှာရိုးလျှောက်၏။

တစ်နေ့ . . . ။





ထိုနေ့က ဥပုသ်နေ့ဖြစ်၏။

ဇရပ်ပေါ်တွင် လူကြီးလူကောင်းများ စုံလင်နေ၏။ ထိုသို့ လူကြီးလူကောင်းစုံသည့်နေ့တွင် ဘိုးသူတော်ထံသို့ ဆေးဆရာညို ရောက်လာ၏။ ဗေဒင်မေး၏။

ဘိုးသူတော်က ဇာတာစတွက်ပြီး . . .

"မောင်ရင့်အမျိုးက အဘ မင်းမျိုး၊ အမိ ကုန်သည်မျိုးပဲ"

ဟု ပြော၏။

"မောင်ဟာ ပညာကြိုးကြိုးရတာမို့ ဆေးဆရာဖြစ်ရမည်"

ညိုက . . .

"ကျွန်တော် ဆေးဆရာပါ"

"မောင်ရင့်ဇာတာမှာ အင်္ဂါနဲ့ အုပ်ကာသစ်ဖြစ်နေတာမို့ မောင်ရင် ကုသမှ လူတွေ ရောဂါပျောက်ကင်းလိမ့်မယ်"

ညိုက . . .

"မှန်ပါတယ်။ ကျွန်တော် ဆေးလောကမှာ ကျင်လည်နေတာ အနှစ် နှစ်ဆယ်ရှိပါပြီ။ အဖိုတ်အစင် မရှိခဲ့ပါဘူး"

"မောင်ရင့်မူလဇာတာမှ စန်းနှင့် စန်းနဝင်းကောင်းလို့ လာဘ်လာဘများမယ်။ ဒါပေမယ့် မောင်ရင်ဟာ အလှူဒါန



www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါလို့ ရသလောက် အဖတ်မတင်ဘူး"

"မှန်ပါတယ်"

"ဒါဆို မောင်ရင်မေးလိုတာ မေးပါ"

ဟု ဆို၏။ ထိုအခါ ညီကြ . . .

"အစိက ကျွန်တော် မေးလိုတာက ရွှေပျောက်တဲ့ ကိစ္စပါ"

ဟု ဆို၏။ ဘိုးသူတော်သည် ကျောက်သင်ပုန်းတွင် ကံ့ကူတံနှင့် တွက်ချက်ပြီး ပြုံးလျက် . . .

"မောင်ရင့်ရွှေကို သုံးတောင်ဝတ် မိန်းမသားက ခိုးတာပဲ"

ဟု ပြောလိုက်လျှင် ညီကြ . . .

"မှန်လိုက်လေ ဆရာရယ်။ ကျွန်တော့်ရွှေကို ခိုးတာ ကျွန်တော့်မယားကပါတဲ့ မယားပါသမီးလေ။ သူပဲ ရွှေကို ယူပြီး ထွက်ပြေးတာ"

ဟု ဆို၏။

သူပြောဆိုပုံကို ဥပုသ်စရပ်ရှိ လူအများ က ဂရုစိုက်နားထောင်နေကြ၏။

"အင်း . . . ဒီအတိုင်းဆို ဒီဘိုးသူတော်က မှန်လှချည်လား။ ဥပုသ်ထွက်မှ မေးရဦးမယ်"





ဟု တွေးကြ၏။

♠ ♠ ♠

ဘိုးသူတော်အား ညီကြ ငွေခွက်နှင့် ပူဇော်ကန်တော့လေသည်။

"မောင်ရင့်ကိုလည်း အဆောင်ကလေး ပေးရတာပေါ့"

ဟု ဆိုပြီး ငွေလက်ဖွဲ့နှင့် ငွေလုံးကလေးတစ်လုံးကို ပေးသည်။

"ကျွန်တော် ဘယ်လိုသုံးဆောင်ရမလဲ ဦးသူတော်"

ညီကြ မေးသည်။

"လက်ဖွဲ့ကတော့ စကားအရာ အောင်နိုင်အောင်ပဲ။ စကားပြောရင် လက်ဖွဲ့ကို ငုံပြီးပြော၊ ဩဇာအာဏာကြီးတယ်ကွဲ့။ ပြောတိုင်း အောင်စေရမယ်။ ငွေလုံးကလေးကတော့ သေတ္တာထဲ ထည့်ထားရင် ငွေတိုးတတ်တယ်"

ဟု ရှင်းပြသည်။ ညီကြ . . .

"ကျွန်တော် တလေးတစား တရိုတသေ ဆောင်ပါ့မယ် ဦးသူတော်"

ဟု ဆိုသည်။

♠ ♠ ♠



www.burmeseclassic.com

## “အတောက်ပြောသူ၊ အတာတ်ဟောသူ”

ပခန်းသား လေက်တို၊ ချိုပါသား ညို၊တို့သည် ညာထိန်ညာထိန်နက်များသလို၊ လိမ်လည်လှည့်စားသည့်နေရာတွင် သူတကာထက် ထူးခြားသူဟု ဆိုရမည်။ သူတို့က အရိုက်အဆက်မိပြီး အကွက်ဆင် တော်သူများလည်းဖြစ်၏။

ဗေဒင်ဆရာ ဘိုးသူတော်အဖြစ် အယောင်ဆောင်နေသည့် လေက်တို၏ သတင်းသည် တစ်နေ့တစ်ခြား ထင်ရှားကျော်ကြားလာ၏။

ယင်းသို့ ကျော်ကြားလာအောင်လည်း သူတို့က ဖန်တီးယူထားသည်။





ညိုသည် ညအချိန်တွင် အိပ်သည်မရှိ။

ညိုသည် ညဆိုလျှင် ရွာစဉ်လှည့်၍ ကျွဲများ၊ နွားများကို ခိုး၏။ တောတစ်နေရာတွင် ချည်နှောင်ထား၏။ ထို့နောက် ညတွင်းချင်းပင် ဘိုးသူတော်နှင့် တွေ့၏။

ကျွဲများ၏ အရောင်အသွေး၊ ရှိသောအရပ်၊ ပျောက်သောအရပ်ကို အသေအချာ ပြောပြသည်။

“ကျုပ်ပြောတာ သေသေချာချာ မှတ်ထားနော်”

“စိတ်ချပါ”

ဘိုးသူတော်သည် နာမည်ကြီးနေသဖြင့် ကျွဲ၊နွား ပျောက်သူများသည် တစ်ရက်နှစ်ရက်အတွင်း လာရောက်မေးမြန်းကြ၏။ ဘိုးသူတော်ကလည်း ချက်ကနဲ၊ ဒက်ကနဲ ပြောပြ၏။

ထို့အတူ ဘိုးသူတော်က . . .

“ကျုပ်ဟောတဲ့အတိုင်း မှန်ကန်ရင်၊ ကျုပ်ကို ငွေခွက် တစ်ခွက် ကန်တော့ရမယ်”

ဟု ဆို၏။

မှန်သောသူ များ၏။

ထို့ကြောင့် ဘိုးသူတော်သတင်းက ထင်ရှားကျော်စော၏။ သို့နှယ်ပင် ဦးသူတော်က နပ်လည်းနပ်၏။ သူ့အား



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မသိသောအရာကို မေးလာလျှင် သူက လိုက်ကာနောက်သို့ ဝင်၏။

ပုတီးစိတ်ဟန်ပြု၏။

မျက်စိမှိတ်ကာ ပါးစပ်မှ ပွစိပွစိလုပ်၏။

သူ့သတင်း ထင်ရှားသလို၊ သူ့ထံမှ နတ်ငွေလက်ဖွဲ့ တောင်းသူ၊ ငွေလုံးတောင်းသူများသည် များသည်ထက်များ လာ၏။

♠ ♠ ♠



## "ကျိုး ဘုတ်မြောက်၊ ဘုတ် ကျိုးမြောက်"

"အမလေးဗျ . . . အမလေးဗျ"

တစ်နေ့တွင် ဘိုးသူတော်သည် ရင်ဘတ်ကိုဖိကာ တအားအော်၍ နေလေ၏။

"ဘိုးသူတော် . . . ဘာဖြစ်လို့လဲ"

"ကျုပ် ရင်ဘတ်တွေ အောင့်လှတယ်။ ဒီအတိုင်းဆို ကျုပ် နေရတော့မယ် မထင်ဘူး"

ဟု ဘိုးသူတော်က ပြောသည်။ ထို့ကြောင့် ဘိုးသူတော်၏ တပည့်များသည် ဆေးဆရာ အကျော်အမော်များကို ခေါ်ယူ၍ ကုသကြ၏။ သို့သော် ဘိုးသူတော်၏ ရောဂါက



www.burmeseclassic.com

www.burmeseclassic.com



စိမ်ထားသောရောဂါဖြစ်သဖြင့် ကုတိုင်းမပျောက်ခဲ့။

အချို့က သမားတော်ဖြစ်သော်လည်း ဘိုးသူတော် ကိုယ်တိုင် ဆေးမသောက်ပဲနေသဖြင့် ရောဂါမပျောက်ခဲ့။

"ဘိုးသူတော် ရောဂါမပျောက်ပါလား"

အချို့က စိုးရိမ်ကြ၏။

"ဟုတ်တယ်။ ကျုပ်ရောဂါက ပျောက်ဖို့ မလွယ်ဘူး။ နက္ခတ်ပြိုဟ်သွားတူ ကျုပ်လို အင်္ဂါနံ့ဆရာကမှ ပျောက်လိမ့်မယ်"

ဟု ပြောရာ အားလုံး ဆရာညိုကို သတိရကြ၏။ ဆရာညိုကို လိုက်လံရှာဖွေကြ၏။ ဆရာညိုကို တွေ့လျှင်

"ဘိုးသူတော် အတော် မကျန်းမမာဖြစ်နေလို့၊ ဆရာ့ကို တမ်းတနေတယ်"

ဟု ဆို၏။

"ဟာ . . . ဒါဆို မဖြစ်ဘူး။ ကျုပ် ချက်ခြင်းလိုက်ခဲ့မယ်"

ညိုက ချက်ခြင်းလိုက်ခဲ့၏။

ရေပ်ဝသို့ ရောက်လျှင် ဘိုးသူတော်၏ အော်သံကို ကြားရ၏။ ညိုက ပြုံးပြုံးပျာပျာ အထဲသို့ဝင်ပြီး ဆေးဖျော်တိုက်၏။





ဘိုးသူတော် ဆေးသောက်ရာ ချက်ခြင်းသက်သာသွားဟန်ပြ၏။

"ဆရာရယ် . . . ဆရာ့ကျေးဇူး ကြီးလှပါတယ်"

ဆရာ အတော်များများကုစ၍ မပျောက်သော ဦးသူတော်၏ ရောဂါကို ချက်ခြင်းပျောက်အောင် ကုလိုက်သဖြင့် ညိုသည် ချက်ခြင်း နာမည်ကြီးဆေးဆရာ ဖြစ်သွားသည်။

သို့ဖြင့် ညိုသည် ဝါးခယ်မ၊ ရွှေလောင်း အရပ်တွင် ကျော်ကြားသည့် ဆေးဆရာဖြစ်ခဲ့သလို၊ ဘိုးသူတော်၏ မေဒင်မှန်သည့်သတင်းသည်လည်း မြစ်ရိုးတစ်လျှောက်တွင် ထင်ရှားခဲ့လေသည်။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## "စကားတောင်စားနှင့် လေက်တို၊ ညို၊"

ဘိုးသူတော်အဖြစ် ထင်ရှားနေသော လေက်တိုနှင့် ဆေးဆရာအဖြစ် ထင်ရှားနေသည့် ညိုတို့၏ ရင်ထဲတွင် ပျော်ရွှင်ခြင်းနှင့် တုန်လှုပ်ခြင်း ဝေဒနာကို ပြိုင်တူခံစားရသည်။

အဘယ့်ကြောင့်ဆိုသော် သူတို့သတင်းသည် ရွှေနန်းကျော့ရှင် ဘုရင်မင်းမြတ်၏ ရွှေနားတော်သို့ ပေါက်ကြားပြီး၊ ရွှေလှေ၊ ရွှေလောင်းနှင့်တကွ အခေါ်တော် လွှတ်လိုက်သောကြောင့် ဖြစ်သည်။

မှူးမတ်၊ စစ်သည်ဗိုလ်ပါနှင့် အခေါ်လွှတ်သောကြောင့် ငြင်းပယ်ရှောင်လွှဲလို့ မရ။ ဘုရင်၏အမိန့်ကို မနာခံ





လျှင် သေဒဏ်မဟုတ်လား။ ထို့ကြောင့် လေက်တိုသည် ညိုကို ရှာကာ ခေါ်၍ လိုက်ခဲ့ကြ၏။

သူတို့နှစ်ဦးစလုံးသည် လမ်းခရီးတစ်လျှောက်လုံး မပျော်ကြချေ။

"ညိုရေ . . . ဒီတစ်ခါတော့ ငါတို့ အခက်ကြုံမလား မသိဘူး။ တို့ဟာ တကယ်တော့ ဗေဒင်တတ်သူ မဟုတ်ဘူး။ စားပေါက်ချောင်လို့ လိမ်ညာနေတာ။ ပြီးတော့ မင်းဗြောသလို လုပ်နေရတာဆိုတာလည်း မှတ်အသိပဲ။ အခု ဗေဒင်မေးဖို့ ရှင်ဘုရင်က ခေါ်နေပြီ။ ဘာတွေမေးမလဲ မသိဘူး။ မဟောတတ်လို့ အလွဲဟောမိရင် ပြဿနာပဲ"

ဟု လေက်တိုက ပြော၏။ လေက်တိုစကားကို နားထောင်ရင်း ညို ပြုံး၏။

"မင်းမလဲ တွေးကြောက်နေသကိုး။ ဝက်ဖြစ်မှတော့ မစင်မကြောက်နဲ့တော့ လေက်တို။ တို့ဟာ မြန်မာတစ်ပြည်လုံး လှည့်လိမ်လာတာပဲ။ အခြေအနေနဲ့ အချိန်အခါအရ နည်းပညာဆိုတာ ရှိပါတယ်"

"မင်း ဘယ်လိုစီစဉ်ထားလဲ"

"မင်းကို မေးခွန်းတစ်ခုခုမေးရင် မင်းက တိကျမှန်ကန်ဖို့ နက္ခတ်ကို ကြည့်ဟောရတယ်လို့ ပြော။ ကျန်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါ ကြိုပါ့မယ်"

ဟု ပြောလျှင် ငလက်တို့ အားတက်သွားရလေ၏။

"အေးကွာ၊ သူငယ်ချင်းရယ်။ မင်းကို ငါ အားကိုးပါတယ်။ ကောင်းတူဆိုးဘက် သူငယ်ချင်းတွေမို့ မင်းငါ့ကို ပစ်မထားပါနဲ့"

ဟု ဆို၏။

"စိတ်ချပါကွာ"

ထို့နောက် ငလက်တို့နှင့် ညီငြသည် အရာရှိများခြံရံကာ နန်းတော်တွင်းသို့ ဝင်ခဲ့လေသတည်း။

♠ ♠ ♠

ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်သို့ ရောက်ခဲ့လေပြီ။ ငလက်တို့နှင့် ညီငြတို့၏ စိတ်ထဲတွင် စိုးတထိတ်ထိတ်ဖြစ်နေ၏။ ထိုစဉ် ဘုရင်မင်းမြတ်၏ ဆင့်ခေါ်ချက်ကြောင့် စကားတောင်စားအမတ် ရောက်လာခဲ့၏။

"ရှေ့တော်မှောက် ခစားရောက်ကြောင်းပါ"

စကားတောင်စားအမတ်က လျှောက်ထား၏။

ထိုအခါ ဘုရင်မင်းမြတ်က . . .

"အမတ်ကြီး သူတို့က ဗေဒင်ဆရာ ကျွမ်းကျင်သူများ ဖြစ်တယ်။ ထို့ကြောင့် သူတို့ပညာစွမ်းကို ငါကိုယ်တော်





မြတ် မေးမြန်းလိုသဖြင့် အမတ်ကြီး စိစဉ်ပါ"

ဟု မိန့်တော်မူ၏။

"မှန်လှပါ၊ ကျွန်တော်မျိုး မေးလျှောက်စူးစမ်းပါ့မည်ဘုရား"

ဟု လျှောက်၏။

"ကောင်းပြီ အမတ်ကြီး"

စကားတောင်စား အမတ်ကြီး၏ စိတ်ထဲတွင် . . .

"သူတို့သည် လူရှုပ်လူပွေများ၊ လူလိမ်များ ဖြစ်သော်လည်း ယခု လာရောက်ခြင်းသည် မိမိကို ချီးမြှောက်ရန် လာရောက်ခြင်းသာ ဖြစ်နိုင်သည်။

ထို့ကြောင့် "သူတို့ သိသည်ကိုသာ မေးမည်" ဟု ဆုံးဖြတ်၏။ သို့နှယ်ပင် ငလက်တို့နှင့် ညီငြကလည်း . . .

"စကားတောင်စားအမတ်သည် ယခုအခါတွင် အမတ်ကြီး ဖြစ်နေသော်လည်း ယခင်က ကျောင်းနေဘက်များ ဖြစ်နေသဖြင့် ငါတို့ ဒုက္ခကြုံအောင် လုပ်မည်မဟုတ်"

ဟု စဉ်းစားမိသဖြင့် ဝမ်းသာရ၏။

ထို့နောက် တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ရ၏။

"ကဲ . . . ဘိုးသူတော်ကြီး၊ ဘိုးသူတော်ကြီးက ဗေဒင်ဟောရာမှာ မှန်ကန်လှတယ်လို့ စကားရှိတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် မေးလိုတယ်"

ဟု ဆို၏။

"မေးပါ အမတ်ကြီး"

"ယခု ငါမေးမှာက အခြားမဟုတ်"

ဟု ဆိုပြီး လက်တွင် ဝတ်ဆင်ထားသည့် ဝါး အမြူတေ လက်စွပ်ကို ချွတ်ကာ ဘိုးသူတော်ကို ပြ၏။

ဘိုးသူတော်သည် လက်စွပ်ကို မြင်လျှင် ဝမ်းသာသွား၏။

"ဒီလက်စွပ်က ဘာလက်စွပ်ဖြစ်သည်ကို ဟောပါ"

ဟု မေး၏။

လေက်တိုက အာရုံပြုဟန် မျက်စိမှိတ်ပြီး . . .

"အမတ်ကြီး ဤလက်စွပ်က သာမန်လက်စွပ် မဟုတ်။ သူတော်စင် သူတော်မြတ်များ ပေးသည့် လက်စွပ်ဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤလက်စွပ်သည် ဝါး မှရသော အမြူတေ ရတနာဖြစ်သောကြောင့်တည်း"

ဟု ဆို၏။

"ဤလက်စွပ် ကျွန်ုပ်လက်သို့ရောက်သည်မှာ ကာလ အဘယ်မျှ ကြာသည်ဆိုတာကို ဟောပါ"

ဟု ဆို၏။





"နှစ်ကာလအရ နှစ်ဆယ်ကျော်ပြီဟု ဆိုရပါမည် အမတ်ကြီး"

ဟု ဆိုလျှင် စကားတောင်စား အမတ်က . . .

"မှန်ကန်ပေသည်"

ဟု ဆို၏။ သည်ကဲ့သို့ပင် ဒီလက်စွပ်အကြောင်းနှင့် ပတ်သက်၍ စကားတောင်စားအမတ် ပြောပြသဖြင့် ဘုရင်မင်းမြတ် သိထားပြီးဖြစ်၍ ကျေနပ်သွားရလေ၏။

ဘုရင်က . . .

"မှန်လှသည်"

ဟု မိန့်တော်မူပြီး ဆုလာဘ်များ ပေးသနားကာ ဥယျာဉ်တော်၌ ကျောင်းဆောက်ကိုးကွယ်ထား၏။ ထို့အတူ ဘိုးသူတော်အား . . .

"အကြီးအကျယ်ကိုးကွယ်မှသာ မေမြန်းရမည်။ အသေး အမွှား မမေးရ"

ဟု အမိန့်ချမှတ်၏။

♠ ♠ ♠

တစ်နေ့သ၌ စကားတောင်စားအမတ်သည် လေက်တိုနှင့် ညီကို တွေ့၏။

"မိတ်ဆွေတို့ သင်တို့က ငါနှင့် သူငယ်ချင်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သလို၊ ကျောင်းနေဘက်များလည်း ဖြစ်၏။ အကြောင်းသိများလည်း ဖြစ်၏။ သင်တို့၏ ဖြတ်သန်းမှု ဘဝအတွေ့အကြုံအရ ကောင်းမှုနှင့် မကောင်းမှုကို ခွဲခြားသိနိုင်လောက်ပြီဟု ထင်၏။ မကောင်းမှုကို မကောင်းမှန်းသိလျှင် စွန့်ပယ်ရမည်။ ကောင်းမှုမှန်းသိလျှင် ဖက်တွယ်ရမည်။ သည်အချိန်က သင်တို့ ပြုပြင်ရန် အကောင်းဆုံးအချိန်ဖြစ်၏"

ဟု ဆို၏။

"မှန်ပါတယ် အမတ်ကြီး"

ဟု ဆို၏။ ညီကလည်း . . .

"စိတ်ချပါ အမတ်ကြီး။ ယခုအချိန်မှစ၍ ကျွန်တော်တို့သည် မကောင်းမှုကို စွန့်ပယ်ပြီး ကောင်းမှုနှင့် ယှဉ်တွဲကာ လောကကောင်းကျိုးကို သယ်ပိုးမည်ဟု ကတိပြုပါသည်"

ဟု ဆို၏။

ထိုအခါ စကားတောင်စားအမတ်က . . .

"ကောင်းလေစွ၊ ကောင်းလေစွ"

ဟု ဆို၏။

တစ်ဦးကို တစ်ဦး ပြုံးကြည့်လိုက်လေသတည်း။

♠ ♠ ♠





"နိဂုံး"
သို့မဟုတ်
"စာပေအာဟာရ"

စကားတောင်စား ဝတ္ထုသည် ဝန်စာရေး ဦးကြီးရေးသည့် စာအုပ်ဖြစ်သည်။ ခေတ်ဟောင်းမှ ထုတ်ဝေသည့် စာအုပ်ဖြစ်သဖြင့် စာပေအရေးအသား ရိုးစင်း၍ စကားပြေရှည်လျားသည်ဟု ဆိုရမည်။

သို့သော် . . . ထိုစာအုပ်တွင် ထွန်းပသည့် အမြင်နှင့် ဗဟုသုတ ပြည့်စုံသည်။ ခေတ်လူငယ်များအတွက် ဖတ်သင့်သည့် စာအုပ်ဖြစ်သည်။ စာပေအာဟာရတစ်ခုဟုလည်း ဆိုနိုင်သည်။

ထို့ကြောင့် နောင်းလူငယ်များအတွက် အကျိုးဖြစ်ထွန်းစေရန် အလို့ငှာ သည်စာအုပ်ကို ခေတ်စကားပြေနှင့် ပြန်လည်ရေးသားရသည်။

ချွတ်ယွင်းတိမ်းပါးမှုပါလျှင် ပြန်လည်ပြုစုသူ၏ ချွတ်ယွင်းချက်ဟု ဆိုရမည်။

မည်သို့ဆိုစေ စာပေအာဟာရ ပြည့်ဝသည့် စာတစ်အုပ်ကို ပြုစုခွင့်ရသဖြင့် ကျေနပ်ရသည်။

စာချစ်သူများရဲ့ . . . .



www.burmeseclassic.com